# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၇ - ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (ယုတ်ညံ့သော တရားများကို ဝေဖန်၍ ပြသော ဝိဘင်း)


၁ - **ဧကကမာတိကာ** (တစ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၂ - **ဒုကမာတိကာ** (နှစ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၃ - **တိကမာတိကာ** (သုံးပါးစုတရားများကို အကျဉ်းပြခြင်း)

၄ - **စတုက္ကမာတိကာ** (လေးပါးစုတရားများကို အကျဉ်းပြခြင်း)

၅ - **ပဉ္စကမာတိကာ** (ငါးပါးစုတရားများကို အကျဉ်းပြခြင်း)

၆ - **ဆက္ကမာတိကာ** (ခြောက်ပါးစုတရားများကို အကျဉ်းပြခြင်း)

၇ - **သတ္တကမာတိကာ** (ခုနစ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၈ - **အဋ္ဌကမာတိကာ** (ရှစ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၉ - **နဝကမာတိကာ** (ကိုးပါးစုတရားများကို အကျဉ်းပြခြင်း)

၁၀ - **ဒသကမာတိကာ** (ဆယ်ပါးစုတရားများကို အကျဉ်းပြခြင်း)

**တဏှာဝိစရိုက် ၁၀၈-ပါး, ဒိဋ္ဌိ ၆၂-ပါးတို့ကို အကျဉ်းပြခြင်း**


------

# ၁၇ - ခုဒ္ဒကဝတ္ထုဝိဘင်

**၁ - ဧကကနိဒ္ဒေသ** (တစ်ပါးစုတရားများကို အကျယ်ဖွင့်ပြခြင်း)

မာန်ယစ်မှု 'မဒ'အမျိုးမျိုး

မာန်ယစ်မှု 'မဒ'

မေ့လျော့မှု 'ပမာဒ'

ခိုင်မာမှု 'ထမ္ဘ'

ခြုတ်ခြယ်မှု 'သာရမ္ဘ'

အလွန်အလိုရှိမှု 'အတြိစ္ဆတာ'

အလိုကြီးမှု 'မဟိစ္ဆတာ'

ယုတ်မာသော အလိုရှိမှု 'ပါပိစ္ဆတာ'

ကိလေသာဦးချိုထောင်မှု 'သိင်္ဂ'

အလိုပြင်းထန် စားမာန်ခုတ်မှု 'တိန္တိဏ'

လျှပ်ပေါ်မှု 'စာပလျ'

သဘာဂမဟုတ်သောနေမှု 'အသဘာဂဝုတ္တိ'

မမွေ့လျော်ခြင်း 'အရတိ'

ပျင်းရိမှု 'တန္ဒီ'

အပျင်းဆန့်မှု 'ဝိဇမ္ဘိတာ'

ထမင်းဆီယစ်ခြင်း 'ဘတ္တသမ္မဒ'

စိတ်၏တွန့်မှု 'စေတသောလီနတ္တ'

ဟန်ဆောင်မှု 'ကုဟနာ'

လာဘ်ချူမှု 'လပနာ'

နိမိတ်ပြမှု 'နေမိတ္တိကတာ'

အတင်းအကြပ်ပြောခြင်း 'နိပ္ပေသိကတာ'

လာဘ်မျှားခြင်း

မြတ်၏ဟု မှတ်ထင်မှု 'သေယျမာန်'

တူ၏ဟု မှတ်ထင်မှု 'သဒိသမာန်'

ယုတ်၏ဟု မှတ်ထင်မှု 'ဟီနမာန်'

# ၁၇ - ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

**၁ - ဧကကနိဒ္ဒေသ** (တစ်ပါးစုတရားများကို အကျယ်ဖွင့်ပြခြင်း)

မြတ်သူ၌ ဖြစ်သော 'သေယျမာန်'

မြတ်သူ၌ ဖြစ်သော 'သဒိသမာန်'

မြတ်သူ၌ ဖြစ်သော 'ဟီနမာန်'

တူမျှသူ၌ ဖြစ်သော 'သေယျမာန်'

တူမျှသူ၌ ဖြစ်သော 'သဒိသမာန်'

တူမျှသူ၌ ဖြစ်သော 'ဟီနမာန်'

ယုတ်သူ၌ ဖြစ်သော 'သေယျမာန်'

ယုတ်သူ၌ ဖြစ်သော 'သဒိသမာန်'

ယုတ်သူ၌ ဖြစ်သော 'ဟီနမာန်'

ထောင်လွှားမှု 'မာန'

အလွန်ထောင်လွှားမှု 'အတိမာန'

အလွန့်အလွန်ထောင်လွှားမှု 'မာနာတိမာန'

အယုတ်မှတ်ထင်မာန်ထောင်မှု 'ဩမာန'

ရန်ိုးခြင်း 'အဓိမာန'

ငါဟု မှတ်ထင်ထောင်လွှားမှု 'အသ္မိမာန'

မှားသောမာန်ထောင်ခြင်း 'မိစ္ဆာမာန'

ဉာတိဝိတက်

ဇနပဒဝိတက်

အမရဝိတက်

ပရာနုဒ္ဒယဝိတက်

လာဘသက္ကာရဝိတက်

အနဝညတ္တိဝိတက်

------

# ၁၇ - ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

၂ - **ဒုကနိဒ္ဒေသ** (နှစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း)

အမျက်ထွက်မှု 'ကောဓ'

ရန်ငြိုးဖွဲ့မှု 'ဥပနာဟ'

ဂုဏ်ကျေးဇူးကို ခြေဖျက်မှု 'မက္ခ'

မနာလိုမှု 'ဣဿာ'

လှည့်ပတ်မှု 'မာယာ'

ကောက်ကျစ်မှု 'သာဌေယျ'

မသိမှု 'အဝိဇ္ဇာ'

ဘဝမြဲ၏ဟူသောအယူ 'ဘဝဒိဋ္ဌိ'

မြဲ၏ဟူသောအယူ 'သဿတဒိဋ္ဌိ'

အန္တဝါဒိဋ္ဌိ

ပုဗ္ဗန္တာနုဒိဋ္ဌိ

အရှက်မရှိမှု 'အဟိရိက'

ဆုံးမခက်မှု 'ဒေါဝစဿတာ'

မဖြောင့်မတ်ခြင်း 'အနဇ္ဇဝ'

သည်းမခံမှု 'အက္ခန္တိ'

မပြေပြစ်သောစကား 'အသာခလျ'

ဣန္ဒြေမစောင့်ထိန်းမှု

သတိလွတ်မှု 'မုဋ္ဌဿစ္စ'

သီလပျက်စီးမှု 'သီလဝိပတ္တိ'

အဇ္ဈတ္တသံယောဇဉ်

------

# ၁၇ - ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

**၃ - တိကနိဒ္ဒေသ** (သုံးပါးစုတရားများကို အကျယ်ပြဆိုခြင်း)

**(၁) အကုသိုလ်အခြေအမြစ်သုံးပါး**

လိုချင်မှု 'လောဘ'

ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'

တွေဝေမှု 'မောဟ'

**(၂) အကုသိုလ်ဝိတက်သုံးပါး**

ကာမဝိတက်

ဗျာပါဒဝိတက်

ဝိဟိံသာဝိတက်

**(၃) အကုသိုလ်သညာသုံးပါး**

ကာမသညာ

ဗျာပါဒသညာ

ဝိဟိံသာသညာ

**(၄) အကုသိုလ်ဓာတ်သုံးပါး**

ကာမဓာတ်

ဗျာပါဒဓာတ်

ဝိဟိံသာဓာတ်

**(၅) ဒုစရိုက် ၃-ပါး**

ကာယဒုစရိုက်

ဝစီဒုစရိုက်

မနောဒုစရိုက်

**တစ်နည်း ဒုစရိုက် ၃-ပါး**

**(၆) အလွန်ယိုစီးမှု 'အာသဝတရား' သုံးပါး**

ကာမာသဝ

ဘဝါသဝ

အဝိဇ္ဇာသဝ

# ၁၇ - ခုဒ္ဒကဝတ္ထုဝိဘင်

(၇) သံယောဇဉ် သုံးပါး

သက္ကာယဒိဋ္ဌိ

ဝိစိကိစ္ဆာ

သီလဗ္ဗတပရာမာသ

(၈) တဏှာသုံးပါး

ဘဝတဏှာ

ဝိဘဝတဏှာ

ကာမတဏှာ

(၉) တစ်နည်း တဏှာသုံးပါး

(၁၀) တစ်နည်း တဏှာသုံးပါး

(၁၁) ရှာမှီးမှုဧသနာ သုံးပါး

ကာမေသနာ

ဘဝေသနာ

ဗြဟ္မစရိယေသနာ

(၁၂) မာန်ထောင်မှု 'ဝိဓ'သုံးမျိုး

(၁၃) ဘေးသုံးပါး

ဇာတိဘေး

ဇရာဘေး

မရဏဘေး

(၁၄) အမိုက်သုံးပါး

(၁၅) ဆိပ်ကမ်းပမာ တိတ္ထိတို့၏ အယူမှားပေါက်ဖွားရာ အကြောင်းသုံးပါး

ပုဗ္ဗကမ္မဝါဒ

ဣဿရနိမ္မာနဝါဒ

အဟေတုကဝါဒ

(၁၆) ကြောင့်ကြခြင်းသုံးပါး

(၁၉) မညီညွတ်ခြင်းသုံးပါး

(၂၀) တစ်နည်း မညီညွတ်ခြင်းသုံးပါး

(၂၁) မီးသုံးပါး

# ၁၇ - ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

(၂၂) ဖန်ရည်သုံးပါး

(၂၃) တစ်နည်း ဖန်ရည်သုံးပါး

(၂၄) သာယာမှုနှင့်စပ်သော မှားသောအယူ 'အဿာဒဒိဋ္ဌိ'

(၂၅) မမွေ့လျော်မှု 'အရတိ'

ညှဉ်းဆဲခြင်း 'ဝိဟေသာ'

မတရားကျင့်မှု 'အဓမ္မစရိယ'

(၂၆) ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ'

မိတ်ဆွေယုတ်ရှိခြင်း 'ပါပမိတ္တတာ'

အမျိုးမျိုးသော အမှတ်သညာ 'နာနတ္တသညာ'

(၂၇) ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'

ပျင်းရိမှု 'ကောသဇ္ဇ'

မေ့လျော့ခြင်း 'ပမာဒ'

(၂၈) မရောင့်ရဲမှု 'အသန္တုဋ္ဌိတာ'

ပညာမရှိမှု 'အသမ္ပဇညတာ'

အလိုကြီးမှု 'မဟိစ္ဆတာ'

(၂၉) အရှက်မရှိခြင်း 'အဟိရိက'

အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ'

မေ့လျော့မှု 'ပမာဒ'

(၃၀) မရိုသေခြင်း 'အနာဒရိယ'

ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ'

မိတ်ဆွေယုတ်ရှိမှု 'ပါပမိတ္တတာ'

(၃၁) ယုံကြည်မှုမရှိခြင်း 'အဿဒ္ဓိယ'

တောင်းရမ်းအလှူခံပြောဆိုအပ်သည့် စကားကို နားမလည်မှု 'အဝဒညုတာ'

ပျင်းရိမှု 'ကောသဇ္ဇ'

(၃၂) ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'

မစောင့်စည်းမှု 'အသံဝရ'

သီလမရှိမှု 'ဒုဿီလျ'

## ၁၇ - ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

(၃၃) အရိယာတို့ကို မဖူးမြင်လိုမှု

ခြုတ်ခြယ်လိုသော စိတ်ရှိမှု

(၃၄) သတိလွတ်မှု 'မုဋ္ဌဿစ္စ'

ပညာမရှိမှု 'အသမ္ပဇည'

စိတ်လွင့်မှု 'စိတ္တဝိက္ခေပ'

(၃၅) မသင့်မတင့်နှလုံးသွင်းမှု 'အယောနိသော မနသိကာရ'

လမ်းမှားလိုက်မှု 'ကုမ္မဂ္ဂသေဝနာ'

စိတ်တွန့်တိုမှု 'စေတသော လီနတ္တ'

------

## ၁၇ - ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

**၄ - စတုက္ကနိဒ္ဒေသ** (လေးပါးစုတရားများကို အကျယ်ပြဆိုခြင်း)

(၁) အရက်နှင့် တူသော အာသဝတရား

(၂-၅) ဆက်စပ်ထုံးဖွဲ့တတ်သောဂန္ထလေးပါး စသည်

(၆) တဏှာဖြစ်ခြင်း 'တဏှုပ္ပါဒ'လေးပါး

(၇) မလိုက်အပ်သည့်ဘက်သို့ လိုက်ခြင်း 'အဂတိ ဂမန' လေးပါး

(၈) ဖောက်ပြန်သော သဘောတရား လေးပါး

(၉) အရိယာမဟုတ်သူတို့၏ ပြောဆိုခြင်းလေးပါး

(၁၀) တစ်နည်း အရိယာမဟုတ်သူတို့၏ ပြောဆိုခြင်းလေးပါး

(၁၁) ဒုစရိုက်လေးပါး

(၁၂) တစ်နည်း ဒုစရိုက်လေးပါး

(၁၃) ဘေးလေးပါး

(၁၄) တစ်နည်း ဘေးလေးပါး

(၁၅) တစ်နည်း ဘေးလေးပါး

(၁၆) တစ်နည်း ဘေးလေးပါး

(၁၇) ဒိဋ္ဌိလေးပါး

------

# ၁၇ - ခုဒ္ဒကဝတ္ထုပိဘင်

**၅ - ပဉ္စကနိဒ္ဒေသ** (ငါးပါးစုတရားများကို အကျယ်ပြဆိုခြင်း)

(၁) အောက်ပိုင်းသံယောဇဉ် ငါးပါး

(၂) အထက်ပိုင်းသံယောဇဉ် ငါးပါး

(၃) ဝန်တိုခြင်း မစ္ဆရိယ ငါးမျိုး

(၄) ကပ်ငြိခြင်း ငါးပါး

(၅) မြား ငါးပါး

(၆) ဆူး ငါးပါး

(၇) စိတ်အနှောင်အဖွဲ့ ငါးပါး

(၈) ပိတ်ပင် တားဆီးတတ်သောတရား ငါးပါး

(၉) အာနန္တရိကကံ ငါးပါး

(၁၀) မှားသော အယူ ငါးမျိုး

(၁၁) ရန် ငါးပါး

(၁၂) ပျက်စီးခြင်း ငါးပါး

(၁၃) သည်းမခံခြင်း၏ အပြစ် ငါးမျိုး

(၁၄) ဘေး ငါးမျိုး

(၁၅) မျက်မှောက်နိဗ္ဗာန်ဝါဒ ငါးမျိုး

------

# ၁၇ - ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

၆ - **ဆက္ကနိဒ္ဒေသ** (ခြောက်ပါးစုတရားများကို အကျယ်ပြဆိုခြင်း)

(၁) ငြင်းခုန်မှု အခြေခံတရား ခြောက်ပါး

(၂) ပြင်းစွာတပ်မက်မှု ခြောက်ပါး

(၃) ဆန့်ကျင်မှု ဝတ္ထု ခြောက်ပါး

(၄) တဏှာအပေါင်း ခြောက်ပါး

(၅) မရိုသေခြင်း ခြောက်ပါး

(၆) ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါး

(၇) တစ်နည်း ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါး

(၈) ဝမ်းမြောက်ဝမ်းသာဆင်ခြင်ခြင်း ခြောက်ပါး

(၉) ဝမ်းနည်းဆင်ခြင်ခြင်း ခြောက်ပါး

(၁၀) လျစ်လျူရှုဆင်ခြင်မှု ခြောက်ပါး

(၁၁) ကိလေသာအိမ်ကိုမှီသော ဝမ်းမြောက်ခြင်း ခြောက်ပါး

(၁၂) ကိလေသာအိမ်ကိုမှီသော ဝမ်းနည်းခြင်း ခြောက်ပါး

(၁၃) ကိလေသာအိမ်ကိုမှီသော လျစ်လျူရှုခြင်း ခြောက်ပါး

(၁၄) မှားသောအယူ ခြောက်ပါး

------

၇ - **သတ္တကနိဒ္ဒေသ** (ခုနစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း)

အနုသယ

သံယောဇဉ်

ထကြွသောင်းကျန်းမှု 'ပရိယုဋ္ဌာန'

သူယုတ်မာတရား

ဒုစရိုက်တရား

မာန်ထောင်ခြင်း

အယူမှားယွင်းမှု

------

# ၁၇ - ခုဒ္ဒကဝတ္ထုပိဘင်္ဂ

**၈ - အဋ္ဌကနိဒ္ဒေသ** (ရှစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း)

ကိလေသာ

ပျင်းရိခြင်းအကြောင်း

စိတ်ပင်ပန်းကြောင်း လောကဓံတရား

ယုတ်ညံ့သူတို့၏ ပြောဆိုခြင်း

မှားသော သဘောတရား

ယောကျ်ားတို့၏ အပြစ်

အသညီဝါဒ

နေဝသညီနာသညီဝါဒ

------

**နဝကနိဒ္ဒေသ** (ကိုးပါးအစုတရားများကိုအကျယ်ပြဆိုခြင်း)

ရန်ငြိုးဖွဲ့ခြင်းအကြောင်း

ယောကျ်ားတို့၏အညစ်အကြေး

မာန်ထောင်ခြင်း

တဏှာမူလကတရား

တုန်လှုပ်ခြင်း

မှတ်ထင်ခြင်း (မညိတ)

------

**ဒသကနိဒ္ဒေသ** (ဆယ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း)

ကိလေသာဝတ္ထု

ရန်ငြိုးဖွဲ့ကြောင်း

အကုသိုလ်ကမ္မပထတရား

သံယောဇဉ်တရား

မှားသောသဘောတရား

ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ

တစ်ဖက်စွန်းရောက်ဒိဋ္ဌိ 'အန္တဂ္ဂါဟိကဒိဋ္ဌိ'

------

## ၁၇ - ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

တဏှာဖြစ်ခြင်းတို့ကို အကျယ်ပြဆိုခြင်း

အတွင်းသန္တာန်ကို စွဲ၍ တဏှာဖြစ်ခြင်း ၁၈-ပါး

အပသန္တာန်ကို စွဲ၍ တဏှာဖြစ်ခြင်း ၁၈-ပါး

ယုတ်ညံ့သော တရားများကို ဝေဖန်၍ ပြသော

ခုဒ္ဒကဝတ္ထု ဝိဘင်း မာတိကာ ပြီးပြီ။

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၇ - ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (ယုတ်ညံ့သော တရားများကို ဝေဖန်၍ ပြသော ဝိဘင်း)

### ၁ - ဧကကမာတိကာ

### (တစ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၂။ အမျိုးမာန်ယစ်ခြင်း၊ အနွယ်မာန်ယစ်ခြင်း၊ အနာကင်းမှုမာန်ယစ်ခြင်း၊ အရွယ်မာန် ယစ်ခြင်း၊ အသက်ရှည်မှုမာန်ယစ်ခြင်း၊ လာဘ်မာန်ယစ်ခြင်း၊ အရိုအသေပြုမှုမာန်ယစ်ခြင်း၊ အလေးပြုမှု မာန်ယစ်ခြင်း၊ ဦးစီးခေါင်း ဆောင်မာန်ယစ်ခြင်း၊ အခြံအရံမာန်ယစ်ခြင်း၊ စည်းစိမ်မာန် ယစ်ခြင်း၊ အဆင်းမာန်ယစ်ခြင်း၊ အကြားအမြင်မာန်ယစ်ခြင်း၊ ပညာမာန်ယစ်ခြင်း၊ ညဥ့်အပိုင်းအခြားသိမှု (အသက်ကြီးမှု) မာန်ယစ်ခြင်း၊ ဆွမ်းခံမှုမာန်ယစ်ခြင်း၊ အထင်သေးမခံရမှု မာန်ယစ်ခြင်း၊ ဣရိယာပုထ်မာန်ယစ်ခြင်း၊ တန်ခိုးမာန်ယစ်ခြင်း၊ အကျော်အစောမာန်ယစ်ခြင်း၊ သီလမာန်ယစ်ခြင်း၊ ဈာန်မာန်ယစ်ခြင်း၊ အတတ်မာန်ယစ်ခြင်း၊ အရပ်အမောင်းမာန်ယစ်ခြင်း၊ အလုံးအထည်မာန်ယစ်ခြင်း၊ သဏ္ဌာန်မာန်ယစ်ခြင်း၊ အလုံးအရပ် ပြည့်စုံမှုမာန်ယစ်ခြင်း၊ ယစ်ခြင်း ‘မဒ’၊ မေ့လျော့ခြင်း ‘ပမာဒ’၊ ခိုင်မာခြင်း ‘ထမ္ဘ’၊ ခြုတ်ခြယ်ခြင်း ‘သာရမ္ဘ’၊ အလွန်အလိုရှိခြင်း ‘အတြိစ္ဆတာ’၊ အလိုကြီးခြင်း ‘မဟိစ္ဆတာ’၊ ယုတ်မာသော အလိုဆိုးရှိခြင်း ‘ပါပိစ္ဆတာ’၊ ကိလေသာဦးချိုထောင်ခြင်း ‘သိင်္ဂ’၊ အလိုပြင်းထန် စားမာန်ခုတ်ခြင်း ‘တိန္တိဏ’၊ လျှပ်ပေါ်ခြင်း ‘စာပလျ’၊ သဘာဂမဟုတ်သော နေခြင်း ‘အသဘာဂဝုတ္တိ’၊ မမွေ့လျော်ခြင်း ‘အရတိ’၊ ပျင်းရိခြင်း ‘တန္ဒီ’၊ အပျင်းဆန့်ခြင်း ‘ဝိဇမ္ဘိတာ’၊ ထမင်းဆီယစ်ခြင်း ‘ဘတ္တသမ္မဒ’၊ စိတ်၏ တွန့်ခြင်း ‘စေတသောလီနတာ”၊ ဟန်ဆောင်ခြင်း ‘ကုဟနာ’၊ လာဘ်ချူခြင်း ‘လပနာ’၊ နိမိတ်ပြုခြင်း ‘နေမိတ္တိကတာ’၊ အတင်းအကြပ်ပြောခြင်း ‘နိပ္ပေသိကတာ’၊ လာဘ်ဖြင့် လာဘ်ကို ရှာမှီးခြင်း ‘လာဘေန လာဘံ နိဇိဂီသနတာ’၊ ငါမြတ်၏ဟုမှတ်ထင်မှု (ထောင်လွှားမှု) ‘သေယျမာန်’၊ ငါ (သူနှင့်) တူ၏ဟု မှတ်ထင် (ထောင်လွှား) မှု “သဒိသမာန်”၊ ငါ (သူ့အောက်) ယုတ်၏ဟု မာန်ထောင်မှု ‘ဟီနမာန်’၊ မြတ်သော သူ၏ “ငါ (သင့်ထက်) မြတ်၏” ဟု မာန်ထောင်ခြင်း ‘သေယျဿ သေယျမာန်”၊ မြတ်သော သူ၏ “ငါ (သင်နှင့်) တူ၏” ဟု မာန်ထောင်ခြင်း ‘သေယျဿ သဒိသမာန်’၊ မြတ်သော သူ၏ “ငါ (သင့်အောက်) ယုတ်၏” ဟု မာန်ထောင်ခြင်း ‘သေယျဿ ဟီနမာန်’၊ တူသော သူ၏ “ငါ (သင့်ထက်) မြတ်၏” ဟု မာန်ထောင်ခြင်း ‘သဒိသဿ သေယျမာန်’၊ တူသော သူ၏ “ငါ (သင်နှင့်) တူ၏”ဟု မာန်ထောင်ခြင်း ‘သဒိသဿသဒိသမာန်’၊ တူသော သူ၏ “ငါ (သင့်အောက်) ယုတ်၏”ဟု မာန်ထောင်ခြင်း ‘သဒိသဿ ဟီနမာန်’၊ ယုတ်သော သူ၏ “ငါ (သင့်ထက်) မြတ်၏”ဟု မာန်ထောင်ခြင်း ‘ဟီနဿ သေယျမာန်’၊ ယုတ်သောသူ၏ “ငါ (သင်နှင့်) တူ၏”ဟု မာန်ထောင်ခြင်း ‘ဟီနဿ သဒိသမာန်’၊ ယုတ်သော သူ၏ “ငါ (သင့်အောက်) ယုတ်၏”ဟု မာန်ထောင်ခြင်း ‘ဟီနဿ ဟီနမာန်’၊

မာန်ထောင်ခြင်း ‘မာန’၊ အလွန်မာန်ထောင်ခြင်း ‘အတိမာန’၊ အလွန့်အလွန် မာန်ထောင်ခြင်း ‘မာနာတိမာန’၊ အယုတ်အားဖြင့် မာန်ထောင်ခြင်း ‘ဩမာန’၊ ရနိုးခြင်း ‘အဓိမာန’၊ ငါဖြစ်၏ဟု မာန်ထောင်ခြင်း ‘အသ္မိမာန’၊ မှားသောမာန်ထောင်ခြင်း ‘မိစ္ဆာမာန’၊ ဆွေမျိုးတို့ကို အကြောင်းပြု၍ ကြံခြင်း ‘ဉာတိဝိတက်’၊ ဇနပုဒ်ကို ကြံခြင်း ‘ဇနပဒဝိတက်’၊ မသေသည်ကို ကြံခြင်း ‘အမရဝိတက်’၊ သူတစ်ပါးကို သနားခြင်းနှင့် စပ်သောကြံခြင်း “ပရာနုဒ္ဒယတာ ပဋိသံယုတ္တဝိတက်”၊ လာဘ်သပ်ပကာ ပူဇော်သက္ကာရ အကျော်အစောနှင့်စပ်သောကြံခြင်း ‘လာဘ သက္ကာရ သိလောက ပဋိသံယုတ္တဝိတက်’၊ အထင်မသေးမှုနှင့် စပ်သောကြံခြင်း ‘အနဝညတ္တိပဋိသံယုတ္တဝိတက်’တို့တည်း။

**တစ်ပါးစုတရားများကို အကျဉ်းပြခြင်းပြီး၏။**

------

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ၂ - ဒုကမာတိကာ

## (နှစ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၃။ အမျက်ထွက်မှု ‘ကောဓ’နှင့် ရန်ငြိုးဖွဲ့မှု ‘ဥပနာဟ’သည် ရှိ၏။ ဂုဏ်ကျေးဇူးကို ချေဖျက်မှု ‘မက္ခ’နှင့် အပြိုင်ပြုမှု ‘ပဠာသ’သည် ရှိ၏။ မနာလိုမှု ‘ဣဿာ’နှင့် ဝန်တိုမှု ‘မစ္ဆရိယ’သည် ရှိ၏။ လှည့်ပတ်မှု ‘မာယာ’နှင့် ကောက်ကျစ်စဉ်းလဲမှု ‘သာဌေယျ’သည် ရှိ၏။ မသိမှု ‘အဝိဇ္ဇာ’နှင့် ဘဝကို တပ်မက်မှု ‘ဘဝတဏှာ’သည် ရှိ၏။ ဘဝသည် မြဲ၏ဟူသော အယူ ‘ဘဝဒိဋ္ဌိ’နှင့် ဘဝသည် ကင်းပြတ်၏ဟူသော အယူ ‘ဝိဘဝဒိဋ္ဌိ’ သည် ရှိ၏။ မြဲ၏ဟူသော အယူ ‘သဿတဒိဋ္ဌိ’နှင့် ပြတ်၏ဟူသော အယူ ‘ဥစ္ဆေဒဒိဋ္ဌိ’ သည် ရှိ၏။ အဆုံးရှိ၏ဟူသော အယူ ‘အန္တဝါဒိဋ္ဌိ’နှင့် အဆုံးမရှိဟူသောအယူ ‘အနန္တဝါဒိဋ္ဌိ’ သည် ရှိ၏။ ရှေ့အဖို့သို့ အစဉ်လိုက်သော အယူ ‘ပုဗ္ဗန္တာနုဒိဋ္ဌိ’နှင့် နောက်အဖို့သို့အစဉ်လိုက်သော အယူ ‘အပရန္တာနုဒိဋ္ဌိ’ သည် ရှိ၏။ အရှက်မရှိမှု ‘အဟိရိက’ နှင့် အကြောက်အလန့်မရှိမှု ‘အနောတ္တပ္ပ’သည် ရှိ၏။ ဆိုဆုံးမခက်မှု ‘ဒေါဝစဿတာ’နှင့် မကောင်းသော အဆွေခင်ပွန်းရှိမှု ‘ပါပမိတ္တတာ’ သည် ရှိ၏။ မဖြောင့်မတ်မှု ‘အနဇ္ဇဝ’နှင့် မနူးညံ့မှု ‘အမဒ္ဒဝ’ သည် ရှိ၏။ သည်းမခံမှု ‘အက္ခန္တိ’နှင့် ကောင်းသော အမှု၌ မမွေ့လျော်မှု ‘အသောရစ္စ’သည် ရှိ၏။ မပြေပြစ်သောစကား ‘အသာခလျ’နှင့်မစေ့စပ်မှု ‘အပ္ပဋိသန္ထာရ’ သည် ရှိ၏။ ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိမှု‘ဣန္ဒြိယေသု အဂုတ္တဒွါရတာ’ နှင့် ဘောဇဉ်၌ အတိုင်းအရှည် မသိမှု ‘ဘောဇနေ အမတ္တညုတာ’သည် ရှိ၏။ သတိလွတ်မှု ‘မုဋ္ဌဿစ္စ’နှင့် ပညာမရှိမှု ‘အသမ္ပဇည’ သည် ရှိ၏။ သီလပျက်စီးမှု ‘သီလဝိပတ္တိ’ နှင့် အယူပျက်စီးမှု ‘ဒိဋ္ဌိဝိပတ္တိ’ သည် ရှိ၏။ မိမိ သန္တာန်၌ ဖြစ်သော သံယောဇဉ် ‘အဇ္ဈတ္တသံယောဇန’နှင့် သူတစ်ပါးသန္တာန်၌ ဖြစ်သော သံယောဇဉ် ‘ဗဟိဒ္ဓါသံယောဇန’ သည် ရှိ၏။

**နှစ်ပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။**

------

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ၃ - တိကမာတိကာ

## (သုံးပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၄။ အကုသိုလ်အခြေခံသုံးပါးသည် ရှိ၏။ အကုသိုလ်ဝိတက်သုံးပါးသည် ရှိ၏။ အကုသိုလ်သညာသုံးပါးသည် ရှိ၏။ အကုသိုလ်ဓာတ်သုံးပါးသည် ရှိ၏။ ဒုစရိုက်သုံးပါးသည် ရှိ၏။ အာသဝသုံးပါးသည် ရှိ၏။ သံယောဇဉ်သုံးပါးသည် ရှိ၏။ တပ်မက်ခြင်း 'တဏှာ' သုံးပါးသည် ရှိ၏။ တစ်နည်း တပ်မက်ခြင်း 'တဏှာ' သုံးပါးသည် ရှိ၏။ ရှာမှီးခြင်း သုံးပါးသည် ရှိ၏။ မာန်ထောင်ခြင်းသုံးပါးသည် ရှိ၏။ ဘေးသုံးပါးသည် ရှိ၏။ အမိုက်သုံးပါးသည် ရှိ၏။ ဆိပ်ကမ်းသုံးပါးသည် ရှိ၏။ ကြောင့်ကြခြင်း သုံးပါးသည် ရှိ၏။ ကိလေသာသုံးပါးသည် ရှိ၏။ အညစ်အကြေးသုံးပါးသည် ရှိ၏။ မညီညွတ်ခြင်းသုံးပါးသည် ရှိ၏။ တစ်နည်း မညီညွတ်ခြင်းသုံးပါးသည် ရှိ၏။ မီးသုံးပါးသည် ရှိ၏။ ဖန်ရည်သုံးပါးသည် ရှိ၏။ တစ်နည်း

ဖန်ရည်သုံးပါးသည် ရှိ၏။ သာယာမှုနှင့် စပ်သော အယူ 'အဿာဒဒိဋ္ဌိ'၊ အတ္တကို စွဲ၍ ဖြစ်သော အယူ 'အတ္တာနုဒိဋ္ဌိ'၊ မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ'သည် ရှိ၏။ မမွေ့လျော်မှု 'အရတိ'၊ ညဉ်းဆဲမှု 'ဝိဟေသာ'၊ မတရားကျင့်မှု 'အဓမ္မစရိယ'သည် ရှိ၏။ ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ'၊ မိတ်ဆွေယုတ်ရှိခြင်း 'ပါပမိတ္တတာ'၊ အမျိုးမျိုးသော အမှတ်သညာရှိမှု 'နာနတ္တသညာ'သည် ရှိ၏။ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ ပျင်းရိမှု 'ကောသဇ္ဇ'၊ မေ့လျော့မှု 'ပမာဒ'သည် ရှိ၏။ မရောင့်ရဲမှု 'အသန္တုဋ္ဌိတာ'၊ ပညာမရှိမှု 'အသမ္ပဇညတာ'၊ အလိုကြီးမှု 'မဟိစ္ဆတာ'သည် ရှိ၏။ အရှက်မရှိမှု 'အဟိရိက'၊ အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ'၊ မေ့လျော့မှု 'ပမာဒ'သည် ရှိ၏။ မရိုသေမှု 'အနာဒရိယ'၊ ဆိုဆုံးမ ခက်မှု 'ဒေါဝစဿတာ'၊ မိတ်ဆွေယုတ်ရှိမှု 'ပါပမိတ္တတာ'သည် ရှိ၏။ ယုံကြည်မှုမရှိခြင်း 'အသဒ္ဓိယ'၊ ပြောဆိုသည်ကို နားမလည်မှု 'အဝဒညုတာ'၊ ပျင်းရိမှု 'ကောသဇ္ဇ'သည် ရှိ၏။ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မစောင့်စည်းမှု 'အသံဝရ'၊ သီလမရှိမှု 'ဒုဿီလျ'သည် ရှိ၏။ အရိယာတို့ကိုမဖူးမြင်လိုမှု 'အရိယာနံအဒဿနကမျတာ'၊ သူတော်ကောင်းတရားကို မနာကြားလိုမှု 'သဒ္ဓမ္မံ အသောတုကမျတာ'၊ ခြုတ်ခြယ်လိုသော စိတ်ရှိမှု 'ဥပါရမ္ဘစိတ္တတာ' သည် ရှိ၏။ သတိလွတ်မှု 'မုဋ္ဌဿစ္စ'၊ ပညာမရှိမှု 'အသမ္ပဇည'၊ စိတ်ပျံ့လွင့်မှု 'စေတသောဝိက္ခေပ'သည် ရှိ၏။ မသင့်မတင့် နှလုံးသွင်းမှု 'အယောနိသော မနသိကာရ'၊ လမ်းမှားလိုက်မှု 'ကုမ္မဂ္ဂသေဝနာ'၊ စိတ်တွန့်တိုမှု 'စေတသော လီနတ္တ'သည် ရှိ၏။

**သုံးပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။**

------

# ခုဒ္ဒကဝတ္ထုဝိဘင်

## ၄ - စတုက္ကမာတိကာ

## (လေးပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၅။ အာသဝလေးပါးသည် ရှိ၏။ ဂန္ထလေးပါးသည် ရှိ၏။ ဩဃလေးပါးသည် ရှိ၏။ ယောဂလေးပါးသည် ရှိ၏။ ဥပါဒါန်လေးပါးသည် ရှိ၏။ တဏှာဖြစ်ခြင်း လေးပါးသည် ရှိ၏။ မလိုက်အပ်သည့်ဘက်သို့ လိုက်ခြင်း 'အဂတိ'လေးပါးသည် ရှိ၏။ ဖောက်ပြန်သော သဘောတရား လေးပါးသည် ရှိ၏။ အရိယာမဟုတ်သူတို့၏ ခေါ်ဝေါ်ပြောဆိုခြင်းလေးပါးသည် ရှိ၏။ တစ်နည်း အရိယာမဟုတ်သူတို့၏ ခေါ်ဝေါ်ပြောဆိုခြင်း လေးပါးသည် ရှိ၏။ ဒုစရိုက်လေးပါးသည် ရှိ၏။ တစ်နည်း- ဒုစရိုက်လေးပါးသည် ရှိ၏။ ဘေးလေးပါးသည် ရှိ၏။ တစ်နည်း- ဘေးလေးပါးသည် ရှိ၏။ ဒိဋ္ဌိလေးပါးသည် ရှိ၏။

**လေးပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။**

------

## ၅ - ပဉ္စကမာတိကာ

## (ငါးပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၆။ အောက်မင်္သည် ပယ်အပ်သော အဖွဲ့ရှိသော သံယောဇဉ်ငါးပါးတို့သည် ရှိကုန်၏။ အထက်မင်္သည် ပယ်အပ်သော အဖွဲ့ရှိသော သံယောဇဉ်ငါးပါးတို့သည် ရှိကုန်၏။ ဝန်တိုခြင်းငါးပါးတို့သည် ရှိကုန်၏။ ငြောင့်ငါးပါးတို့သည် ရှိကုန်၏။ မြားငါးပါးတို့သည် ရှိကုန်၏။ စိတ်တံသင်းငါးပါးတို့သည်ရှိကုန်၏။ စိတ်အနှောင်အဖွဲ့ငါးပါးတို့သည် ရှိကုန်၏။ နီဝရဏငါးပါးတို့သည် ရှိကုန်၏။ အခြားမဲ့ဘဝ၌ အကျိုးပေးသော ကံငါးပါးတို့သည် ရှိကုန်၏။ ဒိဋ္ဌိငါးပါးတို့သည် ရှိကုန်၏။ ရန်ငါးပါးတို့သည် ရှိကုန်၏။ ပျက်စီးခြင်းငါးပါးတို့သည် ရှိကုန်၏။ သည်းမခံခြင်း၏ အပြစ်ငါးပါးတို့သည် ရှိကုန်၏။ ဘေးငါးပါးတို့သည် ရှိကုန်၏။ မျက်မှောက်ဘဝ၌ နိဗ္ဗာန်ကိုဆိုသော စကားငါးပါးတို့သည် ရှိကုန်၏။

**ငါးပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။**

------

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ၆ - ဆက္ကမာတိကာ

## (ခြောက်ပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၇။ ငြင်းခုန်မှုအခြေအမြစ် ခြောက်ပါးတို့သည် ရှိကုန်၏။ ပြင်းစွာတပ်မက်မှု ခြောက်ပါးတို့သည် ရှိကုန်၏။ ဆန့်ကျင်မှုဝတ္ထု ခြောက်ပါးတို့သည် ရှိကုန်၏။ တဏှာအပေါင်း ခြောက်ပါးတို့သည် ရှိကုန်၏။ မရိုသေခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။ ဆုတ်ယုတ်ကြောင်း တရား ခြောက်ပါးတို့သည် ရှိကုန်၏။ တစ်နည်း- ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါးတို့သည် ရှိကုန်၏။ ဝမ်းမြောက်မှုနှင့်တကွ ဆင်ခြင်ခြင်း ခြောက်ပါး တို့သည် ရှိကုန်၏။ နှလုံးမသာယာမှု နှင့်တကွ ဆင်ခြင်ခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။ လျစ်လျူရှုမှု နှင့်တကွ ဆင်ခြင်ခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။ ကာမဂုဏ်ကိုမှီသော ဝမ်းမြောက်ခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။ ကာမဂုဏ်ကို မှီသော နှလုံးမသာယာခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။ ကာမဂုဏ်ကို မှီသော လျစ်လျူရှုခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။ ဒိဋ္ဌိခြောက်ပါးတို့သည် ရှိကုန်၏။

**ခြောက်ပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။**

------

## ၇ - သတ္တကမာတိကာ

## (ခုနစ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၈။ အနုသယ ခုနစ်ပါးတို့သည် ရှိကုန်၏။ သံယောဇဉ် ခုနစ်ပါးတို့သည် ရှိကုန်၏။ ထကြွသောင်းကျန်းခြင်း ခုနစ်ပါးတို့သည် ရှိကုန်၏။ မသူတော်တရား ခုနစ်ပါးတို့သည် ရှိကုန်၏။ ဒုစရိုက် ခုနစ်ပါး တို့သည် ရှိကုန်၏။ မာန်ထောင်ခြင်း ခုနစ်ပါးတို့သည် ရှိကုန်၏။ ဒိဋ္ဌိခုနစ်ပါး တို့သည် ရှိကုန်၏။

**ခုနစ်ပါးစုတရားများကို အကျဉ်းပြခြင်းပြီး၏။**

------

## ၈ - အဋ္ဌကမာတိကာ

## (ရှစ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၉။ ကိလေသာဝတ္ထု ရှစ်ပါးတို့သည် ရှိကုန်၏။ ပျင်းရိခြင်းဖြစ်ကြောင်း ရှစ်ပါးတို့သည် ရှိကုန်၏။ လောကဓံရှစ်ပါးတို့ကြောင့် စိတ်ထိခိုက်ခြင်း ရှစ်ပါးတို့သည် ရှိကုန်၏။ အရိယာ မဟုတ်သူတို့၏ ခေါ်ဝေါ်ပြောဆိုခြင်း ရှစ်ပါးတို့သည် ရှိကုန်၏။ မှားသောသဘောတရား ရှစ်ပါးတို့သည် ရှိကုန်၏။ ယောကျ်ားတို့၏ အပြစ်ရှစ်ပါးတို့သည် ရှိကုန်၏။ သညာမရှိဟု ဖြစ်သော အယူရှစ်ပါးတို့သည် ရှိကုန်၏။ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဟု ဖြစ်သော အယူရှစ်ပါးတို့သည် ရှိကုန်၏။

**ရှစ်ပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။**

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ၉ - နဝကမာတိကာ

## (ကိုးပါးစုတရားများကို အကျဉ်းပြခြင်း)

၈၄၀။ ရန်ငြိုးဖွဲ့ခြင်းအကြောင်း ကိုးပါးတို့သည် ရှိကုန်၏။ ယောကျ်ားတို့၏ အညစ်အကြေး ကိုးပါးတို့သည် ရှိကုန်၏။ မာန်ထောင်ခြင်း ကိုးပါးတို့သည် ရှိကုန်၏။ တပ်မက်ခြင်း 'တဏှာ' အရင်းခံ ရှိသောတရားကိုးပါးတို့သည် ရှိကုန်၏။ တုန်လှုပ်ခြင်း ကိုးပါးတို့သည် ရှိကုန်၏။ မှတ်ထင်ခြင်း ကိုးပါး တို့သည်ရှိကုန်၏။ ဖိမ့်ဖိမ့်တုန်ခြင်း ကိုးပါးတို့သည် ရှိကုန်၏။ ချဲ့ထွင်ခြင်း ကိုးပါးတို့သည် ရှိကုန်၏။ ပြုပြင်ခြင်း ကိုးပါးတို့သည် ရှိကုန်၏။

**ကိုးပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။**

------

## ၁၀ - ဒသကမာတိကာ

## (ဆယ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၈၄၁။ ကိလေသာအကြောင်း ဆယ်ပါးတို့သည် ရှိကုန်၏။ ရန်ငြိုးဖွဲ့ခြင်း၏ အကြောင်း ဆယ်ပါးတို့သည် ရှိကုန်၏။ အကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့သည် ရှိကုန်၏။ သံယောဇဉ် ဆယ်ပါးတို့သည် ရှိကုန်၏။ မှားသော သဘောတရား ဆယ်ပါးတို့သည် ရှိကုန်၏။ မှားသော အယူ၏ အကြောင်းဝတ္ထု ဆယ်ပါးတို့သည် ရှိကုန်၏။ တစ်ဖက်စွန်းရောက် အယူဝါဒ ဆယ်ပါးတို့သည် ရှိကုန်၏။

**ဆယ်ပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။**

------

## တဏှာဝိစရိုက် ၁၀၈-ပါး, ဒိဋ္ဌိ ၆၂-ပါးတို့ကို အကျဉ်းပြခြင်း

၈၄၂။ အတွင်းသန္တာန်၌ ဖြစ်သော တရားကို စွဲ၍ တဏှာဖြစ်ခြင်း ဆယ့်ရှစ်ပါး။ အပသန္တာန်၌ ဖြစ်သော တရားကို စွဲ၍ တဏှာဖြစ်ခြင်း ဆယ့်ရှစ်ပါး။ ယင်းသန္တာန်နှစ်ပါးကို ပေါင်းချုံး၍ တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါးတို့သည် ဖြစ်ကုန်၏။ ဤသို့ ဖြစ်ပြီး 'အတိတ်' တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါး၊ ဖြစ်လတ္တံ့ 'အနာဂတ်' တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါး၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါးတို့သည် ဖြစ်ကုန်၏။ ယင်းကာလသုံးပါးကို ပေါင်းချုံး၍ တဏှာ ဖြစ်ခြင်း တစ်ရာ့ရှစ်ပါးတို့သည် ဖြစ်၏၊ ဒိဋ္ဌိခြောက်ဆယ့် နှစ်ပါးတို့ကိုလည်း ဝေယျာကရဏ 'ဂါထာမဖက် စကားပြေသက်သက်' ဖြစ်သော ဗြဟ္မဇာလသုတ်၌ မြတ်စွာဘုရား ဟောကြားအပ်ကုန်၏။

**အကျဉ်းပြခြင်းမာတိကာ ပြီး၏။**

------

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ၁ - ဧကကနိဒ္ဒေသ

## (တစ်ပါးစုတရားများကို အကျယ်ဖွင့်ပြခြင်း)

## မာန်ယစ်မှု 'မဒ'အမျိုးမျိုး

၈၄၃။ ထိုတွင် အဘယ်သည် အမျိုးမာန်ယစ်ခြင်း မည်သနည်း။

အမျိုးကိုစွဲ၍ မာန်ယစ်မှု 'မဒ'၊ မာန်ယစ်သောအခြင်းအရာ 'မဇ္ဇနာ'၊ မာန်ယစ်တတ်သည်၏အဖြစ် 'မဇ္ဇိတတ္တ'၊ မှတ်ထင်ထောင်လွှားမှု 'မာန'၊ ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ ထောင်လွှားတတ်သည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ တက်ကြွသော အခြင်းအရာ 'ဥန္နာမော'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို အမျိုးမာန်ယစ်ခြင်းဟု ဆိုအပ်၏။

၈၄၄။ ထိုတွင် အဘယ်သည် အနွယ်မာန်ယစ်ခြင်း မည်သနည်း။

အနွယ်ကို စွဲ၍။ပ။ အနာကင်းမှုကို စွဲ၍။ပ။ အရွယ်ကိုစွဲ၍။ပ။ အသက်ရှည်မှုကို စွဲ၍။ပ။ လာဘ်ကို စွဲ၍။ပ။ အရိုအသေပြုမှုကို စွဲ၍။ပ။ အလေးပြုမှုကို စွဲ၍။ပ။ ဦးစီးခေါင်းဆောင်မှုကို စွဲ၍။ပ။ အခြံအရံကို စွဲ၍။ပ။ စည်းစိမ်ကို စွဲ၍။ပ။ အဆင်းကို စွဲ၍။ပ။ အကြားအမြင်ကို စွဲ၍။ပ။ ပညာကို စွဲ၍။ပ။ ညဉ့်အပိုင်းအခြား သိမှု (အသက်ကြီးမှု) ကို စွဲ၍။ပ။ ဆွမ်းခံမှုကို စွဲ၍။ပ။ အထင်သေးမခံရမှုကို စွဲ၍။ပ။ ဣရိယာပုထ်ကို စွဲ၍။ပ။ တန်ခိုးကို စွဲ၍။ပ။ အကျော်အစောကို စွဲ၍။ပ။ သီလကို စွဲ၍။ပ။ ဈာန်ကို စွဲ၍။ပ။

အတတ်ကို စွဲ၍။ပ။ အရပ်အမောင်းကို စွဲ၍။ပ။ အလုံးအထည်ကို စွဲ၍။ပ။ သဏ္ဌာန်ကို စွဲ၍။ပ။ အလုံးအရပ်ပြည့်စုံမှုကို စွဲ၍ မာန်ယစ်မှု 'မဒ'၊ မာန်ယစ်သော အခြင်းအရာ 'မဇ္ဇနာ'၊ မာန်ယစ်တတ်သည်၏ အဖြစ် 'မဇ္ဇိတတ္တ'၊ ထောင်လွှားမှု 'မာန'၊ ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ ထောင်လွှားတတ်သည်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ တက်ကြွသော အခြင်းအရာ 'ဥန္နာမော'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ' သည် ရှိ၏။ ဤသဘောကို အလုံးအရပ်ပြည့်စုံမှုမာန်ယစ်ခြင်းဟု ဆိုအပ်၏။

## မာန်ယစ်မှု 'မဒ'

၈၄၅။ ထိုတွင် အဘယ်သည် မာန်ယစ်ခြင်း 'မဒ' မည်သနည်း။

အကြင် မာန်ယစ်မှု 'မဒ'၊ မာန်ယစ်သော အခြင်းအရာ 'မဇ္ဇနာ'၊ မာန်ယစ်တတ်သည်၏ အဖြစ် 'မဇ္ဇိတတ္တ'၊ ထောင်လွှားမှု 'မာန'၊ ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ ထောင်လွှားတတ်သည်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ထားခြင်းသဘော 'ဥန္နာမော'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုလိုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို မာန်ယစ်ခြင်း 'မဒ'ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## မေ့လျော့မှု ‘ပမာဒ’

၈၄၆။ ထိုတွင် အဘယ်သည် မေ့လျော့မှု ‘ပမာဒ’ မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် ‘ကာယဒုစရိုက်’၌လည်းကောင်း နှုတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် ‘ဝစီဒုစရိုက်’၌လည်းကောင်း၊ စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် ‘မနောဒုစရိုက်’၌လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့၌လည်းကောင်း စိတ်၏လွှတ်ခြင်း ‘ဝေါဿဂ္ဂ’ သည်၊ လွှတ်ခြင်းကို အထောက်အပံ့ပေးမှု ‘ဝေါဿဂ္ဂါနုပ္ပဒါန’သည်၊ ကုသိုလ်တရားတို့ကို ပွါးများခြင်း၌ အရိုအသေ မပြုခြင်းသည်၊ အစဉ်တစိုက် မပြုခြင်းသည်၊ တည်တံ့မှုကို မပြုခြင်းသည်၊ တွန့်သော ဖြစ်ခြင်းသည်၊ အလိုဆန္ဒကို ချထားခြင်းသည်၊ တာဝန်ကို ချထားခြင်းသည်၊ မမှီဝဲခြင်းသည်၊ မပွါးများခြင်း သည်၊ အကြိမ်များစွာ မပြုခြင်းသည်၊ မဆောက်တည်ခြင်းသည်၊ မလုံ့လပန်းခြင်းသည်၊ မေ့လျော့ခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင်မေ့လျော့မှု ‘ပမာဒ’၊ မေ့လျော့သော အခြင်းအရာ ‘ပမဇ္ဇနာ’၊ မေ့လျော့တတ် သည်၏ အဖြစ် ‘ပမဇ္ဇိတတ္တ’ သည် ရှိ၏။ ဤသဘောကို မေ့လျော့ခြင်း ‘ပမာဒ’ဟု ဆိုအပ်၏။

## ခိုင်မာမှု ‘ထမ္ဘ’

၈၄၇။ ထိုတွင် အဘယ်သည် ခိုင်မာခြင်း ‘ထမ္ဘ’ မည်သနည်း။

အကြင်ခိုင်မာမှု ‘ထမ္ဘ’၊ ခိုင်မာသော အခြင်းအရာ ‘ထမ္ဘနာ’၊ ခိုင်မာတတ်သည်၏အဖြစ် ‘ထမ္ဘိတတ္တ’၊ ခိုင်မာမှု ‘ကက္ခဠိယ’၊ ကြမ်းတမ်းမှု ‘ဖာရုသိယ’၊ စိတ်ဖြောင့်မတ်မှု ‘ဥဇုစိတ္တတာ’၊ မနူးညံ့မှု ‘အမုဒုတာ’ သည်ရှိ၏။ ဤသဘောကို ခိုင်မာခြင်း ‘ထမ္ဘ’ဟု ဆိုအပ်၏။

## ချုတ်ချယ်မှု ‘သာရမ္ဘ’

၈၄၈။ ထိုတွင် အဘယ်သည် ချုတ်ချယ်ခြင်း ‘သာရမ္ဘ’ မည်သနည်း။

အကြင် ချုတ်ချယ်မှု ‘သာရမ္ဘ’၊ အတပ်ထပ် ချုတ်ချယ်မှု ‘ပဋိသာရမ္ဘ’၊ ချုတ်ချယ်သော အခြင်းအရာ ‘သာရမ္ဘနာ၊ အထပ်ထပ် ချုတ်ချယ်သော အခြင်းအရာ ‘ပဋိသာရမ္ဘနာ’၊ အထပ်ထပ် ချုတ်ချယ်တတ် သည်၏အဖြစ် ‘ပဋိသာရမ္ဘိတတ္တ’သည် ရှိ၏၊ ဤသဘောကို ချုတ်ချယ်ခြင်း ‘သာရမ္ဘ’ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## အလွန်အလိုရှိမှု 'အတြိစ္ဆတာ'

၈၄၉။ ထိုတွင် အဘယ်သည် အလွန်အလိုရှိခြင်း 'အတြိစ္ဆတာ' မည်သနည်း။

တစ်မျိုးမျိုးသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ဖြင့် လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့ဖြင့် လည်းကောင်း မရောင့်ရဲသူအား များများလိုချင်မှု 'ဘိယျောကမျတာ' သည် ရှိ၏။ ဤသို့သဘောရှိသော အကြင် လိုချင်မှု 'ဣစ္ဆာ'၊ လိုချင်သောအဖြစ် 'ဣစ္ဆာဂတာ'၊ အလွန် အလိုရှိမှု 'အတြိစ္ဆတာ'၊ တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တဿသာရာဂ' သည် ရှိ၏၊ ဤ သဘောကို အလွန်အလိုရှိခြင်း 'အတြိစ္ဆတာ' ဟု ဆိုအပ်၏။

## အလိုကြီးမှု 'မဟိစ္ဆတာ'

၈၅၀။ ထိုတွင် အဘယ်သည် အလိုကြီးခြင်း 'မဟိစ္ဆတာ' မည်သနည်း။

တစ်မျိုးမျိုးသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ဖြင့် လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့ဖြင့် လည်းကောင်း မရောင့်ရဲသူအား များများလိုချင်မှု 'ဘိယျောကမျတာ' သည် ရှိ၏၊ ဤသို့သဘောရှိသော အကြင်လိုချင်မှု 'ဣစ္ဆာ'၊ လိုချင်သောအဖြစ် 'ဣစ္ဆာဂတာ'၊ အလိုကြီးမှု 'မဟိစ္ဆတာ' တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တဿသာရာဂ' သည် ရှိ၏။ ဤသဘောကို အလိုကြီးမှု 'မဟိစ္ဆတာ' ဟု ဆိုအပ်၏။

## ယုတ်မာသော အလိုရှိမှု 'ပါပိစ္ဆတာ'

၈၅၁။ ထိုတွင် အဘယ်သည် ယုတ်မာသော အလိုဆိုးရှိခြင်း 'ပါပိစ္ဆတာ' မည်သနည်း-ဤလောက၌ အချို့သူသည် သဒ္ဓါတရားမရှိသူဖြစ်လျက် သဒ္ဓါတရားရှိသူဟူ၍ ငါ့ကို လူအပေါင်းသိပါစေဟု အလိုရှိ၏၊ သီလမရှိသူဖြစ်လျက် သီလရှိသူဟူ၍ ငါ့ကို လူအပေါင်း သိပါစေဟု အလိုရှိ၏။ အကြားအမြင် မရှိသူဖြစ်လျက် အကြားအမြင်များသူဟူ၍ ငါ့ကို လူအပေါင်း သိပါစေဟု အလိုရှိ၏၊ အဖော် အပေါင်း၌ မွေ့လျော်သူ ဖြစ်လျက် ဆိတ်ဆိတ်နေသူဟူ၍ ငါ့ကို လူအပေါင်းသိပါစေဟု အလိုရှိ၏၊ ပျင်းရိသူ ဖြစ်လျက် အားထုတ်သော ဝီရိယရှိသူဟူ၍ ငါ့ကို လူအပေါင်း သိပါစေဟု အလိုရှိ၏၊ သတိမေ့လျော့ တတ်သူဖြစ်လျက် သတိကောင်းသူဟူ၍ ငါ့ကို လူအပေါင်း သိပါစေဟု အလိုရှိ၏၊ မတည်ကြည်သူ ဖြစ်လျက် တည်ကြည်သူဟူ၍ ငါ့ကို လူအပေါင်း သိပါစေဟု အလိုရှိ၏။ ပညာနည်းသူဖြစ်လျက် ပညာရှိသူဟူ၍ ငါ့ကို လူအပေါင်းသိပါစေဟု အလိုရှိ၏၊ အာသဝေါမကုန်သူဖြစ်လျက် အာသဝေါ ကုန်သူဟူ၍ ငါ့ကို လူအပေါင်း သိပါစေဟု အလိုရှိ၏။ ဤသို့သဘောရှိသောအကြင် လိုချင်မှု 'ဣစ္ဆာ'၊ လိုချင်သောအဖြစ် 'ဣစ္ဆာဂတ'၊ ယုတ်မာသော အလိုရှိမှု 'ပါပိစ္ဆတာ'၊ တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တဿသာရာဂ'သည် ရှိ၏။ ဤသဘောကို ယုတ်မာသော အလိုရှိခြင်း 'ပါပိစ္ဆတာ'ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ကိလေသာ ဦးချိုထောင်မှု 'သိင်္ဂ'

၈၅၂။ ထိုတွင် အဘယ်သည် ကိလေသာဦးချိုထောင်ခြင်း 'သိင်္ဂ' မည်သနည်း။

အကြင် ကိလေသာဦးချိုထောင်မှု 'သိင်္ဂ'၊ ကိလေသာဦးချိုထောင်သော အခြင်းအရာ 'သိင်္ဂါရတာ'၊ စံပယ်သော အခြင်းအရာ 'စာတုရတာ'၊ စံပယ်သောဖြစ်မှု 'စာတုရိယ'၊ ဟန်ပြကောင်းသော အခြင်းအရာ 'ပရိက္ခတ္တတာ'၊ ဟန်ပြကောင်းခြင်း 'ပါရိက္ခတ္တိယ'သည် ရှိ၏။ ဤသဘောကို ကိလေသာဦးချိုထောင်ခြင်း 'သိင်္ဂ'ဟု ဆိုအပ်၏။

## အလိုပြင်းထန် စားမာန်ခုတ်မှု 'တိန္တိဏ'

၈၅၃။ ထိုတွင် အဘယ်သည် အလိုပြင်းထန် စားမာန်ခုတ်ခြင်း 'တိန္တိဏ' မည်သနည်း။

အကြင် အလိုပြင်းထန်စားမာန်ခုတ်ခြင်း 'တိန္တိဏ'၊ အလိုပြင်းထန် စားမာန်ခုတ်သော အခြင်းအရာ 'တိန္တိဏာယန'၊ အလိုပြင်းထန် စားမာန်ခုတ်သည်၏အဖြစ် 'တိန္တိဏာယိတတ္တ'၊ (အပိုအစွာသူ့ထက်ကဲ) လိုချင်မှု 'လောလုပ္ပ'၊ (အပိုအစွာသူ့ထက်ကဲ) လိုချင်သော အခြင်းအရာ 'လောလုပ္ပါယနာ'၊ (အပိုအစွာသူ့ထက်ကဲ) လိုချင်သည်၏အဖြစ် 'လောလုပ္ပါယိတတ္တ'၊ အမြီးနှံ့သောခွေးနှင့်တူစွာ လှုပ်ရှားမှု 'ပုစ္ဆဥ္စိကတာ'၊ အကောင်းကြိုက်မှု 'သာခုကမျတာ'သည် ရှိ၏။ ဤသဘောကို အလိုပြင်းထန် စားမာန်ခုတ်ခြင်း 'တိန္တိဏ' ဟု ဆိုအပ်၏။

## လျှပ်ပေါ်မှု 'စာပလျ'

၈၅၄။ ထိုတွင် အဘယ်သည် လျှပ်ပေါ်ခြင်း 'စာပလျ' မည်သနည်း။

သင်္ကန်းတန်ဆာဆင်မှု၊ သပိတ်တန်ဆာဆင်မှု၊ ကျောင်း အိပ်ရာ နေရာတန်ဆာဆင်မှု၊ ဤအကောင်ပုပ်နှင့် အပ ပရိက္ခရာတို့ကို တန်ဆာဆင်မှု 'မဏ္ဍနာ'၊ အတင့်အတယ်ပြုမှု 'ဝိဘူသနာ'၊ ကစားမှု 'ကေဠနာ'၊ ထက်ဝန်းကျင် ကစားမှု 'ပရိကေဠနာ'၊ မြူးထူးမှု 'ဂိဒ္ဓိကတာ'၊ မြူးထူးသည်၏အဖြစ် 'ဂိဒ္ဓိကတ္တ'၊ လျှပ်ပေါ်သောအခြင်းအရာ 'စာပလတာ'၊ လျှပ်ပေါ်သည်၏အဖြစ် 'စာပလျ' သည် ရှိ၏။ ဤသဘောကိုလျှပ်ပေါ်ခြင်း 'စာပလျ' ဟု ဆိုအပ်၏။

## သဘာဂမဟုတ်သောနေမှု 'အသဘာဂဝုတ္တိ'

၈၅၅။ ထိုတွင် အဘယ်သည် သဘာဂမဟုတ်သောနေခြင်း 'အသဘာဂဝုတ္တိ' မည်သနည်း။

အမိ၌လည်းကောင်း၊ အဖ၌လည်းကောင်း၊ ကြီးသူ၌လည်းကောင်း၊ အစ်ကို၌လည်းကောင်း၊ ဆရာတို့၌ လည်းကောင်း၊ ဥပဇ္ဈာယ်၌လည်းကောင်း၊ ဘုရား၌လည်းကောင်း၊ ဘုရားတပည့်သား တို့၌ လည်းကောင်း၊ အမှတ်မထား တစ်ပါးပါးသော အလေးပြုအပ်ရာတို့၌ မလျော်သည်ကို ယူခြင်းသည်၊ ဆန့်ကျင်ဘက်ကို သာယာခြင်းသည်၊ မရိုသေခြင်းသည်၊ မရိုသေသော အခြင်းအရာသည်၊ အလေးမပြုသောအခြင်း အရာသည်၊ မတုပ်ဝပ်သော အခြင်းအရာသည် ရှိ၏။ ဤသဘောကို သဘာဂ မဟုတ်သော နေခြင်း 'အသဘာဂဝုတ္တိ' ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## မမွေ့လျော်ခြင်း 'အရတိ'

၈၅၆။ ထိုတွင် အဘယ်သည် မမွေ့လျော်ခြင်း 'အရတိ' မည်သနည်း။

အစွန်အဖျားဖြစ်ကုန်သော တောကျောင်းတို့၌သော်လည်းကောင်း၊ အမှတ်မထား တစ်ပါးပါးကုန်သောလွန်ကဲသော ကုသိုလ်တရားတို့၌သော်လည်းကောင်း မမွေ့လျော်မှု 'အရတိ'၊ မမွေ့လျော်သော အခြင်းအရာ 'အရတိတာ'၊ အလွန်မမွေ့လျော်မှု 'အနဘိရတိ'၊ အလွန်မမွေ့လျော်သော အခြင်းအရာ 'အနဘိရမဏာ'၊ ငြီးငွေ့မှု 'ဥက္ကဏ္ဌိတာ'၊ ခြောက်တပ်ခြင်း 'ပရိတဿိတာ'သည် ရှိ၏။ ဤသဘောကို မမွေ့လျော်ခြင်း 'အရတိ'ဟု ဆိုအပ်၏။

## ပျင်းရိမှု 'တန္ဒီ'

၈၅၇။ ထိုတွင် အဘယ်သည် ပျင်းရိမှု 'တန္ဒီ' မည်သနည်း။

အကြင်ပျင်းရိမှု 'တန္ဒီ'၊ ပျင်းသော အခြင်းအရာ 'တန္ဒိယနာ'၊ ပျင်းရိစိတ်ရှိသော အခြင်းအရာ 'တန္ဒိမနကတာ'၊ ပျင်းခြင်း 'အာလသျ'၊ ပျင်းသော အခြင်းအရာ 'အာလသျယနာ'၊ ပျင်းတတ်သည်၏ အဖြစ် 'အာလသျာယိတတ္တ'သည် ရှိ၏။ ဤသဘောကို ပျင်းရိခြင်း 'တန္ဒီ'ဟု ဆိုအပ်၏။

## အပျင်းဆန့်မှု 'ဝိဇမ္ဘိတာ'

၈၅၈။ ထိုတွင် အဘယ်သည် အပျင်းဆန့်ခြင်း 'ဝိဇမ္ဘိတာ' မည်သနည်း။

အကြင်ကိုယ်၏ အပျင်းဆန့်ခြင်း 'ဇမ္ဘနာ'၊ အထူးသဖြင့် အပျင်းဆန့်ခြင်း 'ဝိဇမ္ဘနာ'၊ ရှေ့သို့ ညွတ်ခြင်း 'အာနမနာ'၊ နောက်သို့ ညွတ်ခြင်း 'ဝိနမနာ'၊ ထက်ဝန်းကျင် ညွတ်ခြင်း 'သံနမနာ'၊ အပြားအားဖြင့် ညွတ်ခြင်း "ပဏာမနာ"၊ အနာဖြစ်ခြင်း 'ဗျာဓိယက' သည် ရှိ၏။ ဤသဘောကို အပျင်းဆန့်ခြင်း 'ဝိဇမ္ဘိတာ' ဟု ဆိုအပ်၏။

## ထမင်းဆီယစ်ခြင်း 'ဘတ္တသမ္မဒ'

၈၅၉။ ထိုတွင် အဘယ်သည် ထမင်းဆီယစ်ခြင်း 'ဘတ္တသမ္မဒ' မည်သနည်း။

အစာစားပြီးသော သူအား အကြင်ထမင်းကြောင့် တွေဝေမိန့်မောခြင်းသည်၊ ထမင်းကြောင့် ပင်ပန်းခြင်းသည်၊ ထမင်းကြောင့် ပူလောင်ခြင်းသည်၊ ကိုယ်လေးလံ ထိုင်းမှိုင်းခြင်းသည် ရှိ၏။ ဤသဘော ကို ထမင်းဆီယစ်ခြင်း 'ဘတ္တသမ္မဒ'ဟု ဆိုအပ်၏။

## စိတ်၏ တွန့်မှု 'စေတသောလီနတ္တ'

၈၆၀။ ထိုတွင် အဘယ်သည်စိတ်၏ တွန့်ခြင်း 'စေတသောလီနတ္တ' မည်သနည်း။

အကြင် စိတ်၏ မကျန်းမာခြင်း 'စိတ္တအကလျတာ'၊ အမှု၌ မခံ့ခြင်း 'အကမ္မညတာ'၊ ယုတ်သော တွန့်ခြင်း 'ဩလီယနာ'၊ ထက်ဝန်းကျင် တွန့်ခြင်း 'သလ္လီယနာ'၊ တွန့်ခြင်း 'လီန'၊ တွန့်သော အခြင်း အရာ 'လီယနာ'၊ တွန့်သောအဖြစ် 'လီယိတတ္တ'၊ ထိုင်းမှိုင်းခြင်း 'ထိန'၊ ထိုင်းမှိုင်းသော အခြင်းအရာ 'ထိယနာ'၊ စိတ်၏ ထိုင်းမှိုင်းသည်၏အဖြစ် 'ထိယိတတ္တ'သည် ရှိ၏။ ဤသဘောကို စိတ်၏ တွန့်ခြင်း 'စေတသောလီနတ္တ' ဟု ဆိုအပ်၏။

## ဟန်ဆောင်မှု 'ကုဟနာ'

၈၆၁။ ထိုတွင် အဘယ်သည် ဟန်ဆောင်ခြင်း 'ကုဟနာ' မည်သနည်း။

လာဘ်သပ်ပကာ, ပူဇော်သက္ကာရ, အကျော်အစောကို မှီ၍ ယုတ်မာသော အလိုရှိသော အလိုကြီးသူ ရဟန်းအား ပစ္စည်းမှီဝဲမှုဖြင့်လည်းကောင်း၊ အရိပ်အရောင်ပြောသဖြင့်လည်းကောင်း၊ ဣရိယာပုထ်ကို ထားခြင်း 'အဋ္ဌပနာ'၊ ထားသောအခြင်းအရာ 'ဌပနာ'၊ ကြည်ညိုဖွယ်ကောင်းအောင် ပြုပြင်ထားခြင်း 'သဏ္ဌပနာ'၊ မျက်မှောင်ကုတ်သော အခြင်းအရာ 'ဘာကုဋိတာ'၊ မျက်မှောင်ကုတ်ခြင်း 'ဘာကုဋိယ'၊ ဟန်လုပ်ခြင်း 'ကုဟနာ'၊ ဟန်လုပ်သော အခြင်းအရာ 'ကုဟာယနာ'၊ ဟန်လုပ်သောအဖြစ် 'ကုဟိတတ္တ' သည် ရှိ၏။ ဤသဘောကို ဟန်ဆောင်ခြင်း 'ကုဟနာ'ဟု ဆိုအပ်၏။

## လာဘ်ချူမှု 'လပနာ'

၈၆၂။ ထိုတွင် အဘယ်သည် လာဘ်ချူခြင်း 'လပနာ' မည်သနည်း။

လာဘ်သပ်ပကာ, ပူဇော်သက္ကာရ, အကျော်အစောကို မှီ၍ ယုတ်မာသော အလိုရှိသော အလိုကြီးသူရဟန်း၏ တစ်ပါးသူတို့အား အကြင် မိမိကိုယ်ကို မြှောက်ပင့်ကြွားဝါမှု 'အာလပနာ'၊ မေး၍ ဝါကြွားဖြေဆိုခြင်း 'လပနာ'၊ လာဘ်ကို လို၍ ချိုချိုသာသာ ကောင်းစွာ ပြောဆိုမှု 'သလ္လပနာ'၊ မြှောက်ပင့်၍ ပြောဆိုမှု 'ဥလ္လပနာ'၊ အထပ်ထပ် မြှောက်ပင့်၍ ပြောဆိုမှု 'သမုလ္လပနာ'၊ ရရာရကြောင်း စကားတောင်း၍ ပြောဆိုမှု 'ဥန္နဟနာ'၊ ရရာရကြောင်း စကားတောင်း၍ အထပ်ထပ် ပြောဆိုမှု 'သမုန္နဟနာ'၊ ချီးမွမ်း၍ပြောဆိုမှု 'ဥက္ကာစနာ'၊ အထပ်ထပ် ချီးမွမ်း၍ ပြောဆိုမှု 'သမုက္ကာစနာ'၊ ချစ်ဖွယ် စကားကို ပြောဆိုမှု 'အနုပ္ပိယဘာဏိတာ'၊ မိမိကိုယ်ကို နှိမ့်ချပြောဆိုမှု 'စာဋုကမျတာ'၊ အစိမ်းနီးပါး အကျက်များသော ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး အမှားများသော စကားပြောဆိုမှု 'မုဂ္ဂသူပျတာ'၊ ရွာသူသားငယ်ကို ချီပိုးခြင်း 'ပါရိဘဋျတာ' သည် ရှိ၏။ ဤသဘောကို လာဘ်ချူခြင်း (ဝါကြွား) 'လပနာ' ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်

## နိမိတ်ပြုမှု ‘နေမိတ္တိကတာ’

၈၆၃။ ထိုတွင် အဘယ်သည် နိမိတ်ပြုခြင်း ‘နေမိတ္တိကတာ’ မည်သနည်း။

လာဘ်သပ်ပကာ, ပူဇော်သက္ကာရ, အကျော်အစောကို မှီ၍ ယုတ်မာသော အလိုရှိသော အလိုကြီးသူ ရဟန်း၏ တစ်ပါးသူတို့အား အကြင်နိမိတ်ပြုခြင်း ‘နိမိတ္တ’၊ နိမိတ်ပြုခြင်းအမှု ‘နိမိတ္တကမ္မ’၊ အရိပ်အရောင်ပြမှု ‘ဩဘာသ’၊ အရိပ်အရောင်ပြခြင်းအမှု ‘ဩဘာသကမ္မ’၊ ရစ်၍ပြောဆိုခြင်း ‘သာမန္တဇပ္ပ’၊ သွယ်ဝိုက်၍ ပြောဆိုခြင်း ‘ပရိကထာ’ သည် ရှိ၏။ ဤသဘောကို နိမိတ်ပြုခြင်း ‘နေမိတ္တိကတာ’ဟု ဆိုအပ်၏။

## အတင်းအကြပ်ပြောခြင်း ‘နိပ္ပေသိကတာ’

၈၆၄။ ထိုတွင် အဘယ်သည် အတင်းအကြပ်ပြောခြင်း ‘နိပ္ပေသိကတာ’ မည်သနည်း။

လာဘ်သပ်ပကာ, ပူဇော်သက္ကာရ, အကျော်အစောကို မှီ၍ ယုတ်မာသော အလိုရှိသော အလိုကြီးသူ ရဟန်း၏ တစ်ပါးသူတို့အား အကြင် (ပစ္စည်းကို မပေးလှူဘဲမနေနိုင်အောင်) ဆဲရေးခြင်း ‘အက္ကောသနာ’၊ နှိမ့်ချခြင်း ‘ဝမ္ဘနာ’၊ ကဲ့ရဲ့ခြင်း ‘ဂရဟဏာ’၊ (စကားဖြင့်) မြှောက်ပင့်ခြင်း ‘ဥက္ခေပနာ’၊ အထပ်ထပ် မြှောက်ပင့်ခြင်း ‘သမုက္ခေပနာ’၊ ရှုတ်ချခြင်း ‘ခိပနာ’၊ အထပ်ထပ် ရှုတ်ချခြင်း ‘သံခိပနာ’၊ အပြစ်တင်ခြင်း ‘ပါပနာ’၊ အထပ်ထပ် အပြစ်တင်ခြင်း ‘သမ္ပါပနာ’၊ ကျေးဇူးမဲ့ကို (တစ်အိမ်မှ တစ်အိမ်တစ်ရွာမှ တစ်ရွာသို့) ဆောင်ခြင်း ‘အဝဏ္ဏဟာရိကာ’၊ သူတစ်ပါး ကျောက်ကုန်းသားကို စားသကဲ့သို့ပြုခြင်း ‘ပရပိဋ္ဌိမံသိကတာ’ သည် ရှိ၏။ ဤသဘောကို အတင်းအကြပ်ပြောခြင်း ‘နိပ္ပေသိကတာ’ ဟု ဆိုအပ်၏။

## လာဘ်မျှားခြင်း

၈၆၅။ ထိုတွင် အဘယ်သည် လာဘ်ဖြင့် လာဘ်ကို ရှာမှီးခြင်း မည်သနည်း။

လာဘ်သပ်ပကာ, ပူဇော်သက္ကာရ, အကျော်အစောကို မှီ၍ ယုတ်မာသော အလိုရှိသော အလိုကြီးသူ ရဟန်းသည် ဤမှ ရခဲ့သော အာမိသ ‘သုံးဆောင်ဖွယ်’ကို ထိုသို့ ဆောင်၏၊ ထိုမှ ရခဲ့သော အာမိသ ‘သုံးဆောင်ဖွယ်’ ကို ဤသို့ ဆောင်လာ၏။ ဤသို့သဘောရှိသော အာမိသဖြင့် အာမိသကို အကြင်ရှာခြင်း ‘ဧဋ္ဌိ’၊ ရှာမှီးခြင်း ‘ဂဝေဋ္ဌိ’၊ အထပ်ထပ်ရှာခြင်း ‘ပရိယေဋ္ဌိ’၊ ရှာသောအခြင်းအရာ ‘ဧသနာ’၊ ရှာမှီးသောအခြင်းအရာ ‘ဂဝေသနာ’၊ အထပ်ထပ် ရှာသော အခြင်းအရာ ‘ပရိယေသနာ’သည် ရှိ၏။ ဤသဘောကို လာဘ်ဖြင့် လာဘ်ကို ရှာမှီးခြင်းဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## မြတ်၏ဟု မှတ်ထင်မှု ‘သေယျမာန်’

၈၆၆။ ထိုတွင် အဘယ်သည် ငါမြတ်၏ဟု မှတ်ထင်ထောင်လွှားမှု ‘သေယျမာန်’ မည်သနည်း။

ဤလောက၌ အချို့သူသည် အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့် လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့် လည်းကောင်း၊ ဥစ္စာဖြင့် လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့် လည်းကောင်း၊ အလုပ်အကိုင်ဖြင့် လည်းကောင်း၊ လက်မှုအတတ်ဖြင့် လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့် လည်းကောင်း၊ အကြားအမြင်ဖြင့် လည်းကောင်း၊ ပညာဖြင့် လည်းကောင်း အမှတ်မထားတစ်ပါး ပါးသော အကြောင်းဖြင့် မှတ်ထင်၏၊ (မာန်ထောင်၏)။ ဤသို့ သဘောရှိသော အကြင်မှတ်ထင်မှု (မာန်ထောင်မှု) ‘မာန’၊ မှတ်ထင်သော အခြင်းအရာ ‘မညနာ’၊ မှတ်ထင်သည်၏ အဖြစ် ‘မညိတတ္တ’၊ တက်ကြွမှု ‘ဥန္နတိ’၊ မြှောက်၍ ထားခြင်းသဘော ‘ဥန္နာမ’၊ တံခွန်သဖွယ် ဖြစ်မှု ‘ဓဇ’၊ ချီးမြှောက်မှု ‘သမ္ပဂ္ဂါဟ’၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု ‘ကေတုကမျတာ’သည် ရှိ၏။ ဤသဘောကို ငါမြတ်၏ဟု မှတ်ထင်ထောင်လွှားမှု ‘သေယျမာန်’ဟု ဆိုအပ်၏။

## တူ၏ဟု မှတ်ထင်မှု ‘သဒိသမာန်’

၈၆၇။ ထိုတွင် အဘယ်သည် ငါ (သူနှင့်) တူ၏ဟု မှတ်ထင်ထောင်လွှားမှု ‘သဒိသမာန်’ မည်သနည်း။

ဤလောက၌ အချို့သူသည် အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့် လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့် လည်းကောင်း၊ အလုပ်အကိုင်ဖြင့် လည်းကောင်း၊ လက်မှုအတတ်ဖြင့်လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့် လည်းကောင်း၊ အကြားအမြင်ဖြင့် လည်းကောင်း၊ ပညာဖြင့် လည်းကောင်း၊ အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် မှတ်ထင်၏၊ (မာန်ထောင်၏)။ ဤသို့ သဘောရှိသော အကြင် မှတ်ထင် (မာန်ထောင်) မှု ‘မာန’၊ မှတ်ထင် (မာန်ထောင်) သောအခြင်းအရာ ‘မညနာ’၊ မှတ်ထင်သည်၏အဖြစ် ‘မညိတတ္တ’၊ တက်ကြွမှု ‘ဥန္နတိ’၊ မြှောက်၍ထားခြင်းသဘော ‘ဥန္နာမ’၊ တံခွန်သဖွယ်ဖြစ်မှု ‘ဓဇ’၊ ချီးမြှောက်မှု ‘သမ္ပဂ္ဂါဟ’၊ စိတ်၏မှန်ကင်းသဖွယ်ပြုမှု ‘ကေတုကမျတာ’သည် ရှိ၏။ ဤသဘောကို ငါ (သူနှင့်) တူ၏ဟူ၍ မှတ်ထင်ထောင်လွှားမှု ‘သဒိသမာန်’ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ယုတ်၏ဟု မှတ်ထင်မှု 'ဟီနမာန်'

၈၆၈။ ထိုတွင် အဘယ်သည် ငါ (သူ့အောက်) ယုတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်' မည်သနည်း။

ဤလောက၌ အချို့သူသည် အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့်လည်းကောင်း၊ အလုပ်အကိုင်ဖြင့် လည်းကောင်း၊ လက်မှုအတတ်ဖြင့်လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့် လည်းကောင်း၊ အကြားအမြင်ဖြင့် လည်းကောင်း၊ ပညာဖြင့် လည်းကောင်း အမှတ်မထင်သော အကြောင်းဖြင့် အယုတ်မှတ်ထင် မာန်ထောင်၏။ ဤသို့သဘောရှိသော အကြင် မှတ်ထင် မာန်ထောင်မှု 'ဩမာန'၊ အယုတ်မှတ်ထင် (မာန်ထောင်) သောအခြင်းအရာ 'ဩမညနာ'၊ အယုတ်မှတ်ထင်သည်၏ အဖြစ် 'ဩမညိတတ္တ'၊ ရှုတ်ချမှု 'ဟီဠနာ'၊ အယုတ်ရှုတ်ချသော အခြင်းအရာ 'ဩဟီဠနာ'၊ အယုတ် ရှုတ်ချသည်၏အဖြစ် 'ဩဟီဠိတတ္တ'၊ မိမိကိုယ်ကို အယုတ်အားဖြင့်သိမှု 'အတ္တုညာ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိသောအခြင်းအရာ 'အတ္တဝညာ'၊ မိမိကိုယ်ကို နှိမ့်ချမှု 'အတ္တပရိဘဝ'သည် ရှိ၏။ ဤ သဘောကို ငါ (သူ့အောက်) ယုတ်၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်'ဟု ဆိုအပ်၏။

## မြတ်သူ၌ ဖြစ်သော 'သေယျမာန်'

၈၆၉။ ထိုတွင် အဘယ်သည် မြတ်သောသူ၏ ငါ (သူ့ထက်) မြတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'သေယျမာန်' မည်သနည်း။

ဤလောက၌ အချို့သူသည် မြတ်၏။ အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့် လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့် လည်းကောင်း၊ ဥစ္စာဖြင့် လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့် လည်းကောင်း၊ အလုပ်အကိုင်ဖြင့် လည်းကောင်း၊ လက်မှုအတတ်ဖြင့် လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့် လည်းကောင်း၊ အကြားအမြင်ဖြင့် လည်းကောင်း၊ ပညာဖြင့် လည်းကောင်း အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကို သူတစ်ပါးတို့ထက် အမြတ်ထား၏။ ထိုသူသည် ထိုကို မှီ၍ မာန်ထောင်၏။ ဤသို့ သဘောရှိသော အကြင် မှတ်ထင် ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားသည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို မြတ်သောသူ၏ငါ (သူ့ထက်) မြတ်၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'သေယျမာန်'ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## မြတ်သူ၌ ဖြစ်သော 'သဒိသမာန်'

၈၇၀။ ထိုတွင် အဘယ်သည် မြတ်သောသူ၏ ငါ (သူနှင့်) တူ၏ဟု မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်' မည်သနည်း။

ဤလောက၌ အချို့သူသည် မြတ်၏။ အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့် လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့် လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့် လည်းကောင်း၊ ဥစ္စာဖြင့် လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့် လည်းကောင်း၊ အလုပ်အကိုင်ဖြင့် လည်းကောင်း၊ လက်မှုအတတ်ဖြင့် လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့် လည်းကောင်း၊ အကြားအမြင်ဖြင့် လည်းကောင်း အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် တစ်ပါးသူတို့နှင့် အတူ မိမိကိုယ်ကို ထား၏။ ထိုသူသည်ထိုကို မှီ၍ မာန်ထောင်၏။ ဤသို့သဘောရှိသော အကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင် ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားသည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ထားခြင်း သဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို မြတ်သော သူ၏ ငါ (သူနှင့်) တူ၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်'ဟု ဆိုအပ်၏။

## မြတ်သူ၌ ဖြစ်သော 'ဟီနမာန်'

၈၇၁။ ထိုတွင် အဘယ်သည် မြတ်သောသူ၏ ငါ (သူ့အောက်) ယုတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်' မည်သနည်း။

ဤလောက၌ အချို့သူသည် မြတ်၏။ အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့် လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့် လည်းကောင်း၊ ဥစ္စာဖြင့် လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့် လည်းကောင်း၊ အလုပ်အကိုင်ဖြင့် လည်းကောင်း၊ လက်မှုအတတ်ဖြင့် လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့် လည်းကောင်း၊ အကြားအမြင်ဖြင့် လည်းကောင်း၊ ပညာဖြင့်လည်းကောင်း၊ အမှတ်မထား တစ်ပါးပါးသောအကြောင်းဖြင့် မိမိကိုယ်ကို တစ်ပါးသူတို့အောက် အယုတ်အားဖြင့်ထား၏။ ထိုသူသည် ထိုကို မှီ၍ အယုတ်အားဖြင့် မာန်ထောင်၏။ ဤသို့သဘောရှိသော အကြင်အယုတ်မှတ်ထင်မှု 'ဩမာန'၊ အယုတ်မှတ်ထင်သော အခြင်းအရာ 'ဩမညနာ'၊ အယုတ်မှတ်ထင်တတ်သည်၏အဖြစ် 'ဩမညိတတ္တ'၊ ရှုတ်ချမှု 'ဟီဠနာ'၊ အယုတ်ရှုတ်ချသောအခြင်းအရာ 'ဩဟီဠနာ'၊ အယုတ်ရှုတ်ချသည်၏ အဖြစ် 'ဩဟီဠိတတ္တ'၊ မိမိကိုယ်ကိုအယုတ်သိမှု 'အတ္တုညာ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိသော အခြင်းအရာ 'အတ္တဝညာ'၊ မိမိကိုယ်ကိုနှိမ့်ချမှု 'အတ္တပရိဘဝ' သည် ရှိ၏။ ဤသဘောကို မြတ်သောသူ၏ ငါ (သူ့အောက်) ယုတ်၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်' ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## တူမျှသူ၌ ဖြစ်သော 'သေယျမာန်'

၈၇၂။ ထိုတွင် အဘယ်သည် တူသောသူ၏ ငါ (သူ့ထက်) မြတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'သေယျမာန်' မည်သနည်း။

ဤလောက၌ အချို့သူသည် တူ၏။ အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့် လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့် လည်းကောင်း။ပ။ အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကို သူတစ်ပါးတို့ထက် အမြတ်ထား၏။ ထိုသူသည် ထိုကို မှီ၍ မှတ်ထင်ထောင်လွှား၏။ ဤသို့သဘောရှိသော အကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင် ထောင်လွှား တတ်သည်၏ အဖြစ် 'မညိတတ္တ'။ပ။ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ' သည် ရှိ၏။ ဤသဘောကို တူသောသူ၏ ငါ (သူ့ထက်) မြတ်၏ ဟူ၍ မှတ်ထင် ထောင်လွှားမှု 'သေယျမာန်'ဟု ဆိုအပ်၏။

## တူမျှသူ၌ ဖြစ်သော 'သဒိသမာန်'

၈၇၃။ ထိုတွင် အဘယ်သည် တူသောသူ၏ ငါ (သူ့နှင့်) တူ၏ဟု မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်' မည်သနည်း။

ဤလောက၌ အချို့သူသည် တူ၏။ အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့် လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း။ပ။ အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကို တစ်ပါးသူတို့နှင့်အတူ ထား၏။ ထိုသူသည် ထိုကို မှီ၍ မှတ်ထင်ထောင်လွှား၏။ ဤသဘော ရှိသောအကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင် ထောင်လွှားတတ်သည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ' သည် ရှိ၏။ ဤသဘောကို တူသောသူ၏ ငါ (သူ့နှင့်) တူ၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်' ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## တူမျှသူ၌ ဖြစ်သော 'ဟီနမာန်'

၈၇၄။ ထိုတွင် အဘယ်သည် တူသောသူ၏ ငါ (သူ့အောက်) ယုတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်' မည်သနည်း။

ဤလောက၌ အချို့သူသည် တူ၏။ အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့် လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း။ပ။ အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကို တစ်ပါးသူတို့အောက် အယုတ်အားဖြင့် ထား၏။ ထိုသူသည် ထိုကို မှီ၍ မှတ်ထင် ထောင်လွှား၏။ ဤသဘောရှိသော အကြင်အယုတ်အားဖြင့် မှတ်ထင်မာန်ထောင်မှု 'ဩမာန'၊ အယုတ်အားဖြင့် မှတ်ထင်မာန်ထောင်သော အခြင်းအရာ 'ဩမညနာ'၊ အယုတ်အားဖြင့် မှတ်ထင် မာန်ထောင်တတ်သည်၏ အဖြစ် 'ဩမညိတတ္တ'၊ ရှုတ်ချခြင်း 'ဟီဠနာ'၊ အယုတ်အားဖြင့် ရှုတ်ချသော အခြင်းအရာ 'ဩဟီဠနာ'၊ အယုတ်အားဖြင့် ရှုတ်ချတတ်သည်၏ အဖြစ် 'ဩဟီဠိတတ္တ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိမှု 'အတ္တုညာ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိသော အခြင်းအရာ 'အတ္တဝညာ'၊ မိမိ ကိုယ်ကို နှိမ့်ချမှု 'အတ္တပရိဘဝ'သည် ရှိ၏။ ဤသဘောကို တူသောသူ၏ ငါ (သူ့အောက်) ယုတ်၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်'ဟု ဆိုအပ်၏။

## ယုတ်သူ၌ ဖြစ်သော 'သေယျမာန်'

၈၇၅။ ထိုတွင် အဘယ်သည် ယုတ်သောသူ၏ ငါ (သူ့ထက်) မြတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'သေယျမာန်' မည်သနည်း။

ဤလောက၌ အချို့သူသည် ယုတ်၏။ အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့် လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း။ပ။ အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကို တစ်ပါးသူတို့ထက် အမြတ်ထား၏။ ထိုသူသည် ထိုကိုမှီ၍ မှတ်ထင်ထောင်လွှား၏၊ ဤသဘော ရှိသော အကြင်မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားတတ်သည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို ယုတ်သောသူ၏ ငါ (သူ့ထက်) မြတ်၏ဟူ၍ မှတ်ထင် ထောင်လွှားမှု 'သေယျမာန်'ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်

## ယုတ်သူ၌ ဖြစ်သော 'သဒိသမာန်'

၈၇၆။ ထိုတွင် အဘယ်သည် ယုတ်သောသူ၏ ငါ (သူ့နှင့်) တူ၏ဟု မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်' မည်သနည်း။

ဤလောက၌ အချို့သူသည် ယုတ်၏။ အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့် လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း။ပ။ အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကို တစ်ပါးသူတို့နှင့် အတူထား၏။ ထိုသူသည် ထိုကို မှီ၍ မှတ်ထင်ထောင်လွှား၏။ ဤသို့ သဘောရှိသော အကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားတတ်သည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ ထားခြင်း သဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ' သည် ရှိ၏။ ဤသဘောကို ယုတ်သောသူ၏ ငါ (သူ့နှင့်) တူ၏ဟူ၍ မှတ်ထင် ထောင်လွှားမှု 'သဒိသမာန်'ဟု ဆိုအပ်၏။

## ယုတ်သူ၌ ဖြစ်သော 'ဟီနမာန်'

၈၇၇။ ထိုတွင် အဘယ်သည် ယုတ်သော သူ၏ ငါ (သူ့အောက်) ယုတ်၏ ဟု မှတ်ထင် ထောင်လွှားမှု 'ဟီနမာန်' မည်သနည်း။

ဤလောက၌ အချို့သူသည် ယုတ်၏။ အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့် လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့် လည်းကောင်း။ပ။ အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကို တစ်ပါးသူတို့အောက် အယုတ်အားဖြင့် ထား၏။ ထိုသူသည် ထိုကို မှီ၍ အယုတ် အားဖြင့် ထောင်လွှား၏။ ဤသို့သဘောရှိသော အကြင် အယုတ်အားဖြင့် မှတ်ထင်ထောင်လွှားမှု 'ဩမာန'၊ အယုတ်အားဖြင့် မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'ဩမညနာ'၊ အယုတ်အားဖြင့် မှတ်ထင် ထောင်လွှား တတ်သည်၏ အဖြစ် 'ဩမညိတတ္တ'၊ ရှုတ်ချမှု 'ဟီဠနာ'၊ အယုတ်အားဖြင့်ရှုတ်ချသော အခြင်းအရာ 'ဩဟီဠနာ'၊ အယုတ်အားဖြင့် ရှုတ်ချတတ်သည်၏အဖြစ် 'ဩဟီဠိတတ္တ'၊ မိမိကိုယ်ကို အယုတ် အားဖြင့် သိမှု 'အတ္တုညာ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိသော အခြင်းအရာ 'အတ္တဝညာ'၊ မိမိကိုယ်ကို နှိမ့်ချမှု 'အတ္တပရိဘဝ'သည် ရှိ၏။ ဤသဘောကို ယုတ်သောသူ၏ ငါ (သူ့အောက်) ယုတ်၏ ဟူ၍ မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်'ဟု ဆိုအပ်၏။

## ထောင်လွှားမှု 'မာန'

၈၇၈။ ထိုတွင် အဘယ်သည် ထောင်လွှားမှု 'မာန' မည်သနည်း။

အကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင် ထောင်လွှားတတ်သည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ' သည် ရှိ၏။ ဤသဘောကို ထောင်လွှားမှု 'မာန' ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## အလွန်ထောင်လွှားမှု 'အတိမာန'

၈၇၉။ ထိုတွင် အဘယ်သည် အလွန်မှတ်ထင်ထောင်လွှားမှု 'အတိမာန' မည်သနည်း။

ဤလောက၌ အချို့သူသည် အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း။ပ။ အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကိုတစ်ပါးသူတို့ ထက် အလွန်မှတ်ထင် ထောင်လွှား၏။ ဤသို့သဘောရှိသော အကြင်မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင် ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားတတ်သည်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို အလွန်မှတ်ထင် ထောင်လွှားမှု 'အတိမာန' ဟု ဆိုအပ်၏။

## အလွန့်အလွန်ထောင်လွှားမှု 'မာနာတိမာန'

၈၈၀။ ထိုတွင် အဘယ်သည် အလွန့်အလွန်မှတ်ထင်ထောင်လွှားမှု 'မာနာတိမာန' မည်သနည်း။

ဤလောက၌ အချို့သူသည် အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း။ပ။ အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် ရှေးဦးကာလ မိမိကိုယ်ကို တစ်ပါးသူတို့နှင့် အတူထား၏၊ နောက်ကာလ မိမိကိုယ်ကို အမြတ်ထား၏။ ဤသို့ သဘောရှိသော အကြင်မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင် ထောင်လွှားတတ်သည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ '၊ မြှောက်၍ ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ' သည် ရှိ၏။ ဤသဘောကို အလွန့်အလွန် မှတ်ထင်ထောင်လွှားမှု 'မာနာတိမာန'ဟု ဆိုအပ်၏။

## အယုတ်မှတ်ထင်မာန်ထောင်မှု 'ဩမာန'

၈၈၁။ ထိုတွင် အဘယ်သည် အယုတ်အားဖြင့် မှတ်ထင်ထောင်လွှားမှု 'ဩမာန' မည်သနည်း။

ဤလောက၌ အချို့သူသည် အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့် လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့် လည်းကောင်း၊ အလုပ်အကိုင်ဖြင့် လည်းကောင်း၊ လက်မှုအတတ်ဖြင့် လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့် လည်းကောင်း၊ အကြားအမြင်ဖြင့် လည်းကောင်း၊ ပညာဖြင့် လည်းကောင်း အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် အယုတ်မှတ်ထင်မာန်ထောင်၏။ ဤသို့သဘောရှိသော အကြင်အယုတ် မှတ်ထင်မာန်ထောင်မှု 'ဩမာန'၊ အယုတ် မှတ်ထင်မာန်ထောင်သောအခြင်းအရာ 'ဩမညနာ'၊ အယုတ် မှတ်ထင်မာန်ထောင်တတ်သည်၏အဖြစ် 'ဩမညိတတ္တ'၊ ရှုတ်ချမှု 'ဟီဠနာ'၊ အယုတ် မှတ်ထင်ရှုတ်ချသော အခြင်းအရာ 'ဩဟီဠနာ'၊ အယုတ်ရှုတ်ချတတ်သည်၏အဖြစ် 'ဩဟီဠိတတ္တ'၊ မိမိကိုယ်ကို အယုတ် အားဖြင့် သိမှု 'အတ္တုညာ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိသော အခြင်းအရာ 'အတ္တဝညာ'၊ မိမိကိုယ်ကို နှိမ့်ချမှု 'အတ္တပရိဘဝ'သည် ရှိ၏။ ဤသဘောကို အယုတ် အားဖြင့် မာန်ထောင်မှု 'ဩမာန'ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ရန်ိုးခြင်း 'အဓိမာန'

၈၈၂။ ထိုတွင် အဘယ်သည် ရန်ိုးခြင်း 'အဓိမာန' မည်သနည်း။

မရောက်သည်၌ ရောက်၏ဟု မှတ်ထင်ခြင်း၊ မပြုသည်၌ ပြု၏ဟု မှတ်ထင်ခြင်း၊ မရသည်၌ ရ၏ဟုမှတ်ထင်ခြင်း၊ မျက်မှောက်မပြုသည်၌ မျက်မှောက်ပြု၏ဟု မှတ်ထင်ခြင်းသည် ရှိ၏။ ဤသို့သဘော ရှိသော အကြင် မှတ်ထင် ထောင်လွှားမှု 'မာန'၊ မှတ်ထင် ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင် ထောင်လွှားတတ်သည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ထားခြင်း သဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ' သည် ရှိ၏။ ဤသဘောကို ရန်ိုးခြင်း 'အဓိမာန' ဟု ဆိုအပ်၏။

## ငါဟု မှတ်ထင်ထောင်လွှားမှု 'အသ္မိမာန'

၈၈၃။ ထိုတွင် အဘယ်သည် ငါဖြစ်၏ဟု မှတ်ထင်ထောင်လွှားမှု 'အသ္မိမာန' မည်သနည်း။

ရုပ်သည် ငါဖြစ်၏ဟု မှတ်ထင်ထောင်လွှားမှု 'မာန'၊ ငါဖြစ်၏ဟု အလိုဖြစ်ခြင်း 'ဆန္ဒ'၊ ငါဖြစ်၏ဟုကိန်းခြင်း 'အနုသယ'၊ ခံစားမှု 'ဝေဒနာ'သည်။ပ။ မှတ်သားမှု 'သညာ' သည်။ပ။ ပြုစီရင်မှု 'သင်္ခါရ' တို့သည်။ပ။ သိမှု "ဝိညာဏ်"သည် ငါဖြစ်၏ဟု မှတ်ထင်ထောင်လွှားခြင်း ငါဖြစ်၏ဟု အလိုဖြစ်ခြင်း၊ ငါဖြစ်၏ဟု ကိန်းခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင် ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင် ထောင်လွှားတတ်သည်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ' သည် ရှိ၏။ ဤသဘောကို ငါဖြစ်၏ ဟူ၍ မှတ်ထင်ထောင်လွှားမှု 'အသ္မိမာန'ဟု ဆိုအပ်၏။

## မှားသောမာန်ထောင်ခြင်း 'မိစ္ဆာမာန'

၈၈၄။ ထိုတွင် အဘယ်သည် မှားသော မာန်ထောင်ခြင်း 'မိစ္ဆာမာန' မည်သနည်း။

ဤလောက၌ အချို့သူသည် ယုတ်မာသော အလုပ်အကိုင်ဖြင့် လည်းကောင်း၊ ယုတ်မာသော လက်မှု အတတ်ဖြင့် လည်းကောင်း၊ ယုတ်မာသော နှုတ်မှုအတတ်ဖြင့် လည်းကောင်း၊ ယုတ်မာသော အကြားအမြင်ဖြင့် လည်းကောင်း၊ ယုတ်မာသော ပညာဖြင့် လည်းကောင်း၊ ယုတ်မာသော အလေ့ဖြင့် လည်းကောင်း၊ ယုတ်မာသော အကျင့်ဖြင့် လည်းကောင်း၊ ယုတ်မာသော အလေ့အကျင့်ဖြင့် လည်းကောင်း၊ ယုတ်မာသောအယူဖြင့် လည်းကောင်း အမှတ်မထားသော အကြောင်းဖြင့် မာန်ထောင်၏။ ဤသဘောရှိသော အကြင်မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားတတ်သည်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ပဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'သေတုကမျတာ'သည် ရှိ၏။ ဤသဘောကို မှားသော မာန်ထောင်မှု 'မိစ္ဆာမာန'ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္

## ဉာတိဝိတက်

၈၈၅။ ထိုတွင် အဘယ်သည် ဆွေမျိုးတို့ကို အကြောင်းပြု၍ ကြံခြင်း ‘ဉာတိဝိတက်’ မည်သနည်း။

ဆွေမျိုးတို့ကို အကြောင်းပြု၍ တဏှာအိမ်ကို မှီသော ကြံခြင်း ‘တက္က’၊ အထူးကြံခြင်း ‘ဝိတက္က’၊ မှားသော ကြံခြင်း ‘မိစ္ဆာသင်္ကပ္ပ’သည် ရှိ၏။ ဤသဘောကို ဆွေမျိုးတို့ကို အကြောင်းပြု၍ ကြံခြင်း ‘ဉာတိဝိတက်’ ဟု ဆိုအပ်၏။

## ဇနပဒဝိတက်

၈၈၆။ ထိုတွင် အဘယ်သည် ဇနပုဒ်ကို အကြောင်းပြု၍ ကြံခြင်း ‘ဇနပဒဝိတက်’ မည်သနည်း။

ဇနပုဒ်ကို အကြောင်းပြု၍ တဏှာအိမ်ကို မှီသော ကြံခြင်း ‘တက္က’၊ အထူးကြံခြင်း ‘ဝိတက္က’၊ မှားသောကြံခြင်း ‘မိစ္ဆာသင်္ကပ္ပ’သည် ရှိ၏။ ဤသဘောကို ဇနပုဒ်ကို အကြောင်းပြု၍ ကြံခြင်း ‘ဇနပဒဝိတက်’ ဟု ဆိုအပ်၏။

## အမရဝိတက်

၈၈၇။ ထိုတွင် အဘယ်သည် မသေရန်ကြံခြင်း ‘အမရဝိတက်’ မည်သနည်း။

ပြုနိုင်ခဲသည်ကို ပြုခြင်းနှင့်လည်း စပ်သော မိစ္ဆာအယူနှင့်လည်း စပ်သော တဏှာအိမ်ကို မှီသောကြံခြင်း ‘တက္က’၊ အထူးကြံခြင်း ‘ဝိတက္က’၊ မှားသော ကြံခြင်း ‘မိစ္ဆာသင်္ကပ္ပ’သည် ရှိ၏။ ဤသဘောကိုမသေရန်ကြံခြင်း ‘အမရဝိတက်’ ဟု ဆိုအပ်၏။

## ပရာနုဒ္ဒယဝိတက်

၈၈၈။ ထိုတွင် အဘယ်သည် သူတစ်ပါးကို သနားခြင်းနှင့် စပ်သော ကြံခြင်း ‘ပရာနုဒ္ဒယဝိတက်’ မည်သနည်း။

ဤလောက၌ အချို့ရဟန်းသည် လူတို့နှင့် နှီးနှောလျက် နေ၏၊ နှစ်သက်အတူ စိုးရိမ်အတူ ဖြစ်၏၊ လူတို့ချမ်းသာကြသော် ချမ်းသာ၏၊ လူတို့ဆင်းရဲကြသော် ဆင်းရဲ၏၊ လူတို့ကိစ္စကြီးငယ် ဖြစ်လတ်သော် ကိုယ်တိုင်လည်း အားထုတ်ခြင်းသို့ ရောက်၏။ ထို၌ တဏှာအိမ်ကို မှီသော အကြင် ကြံခြင်း ‘တက္က’၊ အထူးကြံခြင်း ‘ဝိတက္က’၊ မှားသော ကြံခြင်း ‘မိစ္ဆာသင်္ကပ္ပ’သည် ရှိ၏။ ဤသဘောကို သူတစ်ပါးကိုသနားခြင်းနှင့် စပ်သော ကြံခြင်း ‘ပရာနုဒ္ဒယဝိတက်’ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## လာဘသက္ကာရဝိတက်

၈၈၉။ ထိုတွင် အဘယ်သည် လာဘ်ပပ်သကာ ပူဇော်သက္ကာရ အကျော်အစောနှင့်စပ်သော ကြံခြင်း "လာဘသက္ကာရ သိလောက ပဋိသံယုတ္တဝိတက်" မည်သနည်း။

လာဘ်ပပ်သကာ ပူဇော်သက္ကာရ အကျော်အစောကို အကြောင်းပြု၍ တဏှာအိမ်ကို မှီသော ကြံခြင်း 'တက္က'၊ အထူးကြံခြင်း 'ဝိတက္က'၊ မှားသော ကြံခြင်း 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို လာဘ်ပပ်သကာ ပူဇော်သက္ကာရ အကျော်အစောနှင့်စပ်သော ကြံခြင်း 'လာဘ သက္ကာရ သိလောက ပဋိသံယုတ္တဝိတက်'ဟု ဆိုအပ်၏။

## အနဝညတ္တိဝိတက်

၈၉၀။ ထိုတွင် အဘယ်သည် အထင်မသေးမှုနှင့် စပ်သော ကြံခြင်း 'အနဝညတ္တိ ပဋိသံယုတ္တဝိတက်' မည်သနည်း။

ဤလောက၌ အချို့သူသည် အမျိုးဖြင့် လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသား ဖြစ်ခြင်းဖြင့် လည်းကောင်း အလွန်အဆင်းလှခြင်းဖြင့် လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့်လည်းကောင်း၊ အလုပ်အကိုင်ဖြင့် လည်းကောင်း၊ လက်မှုအတတ်ဖြင့်လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့် လည်းကောင်း၊ အမှတ်မထားတစ်ပါးပါးသောအကြောင်းဖြင့် တစ်ပါးသူတို့သည် ငါ့ကို အထင်မသေးစေကုန်လင့် ဟု တဏှာအိမ်ကို မှီသောအကြင်ကြံခြင်း 'တက္က'၊ အထူးကြံခြင်း 'ဝိတက္က'၊ မှားသော ကြံခြင်း 'မိစ္ဆာသင်္ကပ္ပ' သည် ရှိ၏။ ဤသဘောကို အထင်မသေးမှုနှင့်စပ်သော ကြံခြင်း 'အနဝညတ္တိပဋိသံယုတ္တဝိတက်'ဟု ဆိုအပ်၏။

**တစ်ပါးစုတရားများကို အကျယ်ဖွင့်ပြခြင်း ပြီး၏။**

------

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ၂ - ဒုကနိဒ္ဒေသ

## နှစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း

### အမျက်ထွက်မှု 'ကောဓ'

၈၉၁။ ထိုတွင် အဘယ်သည် အမျက်ထွက်မှု 'ကောဓ' မည်သနည်း။

အကြင် အမျက်ထွက်မှု 'ကောဓ'၊ အမျက်ထွက်သော အခြင်းအရာ 'ကုဇ္ဈနာ'၊ အမျက်ထွက်တတ်သည်၏ အဖြစ် 'ကုဇ္ဈိတတ္တ'၊ ပြစ်မှားမှု 'ဒေါသ'၊ ပြစ်မှားသော အခြင်းအရာ 'ဒုဿနာ'၊ ပြစ်မှားတတ်သည်၏ အဖြစ် 'ဒုဿိတတ္တ'၊ ဖောက်ပြန်ပျက်စီးမှုသဘော 'ဗျာပတ္တိ'၊ ဖောက်ပြန်ပျက်စီးပုံ အခြင်းအရာ 'ဗျာပဇ္ဇနာ'၊ ဖောက်ပြန်ပျက်စီးတတ်သည်၏အဖြစ် 'ဗျာပဇ္ဇိတတ္တ'၊ ဆန့်ကျင်မှု 'ဝိရောဓ'၊ အထပ်ထပ်ဆန့်ကျင်မှု 'ပဋိဝိရောဓ'၊ ကြမ်းတမ်းမှု 'စဏ္ဍိက္က'၊ မကောင်းသဖြင့် ပြောဆိုခြင်း 'အသုရောပ' (မျက်ရည်ယိုမှု 'အဿုရောပ')၊ စိတ်နှလုံးမသာမှု 'အနတ္တမနတာ'သည် ရှိ၏။ ဤသဘောကို အမျက်ထွက်မှု 'ကောဓ' ဟု ဆိုအပ်၏။

### ရန်ငြိုးဖွဲ့မှု 'ဉပနာဟ'

ထိုတွင် အဘယ်သည် ရန်ငြိုးဖွဲ့မှု 'ဉပနာဟ' မည်သနည်း။

ရှေးကာလ (ဖြစ်သည်ကား) အမျက်ထွက်ခြင်းတည်း။ နောက်ကာလ (ဖြစ်သည်ကား) ရန်ငြိုးဖွဲ့ခြင်းတည်း။ ဤသို့ သဘောရှိသော အကြင် ရန်ငြိုးဖွဲ့မှု 'ဉပနာဟ'၊ ရန်ငြိုးဖွဲ့သော အခြင်းအရာ 'ဉပနယှနာ'၊ ရန်ငြိုးဖွဲ့ တတ်သည်၏အဖြစ် 'ဉပနယှိတတ္တ'၊ ရန်ငြိုးထားမှု 'အဋ္ဌပနာ'၊ ရန်ငြိုးထားသောအခြင်းအရာ 'ဌပနာ'၊ ပြင်းစွာရန်ငြိုးထားမှု 'သဏ္ဌပနာ'၊ တစ်စပ်တည်း ရန်ငြိုးထားမှု 'အနုသံသန္ဒနာ'၊ တစ်ဆက်တည်း ရန်ငြိုးဖွဲ့မှု 'အနုပ္ပဗန္ဓနာ'၊ စွဲမြဲစွာ ရန်ငြိုးဖွဲ့မှု 'ကောဓဒဠှီကမ္မ'သည် ရှိ၏။ ဤသဘောကိုရန်ငြိုးဖွဲ့မှု 'ဉပနာဟ' ဟု ဆိုအပ်၏။ (၁)

### ဂုဏ်ကျေးဇူးကို ခြေဖျက်မှု 'မက္ခ'

၈၉၂။ ထိုတွင် အဘယ်သည် ဂုဏ်ကျေးဇူးကို ခြေဖျက်မှု 'မက္ခ' မည်သနည်း။

အကြင် ဂုဏ်ကျေးဇူးကို ချေဖျက်မှု 'မက္ခ'၊ ချေဖျက်သော အခြင်းအရာ 'မက္ခာယနာ'၊ ချေဖျက်တတ်သည်၏အဖြစ် 'မက္ခာယိတတ္တ'၊ တံတွေးထွေးမှု 'နိဋ္ဌုရိယ'၊ တံတွေးထွေးခြင်းကို ပြုမှု 'နိဋ္ဌုရိယကမ္မ'သည် ရှိ၏။ ဤသဘောကို ဂုဏ်ကျေးဇူးကို ချေဖျက်မှု 'မက္ခ'ဟု ဆိုအပ်၏။

အပြိုင်ပြုမှု 'ပဠာသ'ထိုတွင် အဘယ်သည် အပြိုင်ပြုမှု 'ပဠာသ' မည်သနည်း။

အကြင် အပြိုင်ပြုမှု 'ပဠာသ'၊ အပြိုင်ပြုသောအခြင်းအရာ 'ပဠာသာယနာ'၊ အပြိုင်ပြုခြင်းကို ဆောင်မှု 'ပဠာသာဟာရ"၊ ငြင်းခုံခြင်းအကြောင်း 'ဝိဝါဒဋ္ဌာန'၊ တုပမှု 'ယုဂဂ္ဂါဟ'၊ မစွန့်လွှတ်မှု 'အပ္ပဋိနိဿဂ္ဂ' သည် ရှိ၏။ ဤသဘောကို အပြိုင်ပြုမှု 'ပဠာသ'ဟု ဆိုအပ်၏။ (၂)

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## မနာလိုမှု 'ဣဿာ'

၈၉၃။ ထိုတွင် အဘယ်သည် မနာလိုမှု 'ဣဿာ' မည်သနည်း။

သူတစ်ပါးတို့၏ လာဘ်ရမှု၊ အရိုအသေခံရမှု၊ အလေးပြုခံရမှု၊ မြတ်နိုးခံရမှု၊ ရှိခိုးခံရမှု၊ ပူဇော်ခံရမှုတို့၌ အကြင် မနာလိုမှု 'ဣဿာ'၊ မနာလိုသော အခြင်းအရာ 'ဣဿာယနာ'၊ မနာလိုသောအဖြစ် 'ဣဿာယိတတ္တ'၊ ငြူစူမှု 'ဥသူယာ'၊ ငြူစူသောအခြင်းအရာ 'ဥသူယနာ'၊ ငြူစူသောအဖြစ် 'ဥသူယိတတ္တ'သည် ရှိ၏။ ဤသဘောကို မနာလိုမှု 'ဣဿာ'ဟု ဆိုအပ်၏။

ဝန်တိုမှု 'မစ္ဆရိယ'ထိုတွင် အဘယ်သည် ဝန်တိုမှု 'မစ္ဆရိယ' မည်သနည်း။

ဝန်တိုမှုမစ္ဆရိယငါးပါးတို့ကား ကျောင်း၌ ဝန်တိုမှု၊ အမျိုး (ဒါယကာ)၌ ဝန်တိုမှု၊ ပစ္စည်း လာဘ်၌ ဝန်တိုမှု၊ အဆင်း၌ ဝန်တိုမှု၊ တရား၌ ဝန်တိုမှုတို့တည်း။ ဤသို့သဘောရှိသော အကြင်ဝန်တိုမှု 'မစ္ဆရိယ'၊ ဝန်တိုသော အခြင်းအရာ 'မစ္ဆရာယနာ'၊ ဝန်တိုသောအဖြစ် 'မစ္ဆရာယိတတ္တ'၊ ပျံ့နှံ့ခြင်းငှါအလို မရှိမှု 'ဝေဝိစ္ဆ'၊ ကပ်စေးနှဲမှု 'ကဒရိယ'၊ ခါးစပ်မှု 'ကဋုကဉ္စုကတာ'၊ ဝန်တိုသော စိတ်ကို ယူထားမှု 'စိတ္တဂ္ဂဟိတတ္တ' သည် ရှိ၏။ ဤသဘောကို ဝန်တိုမှု 'မစ္ဆရိယ'ဟု ဆိုအပ်၏။ (၃)

## လှည့်ပတ်မှု 'မာယာ'

၈၉၄။ ထိုတွင် အဘယ်သည် လှည့်ပတ်မှု 'မာယာ' မည်သနည်း။

ဤလောက၌ အချို့သူသည် ကိုယ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၍၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၍၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၍ ထို (မကောင်းသော အကျင့်) ကို ဖုံးလွှမ်းခြင်းငှါ ယုတ်မာသော အလိုကို ရှေ့ရှုထား၏။ ငါ့ကို မသိစေလင့်ဟု အလိုရှိ၏၊ ငါ့ကို မသိစေလင့်ဟုကြံစည်၏။ ငါ့ကို မသိစေလင့်ဟု စကားဆို၏၊ ငါ့ကို မသိစေလင့်ဟု ကိုယ်ဖြင့် လုံ့လပြု၏၊ ဤသို့သဘောရှိသော အကြင် လှည့်ပတ်မှု 'မာယာ'၊ လှည့်ပတ်သော အခြင်းအရာ 'မာယာဝိတာ'၊ ဖြားယောင်း မှု 'အစ္စာသရာ'၊ လိမ်လည်မှု 'ဝဉ္စနာ'၊ စဉ်းလဲမှု 'နိကတိ'၊ ဖရိုဖရဲကျမှု 'ဝိကိရဏာ'၊ ပစ်ပယ်မှု 'ပရိဟရဏာ'၊ လျှို့ဝှက်မှု 'ဂူဟနာ'၊ ထက်ဝန်းကျင် လျှို့ဝှက်မှု 'ပရိဂူဟနာ'၊ ဖုံးလွှမ်းမှု 'ဆာဒနာ'၊ အထပ်ထပ် ဖုံးလွှမ်းမှု 'ပဋိစ္ဆာဒနာ'၊ မပေါ်လွင်အောင်ပြုမှု 'အနုတ္တာနီကမ္မ'၊ ထင်စွာမပြုမှု 'အနာဝိကမ္မ'၊ အထူးဖုံးလွှမ်းခြင်း 'ဝေါစ္ဆာဒနာ'၊ မကောင်းသော အပြုအမူ 'ပါပကိရိယာ' သည် ရှိ၏။ ဤသဘောကို လှည့်ပတ်မှု 'မာယာ'ဟု ဆိုအပ်၏။

## ကောက်ကျစ်မှု 'သာဌေယျ'

ထိုတွင် အဘယ်သည် ကောက်ကျစ်မှု 'သာဌေယျ' မည်သနည်း။

ဤလောက၌ အချို့သူသည် ကောက်ကျစ်၏၊ ထက်ဝန်းကျင် ကောက်ကျစ်၏၊ ထို၌ အကြင်ကောက်ကျစ်မှု 'သဌ'၊ ကောက်ကျစ်သော အခြင်းအရာ 'သဌတာ'၊ ကောက်ကျစ်သော အဖြစ် 'သာဌေယျ'၊ ကြမ်းတမ်းသော အခြင်းအရာ 'ကက္ကရတာ'၊ ကြမ်းတမ်းမှု 'ကက္ကရိယ'၊ (အပြစ်ကို) ကာကွယ်သော အခြင်းအရာ 'ပရိက္ခတ္တတာ'၊ အပြစ်ကို ကာကွယ်မှု 'ပါရိက္ခတ္တိယ' သည် ရှိ၏။ ဤသဘောကို ကောက်ကျစ်မှု 'သာဌေယျ'ဟု ဆိုအပ်၏။ (၄)

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## မသိမှု 'အဝိဇ္ဇာ'

၈၉၅။ ထိုတွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိမှု 'အညာဏ'၊ မမြင်မှု 'အဒဿန'။ပ။ မသိမှုတံခါးကျင် 'အဝိဇ္ဇာလင်္ဂီ'၊ တွေဝေမှု 'မောဟ' ဟူသော အကုသိုလ်အမြစ်အရင်းသည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ' ထိုတွင် အဘယ်သည် ဘဝကို တပ်မက်မှု 'ဘဝတဏှာ' မည်သနည်း။

ဘဝတို့၌ အကြင်လိုချင်မှု 'ဘဝစ္ဆန္ဒ'၊ ဘဝ၌ တပ်မက်မှု 'ဘဝရာဂ'၊ ဘဝ၌ နှစ်သက်မှု 'ဘဝနန္ဒီ'၊ ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ'၊ ဘဝ၌ စေးကပ်မှု 'ဘဝသိနေဟ'၊ ဘဝ၌ ပူလောင်မှု 'ဘဝပရိဠာဟ'၊ ဘဝ၌ တွေဝေမှု 'ဘဝမုစ္ဆာ'၊ မျိုမတတ် ဘဝကို တပ်မက်မှု 'ဘဝဇ္ဈောသာန'သည် ရှိ၏။ ဤသဘောကို ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ'ဟု ဆိုအပ်၏။ (၅)

## ဘဝမြဲ၏ ဟူသောအယူ 'ဘဝဒိဋ္ဌိ'

၈၉၆။ ထိုတွင် အဘယ်သည် "ဘဝသည် မြဲ၏"ဟူသော အယူ 'ဘဝဒိဋ္ဌိ' မည်သနည်း။

"အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း ဖြစ်လတ္တံ့"ဟု ဤသို့သဘောရှိသော အကြင်မှားသော အယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ' သည် ရှိ၏။ ဤသဘောကို ဘဝကို မြဲ၏ဟူ၍ အယူရှိမှု 'ဘဝဒိဋ္ဌိ' ဟု ဆိုအပ်၏။

ဘဝပြတ်၏ဟူသော အယူ 'ဝိဘဝဒိဋ္ဌိ'ထိုတွင် အဘယ်သည် "ဘဝသည် ကင်းပြတ်၏"ဟူသော အယူ 'ဝိဘဝဒိဋ္ဌိ' မည်သနည်း။

"အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မဖြစ်လတ္တံ့"ဟု ဤသို့သဘောရှိသော အကြင် မှားသော အယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖောက်ပြန် မှားယွင်းသော အားဖြင့်စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို ဘဝကင်းပြတ်၏ဟူသော အယူ 'ဝိဘဝဒိဋ္ဌိ' ဟု ဆိုအပ်၏။ (၆)

## မြဲ၏ ဟူသောအယူ ‘သဿတဒိဋ္ဌိ’

၈၉၇။ ထိုတွင် အဘယ်သည် မြဲ၏ဟူသော အယူ ‘သဿတဒိဋ္ဌိ’ မည်သနည်း။

“အတ္တသည် လည်းကောင်း၊ လောကသည် လည်းကောင်း မြဲ၏”ဟု ဤသို့သဘောရှိသော အကြင်မှားသော အယူ ‘ဒိဋ္ဌိ’၊ မှားသော အယူဖြစ်မှု ‘ဒိဋ္ဌိဂတ’။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူမှု ‘ဝိပရိယာသဂ္ဂါဟ’သည် ရှိ၏။ ဤသဘောကို မြဲ၏ဟူသောအယူ ‘သဿတဒိဋ္ဌိ’ဟု ဆိုအပ်၏။

ပြတ်၏ဟူသောအယူ ‘ဥစ္ဆေဒဒိဋ္ဌိ’ထိုတွင် အဘယ်သည် ပြတ်၏ဟူသော အယူရှိမှု ‘ဥစ္ဆေဒဒိဋ္ဌိ’ မည်သနည်း။

“အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း ပြတ်လတ္တံ့”ဟု ဤသို့သဘောရှိသော အကြင်မှားသော အယူ ‘ဒိဋ္ဌိ’၊ မှားသော အယူဖြစ်မှု ‘ဒိဋ္ဌိဂတ’။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့်စွဲယူမှု ‘ဝိပရိယာသဂ္ဂါဟ’သည် ရှိ၏။ ဤသဘောကို ပြတ်၏ဟူသော အယူ ‘ဥစ္ဆေဒဒိဋ္ဌိ’ဟု ဆိုအပ်၏။ (၇)

## အန္တဝါဒိဋ္ဌိ

၈၉၈။ ထိုတွင် အဘယ်သည် အဆုံးရှိ၏ဟူသောအယူ ‘အန္တဝါဒိဋ္ဌိ’ မည်သနည်း။

“အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အဆုံးရှိ၏”ဟု ဤသို့သဘောရှိသော အကြင်မှားသော အယူ ‘ဒိဋ္ဌိ’၊ မှားသော အယူဖြစ်မှု ‘ဒိဋ္ဌိဂတ’။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့်စွဲယူမှု ‘ဝိပရိယာသဂ္ဂါဟ’သည် ရှိ၏။ ဤသဘောကို အဆုံးရှိ၏ဟူသော အယူ ‘အန္တဝါဒိဋ္ဌိ’ဟု ဆိုအပ်၏။

အနန္တဝါဒိဋ္ဌိထိုတွင် အဘယ်သည် ဘဝသည် အဆုံးမရှိဟူသောအယူ ‘အနန္တဝါဒိဋ္ဌိ’ မည်သနည်း။

“အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အဆုံးမရှိ”ဟု ဤသို့သဘောရှိသော အကြင်မှားသော အယူ ‘ဒိဋ္ဌိ’၊ မှားသော အယူဖြစ်မှု ‘ဒိဋ္ဌိဂတ’။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့်စွဲယူမှု ‘ဝိပရိယာ သဂ္ဂါဟ’သည် ရှိ၏။ ဤသဘောကို အဆုံးမရှိဟူသော အယူ ‘အန္တဝါဒိဋ္ဌိ’ဟု ဆိုအပ်၏။ (၈)

## ပုဗ္ဗန္တာနုဒိဋ္ဌိ

၈၉၉။ ထိုတွင် အဘယ်သည် ရှေ့အဖို့သို့ အစဉ်လိုက်သောအယူ ‘ပုဗ္ဗန္တာနုဒိဋ္ဌိ’ မည်သနည်း။

ရှေ့အဖို့ကို အကြောင်းပြု၍ ဖြစ်သော အကြင် မှားသောအယူ ‘ဒိဋ္ဌိ’၊ မှားသော အယူဖြစ်မှု ‘ဒိဋ္ဌိဂတ’။ပ။ ဖောက်ပြန် မှားယွင်းသောအားဖြင့် စွဲယူမှု ‘ဝိပရိယာသဂ္ဂါဟ’သည် ရှိ၏။ ဤသဘောကို ရှေ့အဖို့သို့ အစဉ်လိုက်သောအယူ ‘ပုဗ္ဗန္တာနုဒိဋ္ဌိ’ ဟု ဆိုအပ်၏။

အပရန္တာနုဒိဋ္ဌိ ထိုတွင်အဘယ်သည် နောက်အဖို့သို့ အစဉ်လိုက်သောအယူ ‘အပရန္တာနုဒိဋ္ဌိ’ မည်သနည်း။

နောက်အဖို့ကို အကြောင်းပြု၍ ဖြစ်သော အကြင်မှားသော အယူ ‘ဒိဋ္ဌိ’၊ မှားသောအယူဖြစ်မှု ‘ဒိဋ္ဌိဂတ’။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူမှု ‘ဝိပရိယာသဂ္ဂါဟ’သည် ရှိ၏။ ဤသဘောကို နောက်အဖို့သို့ အစဉ်လိုက်သော အယူ ‘အပရန္တာနုဒိဋ္ဌိ’ဟု ဆိုအပ်၏။ (၉)

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## အရှက်မရှိမှု 'အဟိရိက'

၉ဝဝ။ ထိုတွင် အဘယ်သည် အရှက်မရှိမှု 'အဟိရိက' မည်သနည်း။

အကြင် သဘောသည် ရှက်သင့်သော ကာယဒုစရိုက် စသည်ကို မရှက်တတ်၊ ယုတ်မာသော အကုသိုလ်တရားတို့သို့ ရောက်ခြင်းကို မရှက်တတ်။ ဤသဘောကို အရှက်မရှိမှု 'အဟိရိက'ဟု ဆိုအပ်၏။

အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ'ထိုတွင် အဘယ်သည် အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ' မည်သနည်း။

အကြင်သဘောသည် ကြောက်လန့်သင့်သော ကာယဒုစရိုက်စသည်မှ မကြောက်လန့်တတ်၊ ယုတ်မာသော အကုသိုလ်တို့သို့ ရောက်ခြင်းမှ မကြောက်လန့်တတ်။ ဤသဘောကို အကြောက်အလန့် မရှိမှု 'အနောတ္တပ္ပ'ဟု ဆိုအပ်၏။ (၁ဝ)

## ဆုံးမခက်မှု 'ဒေါဝစဿတာ'

၉ဝ၁။ ထိုတွင် အဘယ်သည် ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ' မည်သနည်း။

အကြောင်းနှင့်တကွ ဆိုဆုံးမသည်ရှိသော် ဆုံးမခက်သော အခြင်းအရာ 'ဒေါဝစဿာယ'၊ ဆုံးမခက်မှု 'ဒေါဝစဿိယ'၊ ဆုံးမခက်သည်၏အဖြစ် 'ဒေါဝစဿတာ'၊ ဆန့်ကျင်ဘက်ကို ယူလေ့ရှိမှု 'ဝိပ္ပဋိကုလဂ္ဂါဟိတာ'၊ ဆန့်ကျင်သည်ကို သာယာမှု 'ဝိပစ္စနီကသာတတာ'၊ မရိုသေမှု 'အနာဒရိယ'၊ မရိုသေသည်၏အဖြစ် 'အနာဒရတာ'၊ အလေးမပြုသည်၏ အဖြစ် 'အဂါရဝတာ'၊ မတုပ်ဝပ်သည်၏အဖြစ် 'အပ္ပတိဿဝတာ'သည် ရှိ၏။ ဤသဘောကို ဆုံးမခက်မှု 'ဒေါဝစဿတာ'ဟု ဆိုအပ်၏။

မကောင်းသော အဆွေခင်ပွန်းရှိမှု 'ပါပမိတ္တတာ' ထိုတွင် အဘယ်သည် မကောင်းသော အဆွေခင်ပွန်း ရှိမှု 'ပါပမိတ္တတာ' မည်သနည်း။

အကြင် ပုဂ္ဂိုလ်တို့သည် သဒ္ဓါတရားမရှိကုန်၊ သီလမရှိကုန်၊ အကြားအမြင်နည်းကုန်၏၊ ဝန်တိုကုန်၏၊ ပညာနည်းကုန်၏၊ ထိုသူတို့ကို အကြင်မှီဝဲခြင်းသည်၊ မပြတ်မှီဝဲခြင်း သည်၊ ကောင်းစွာ မှီဝဲခြင်းသည်၊ ဆည်းကပ်ခြင်းသည်၊ ကောင်းစွာ ဆည်းကပ်ခြင်းသည်၊ ခစားခြင်း သည်၊ ကောင်းစွာ ခစားခြင်းသည်၊ ထိုသူတို့၌ ကိုယ်စိတ်အားဖြင့် ညွတ်ကိုင်းသည်၏ အဖြစ်သည် ရှိ၏။ ဤသဘောကို မကောင်းသော အဆွေခင်ပွန်းရှိမှု 'ပါပမိတ္တတာ'ဟု ဆိုအပ်၏။ (၁၁)

# ခုဒ္ဒကဝတ္ထုပ္ပိဘင်္ဂ

## မဖြောင့်မတ်ခြင်း ‘အနဇ္ဇဝ’

၉၀၂။ ထိုတွင် အဘယ်သည် မဖြောင့်မတ်ခြင်း ‘အနဇ္ဇဝ’ မည်သနည်း။

အကြင် မဖြောင့်မတ်ခြင်းသည်၊ မဖြောင့်မတ်သော အခြင်းအရာသည်၊ (လရေးကောက်=အဖျား နှစ်ဖက်) ကောက်ခြင်းသည်၊ (နွားသေးကောက်=အစအဆုံး) ကွေးခြင်းသည်၊ (ထယ်ကိုင်းကောက်=အဖျား တစ်ဖက်) ကိုင်းခြင်းသည် ရှိ၏။ ဤသဘောကို မဖြောင့်မတ်မှု ‘အနဇ္ဇဝ’ ဟု ဆိုအပ်၏။

မနူးညံ့ခြင်း ‘အမဒ္ဒဝ’ထိုတွင် အဘယ်သည် မနူးညံ့ခြင်း ‘အမဒ္ဒဝ’ မည်သနည်း။

အကြင် မနူးညံ့ခြင်းသည်၊ မနူးညံ့သော အခြင်းအရာသည်၊ ခက်မာခြင်းသည်၊ ကြမ်းတမ်း ခြင်းသည်၊ ခက်မာတတ်သည်၏ အဖြစ်သည်၊ ခိုင်ခံ့ခြင်းသည်၊ (မနှိမ့်ချဘဲ) စိတ်ဖြောင့်ရှိခြင်း သည်၊ မနူးညံ့ခြင်းသည် ရှိ၏။ ဤသဘောကို မနူးညံ့မှု ‘အမဒ္ဒဝ’ဟု ဆိုအပ်၏။ (၁၂)

## သည်းမခံမှု ‘အက္ခန္တိ’

၉၀၃။ ထိုတွင် အဘယ်သည် သည်းမခံမှု ‘အက္ခန္တိ’ မည်သနည်း။

အကြင်သည်းမခံခြင်းသည်၊ သည်းမခံသော အခြင်းအရာသည်၊ ဆိတ်ဆိတ်မနေခြင်းသည်၊ ကြမ်းတမ်းခြင်းသည်၊ စကားကို ကောင်းစွာ မပြောနိုင်ခြင်းသည်၊ စိတ်နှလုံးမသာခြင်းသည် ရှိ၏။ ဤသဘောကိုသည်းမခံမှု ‘အက္ခန္တိ’ ဟု ဆိုအပ်၏။

မမွေ့လျော်မှု ‘အသောရစ္စ’ထိုတွင် အဘယ်သည် ကောင်းသောအမှု၌ မမွေ့လျော်မှု ‘အသောရစ္စ’ မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော လွန်ကျူးခြင်းသည်၊ နှုတ်ဖြင့် ပြုအပ်သော လွန်ကျူးခြင်းသည်၊ ကိုယ်နှုတ် ဖြင့်ပြုအပ်သော လွန်ကျူးခြင်းသည် ရှိ၏။ ဤသဘောကို ကောင်းသောအမှု၌ မမွေ့လျော်မှု ‘အသောရစ္စ’ဟု ဆိုအပ်၏။ သီလမရှိမှုအလုံးစုံကိုလည်းကောင်းသော အမှု၌ မမွေ့လျော်မှု ‘အသောရစ္စ’ ဟု ဆိုအပ်၏။ (၁၃)

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## မပြေပြစ်သောစကား ‘အသာခလျ’

၉၀၄။ ထိုတွင် အဘယ်သည် မပြေပြစ်သောစကား ‘အသာခလျ’ မည်သနည်း။

အကြင် စကားသည် ကြမ်းတမ်း၏၊ မချောမွတ်၊ သူတစ်ပါးနား၌ ခါးစပ်၏၊ သူတစ်ပါးကို ငြိကပ်တတ်၏၊ အမျက်ထွက်မှုနှင့် နီး၏၊ မတည်ကြည်ခြင်းကို ဖြစ်စေတတ်၏၊ ထိုသို့သဘောရှိသော စကားကို ဆို၏။ ထို၌ အကြင် မသိမ်မွေ့သောစကား၊ မပြေပြစ်သောစကား၊ ကြမ်းတမ်းသော စကားသည် ရှိ၏။ ဤသဘောကို မပြေပြစ်သောစကား ‘အသာခလျ’ ဟု ဆိုအပ်၏။

မစေ့စပ်မှု ‘အပ္ပဋိသန္ထာရ’ထိုတွင် အဘယ်သည် မစေ့စပ်မှု ‘အပ္ပဋိသန္ထာရ’ မည်သနည်း။

စေ့စပ်ခြင်းတို့ကား ပစ္စည်းအာမိသဖြင့် စေ့စပ်ခြင်း ‘အာမိသပဋိသန္ထာရ’၊ တရားဓမ္မဖြင့် စေ့စပ်ခြင်း ‘ဓမ္မပဋိသန္ထာရ’ဟူ၍ နှစ်ပါးရှိ၏။ ဤလောက၌ အချို့သူသည် ပစ္စည်းအာမိသဖြင့် စေ့စပ်ခြင်းဖြင့်သော်လည်းကောင်း တရားဓမ္မဖြင့်စေ့စပ်ခြင်းဖြင့်သော်လည်းကောင်း မစေ့စပ်တတ်၊ ဤသဘောကို မစေ့စပ်မှု ‘အပ္ပဋိသန္ထာရ’ ဟု ဆိုအပ်၏။ (၁၄)

## ဣန္ဒြေမစောင့်ထိန်းမှု

၉၀၅။ ထိုတွင် အဘယ်သည် ဣန္ဒြေတို့၌ တံခါးကို မစောင့်ရှောက်မှု မည်သနည်း။

ဤလောက၌ အချို့သူသည် မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် (ယောကျ်ား မိန်းမစသော) ပုံသဏ္ဌာန်နိမိတ်ကို စွဲယူလေ့ရှိ၏။ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အသေးစိတ် အမှတ် လက္ခဏာကို စွဲယူလေ့ရှိ၏၊ အကြင်စက္ခုန္ဒြေကို မစောင့်စည်းခြင်း တည်းဟူသော အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကိုမက်မောခြင်း ‘အဘိဇ္ဈာ’၊ နှလုံးမသာယာခြင်း ‘ဒေါမနဿ’ဟု ဆိုအပ်ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲ နှိပ်စက် ကုန်ရာ၏။ ထိုစက္ခုန္ဒြေကို စောင့်ရှောက်ခြင်းငှါ မကျင့်၊ စက္ခုန္ဒြေကို မစောင့်ရှောက်၊ စက္ခုန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ မရောက်။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် (ယောကျ်ားမိန်းမစသော) ပုံသဏ္ဌာန်နိမိတ်ကို စွဲယူလေ့ရှိ၏။ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်ခြင်းစသော အမူအရာ) အသေးစိတ် အမှတ်လက္ခဏာကို စွဲယူလေ့ရှိ၏၊ အကြင် မနိန္ဒြေကို မစောင့်စည်းခြင်းတည်းဟူသော အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောခြင်း ‘အဘိဇ္ဈာ’၊ နှလုံးမသာယာခြင်း ‘ဒေါမနဿ’ဟု ဆိုအပ်ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရား တို့သည် အဖန်တလဲလဲ နှိပ်စက်ကုန်ရာ၏။ ထိုမနိန္ဒြေကို စောင့်ရှောက်ခြင်းငှါ မကျင့်၊ မနိန္ဒြေကို မစောင့်ရှောက်၊ မနိန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ မရောက်။ ဤဣန္ဒြေ ခြောက်ပါးတို့ကို အကြင်မလုံခြုံစေခြင်းသည် မလုံခြုံစေသော အခြင်းအရာသည်၊ မစောင့်ရှောက်ခြင်းသည်၊ မပိတ်ပင်ခြင်းသည် ရှိ၏။ ဤသဘောကို ဣန္ဒြေတို့၌ တံခါးကို မစောင့်ရှောက်ခြင်းဟု ဆိုအပ်၏။

ဘောဇဉ်၌ အတိုင်းအရှည် မသိမှုထိုတွင် အဘယ်သည် ဘောဇဉ်၌ အတိုင်းအရှည်မသိမှု မည်သနည်း။

ဤလောက၌ အချို့သူသည် မသင့်သော အကြောင်းအားဖြင့် (ပညာဖြင့်) မဆင်ခြင်မူ၍ မြူးထူးနိုင်ရန် အလို့ငှါ ယစ်မူးနိုင်ရန်အလို့ငှါ ခန္ဓာကိုယ်ပြည့်ဖြိုးရန်အလို့ငှါ အသားအရေ ကြည်လင်ရန် အလို့ငှါ အစာအာဟာရကို စားသောက်၏။ ထိုတွင် ဘောဇဉ်၌ အကြင် မရောင့်ရဲခြင်းသည် အတိုင်းအရှည်ကို မသိခြင်းသည် ဘောဇဉ်၌ မဆင်ခြင်ခြင်းသည် ရှိ၏။ ဤသဘောကို ဘောဇဉ်၌ အတိုင်းအရှည်ကို မသိမှုဟု ဆိုအပ်၏။ (၁၅)

## သတိလွတ်မှု 'မုဋ္ဌဿစ္စ'

၉၀၆။ ထိုတွင် အဘယ်သည် သတိလွတ်မှု 'မုဋ္ဌဿစ္စ' မည်သနည်း။

အကြင် မအောက်မေ့မှု 'အဿတိ'၊ အဖန်ဖန်မအောက်မေ့မှု 'အနနုဿတိ'၊ အထပ်ထပ် မအောက်မေ့မှု 'အပ္ပဋိဿတိ'၊ မအောက်မေ့မှု 'အဿတိ'၊ မအောက်မေ့သော အခြင်းအရာ 'အဿရဏတာ'၊ မဆောင်နိုင်သော အခြင်းအရာ 'အဓာရဏတာ'၊ ပေါ်သောအခြင်းအရာ 'ပိလာပနတာ'၊ မေ့သော အခြင်းအရာ 'သမ္မုသနတာ'သည် ရှိ၏။ ဤသဘောကို သတိလွတ်မှု 'မုဋ္ဌဿစ္စ' ဟု ဆိုအပ်၏။

ပညာမရှိမှု 'အသမ္ပဇည'ထိုတွင် အဘယ်သည် ပညာမရှိမှု 'အသမ္ပဇည' မည်သနည်း။

အကြင် မသိမှု 'အညာဏ'၊ မမြင်မှု 'အဒဿန'။ပ။ မသိမှုတံခါးကျင် 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော တွေဝေမှု 'မောဟအကုသလမူလ'သည် ရှိ၏။ ဤသဘောကို ပညာမရှိမှု 'အသမ္ပဇည'ဟု ဆိုအပ်၏။ (၁၆)

## သီလပျက်စီးမှု 'သီလဝိပတ္တိ'

၉၀၇။ ထိုတွင် အဘယ်သည် သီလပျက်စီးမှု 'သီလဝိပတ္တိ' မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော လွန်ကျူးမှု၊ နှုတ်ဖြင့် ပြုအပ်သော လွန်ကျူးမှု၊ ကိုယ်နှုတ်ဖြင့် ပြုအပ်သော လွန်ကျူးမှုသည် ရှိ၏။ ဤသဘောကို သီလပျက်စီးမှု 'သီလဝိပတ္တိ'ဟု ဆိုအပ်၏။ သီလမရှိခြင်း အလုံးစုံကိုလည်း 'သီလဝိပတ္တိ'ဟု ဆိုအပ်၏။

အယူပျက်စီးမှု 'ဒိဋ္ဌိဝိပတ္တိ'ထိုတွင် အဘယ်သည် အယူပျက်စီးမှု 'ဒိဋ္ဌိဝိပတ္တိ' မည်သနည်း။

ပေးလှူခြင်း (အကျိုး) သည် မရှိ၊ ယဇ်ကြီး (အလှူကြီး) ပူဇော်ရခြင်း အကျိုးသည် မရှိ။ပ။ ဤလောကကို လည်းကောင်း၊ တမလွန်လောကကို လည်းကောင်း၊ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက် ပြုကာ ပြောကြားနိုင်ကုန်သော၊ ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော၊ ကောင်းသော အကျင့် ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်ဟု ဤသို့သဘောရှိသော မှားသော အယူသည်၊ မှားသော အယူဖြစ်ခြင်းသည်။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူမှုသည် ရှိ၏။ ဤသဘောကို အယူပျက်စီးမှု 'ဒိဋ္ဌိဝိပတ္တိ' ဟု ဆိုအပ်၏။ မှားသောအယူ အလုံးစုံကိုလည်း 'ဒိဋ္ဌိဝိပတ္တိ'ဟု ဆိုအပ်၏။ (၁၇)

# ခုဒ္ဒကဝတ္ထုပိဘာဂ်

## အဇ္ဈတ္တသံယောဇဉ်

၉၀၈။ ထိုတွင် အဘယ်သည် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တ'သံယောဇဉ် မည်သနည်း။

အောက်မဂ်သည် ပယ်အပ်သော သံယောဇဉ် ငါးပါးတို့သည် အတွင်းသန္တာန်၌[၂]ဖြစ်သော 'အဇ္ဈတ္တ' သံယောဇဉ်တည်း။

အထက်မဂ်သည် ပယ်အပ်သော သံယောဇဉ် ငါးပါးတို့သည် အပသန္တာန်၌[၃]ဖြစ်သော 'ဗဟိဒ္ဓ' သံယောဇဉ်တည်း။ (၁၈)

**နှစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း ပြီး၏။**

------

၁။ အသုရောပ ရှိလျှင် မျက်ရည်ယိုမှုဟု ပြန်လေ၊ မူကွဲ
၂။ "အတွင်းသန္တာန်၌ ဖြစ်"ဟူသည် ကာမဘဝတည်း။
၃။ "အပသန္တာန်၌ ဖြစ်"ဟူသည် ရူပဘဝ အရူပဘဝတို့တည်း။ သမ္မော၊ ၄။ ၄၇၆။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ၃ - တိကနိဒ္ဒေသ

## (သုံးပါးစုတရားများကို အကျယ်ပြဆိုခြင်း)

## (၁) အကုသိုလ်အခြေအမြစ်သုံးပါး

၉၀၉။ ထိုတွင် အဘယ်တို့သည် အကုသိုလ်တို့၏ အခြေအမြစ်အရင်းမူလသုံးပါးတို့ မည်သနည်း။

လိုချင်မှု 'လောဘ'၊ ပြစ်မှားမှု 'ဒေါသ'၊ တွေဝေမှု 'မောဟ' တို့တည်း။

**လိုချင်မှု 'လောဘ'။** ။ ထိုတွင် အဘယ်သည် လိုချင်မှု 'လောဘ' မည်သနည်း။

အကြင်တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'၊ အဖန်ဖန်ဆွဲဆောင်မှု 'အနုနယ'၊ မဆန့်ကျင်မှု 'အနုရောဓ'၊ နှစ်သက်မှု 'နန္ဒီ'၊ နှစ်သက်တပ်မက်မှု 'နန္ဒိရာဂ'၊ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တဿ သာရာဂ'၊ လိုလားမှု 'ဣစ္ဆာ'၊ တပ်မက် တွေဝေမှု 'မုစ္ဆာ'၊ မျိုမတတ်တပ်မက်မှု 'အဇ္ဈောသာန'၊ ဆာလောင်မှု 'ဂေဓ'၊ ထက်ဝန်းကျင်ဆာလောင်မှု 'ပလိဂေဓ'၊ တွယ်တာမှု 'သင်္ဂ'၊ စေးကပ်မှု 'ပင်္က'၊ ဆွဲငင်မှု 'ဧဇာ'၊ လှည့်ပတ်မှု 'မာယာ'၊ ဖြစ်စေမှု 'ဇနိကာ'၊ ကောင်းစွာ ဖြစ်စေမှု 'သဉ္ဇနနီ'၊ ချုပ်စပ်မှု 'သိဗ္ဗိနီ'၊ ဖွဲ့ယှက်မှု 'ဇာလိနီ'၊ အောက်မေ့စီးဆင်းမှု 'သရိတာ'၊ စွဲငြိမှု 'ဝိသတ္တိကာ'၊ ယိုစီးမှု 'သောတ'၊ ပျံ့နှံ့တပ်မက်မှု 'ဝိသဋ္ဌာ'၊ (အာရုံကို) ရရန်အားထုတ်မှု 'အာယူဟနီ'၊ အဖော်ဖြစ်မှုသဘော 'ဒုတိယာ'၊ တောင့်တမှု 'ပဏိဓိ'၊ ဘဝ၌ နှောင်ဖွဲ့တတ်သော ကြိုးနှင့်တူသော သဘော 'ဘဝနေတ္တိ'၊ တောနှင့်တူသော သဘော 'ဝန'၊ တောကြီးနှင့်တူသော သဘော 'ဝနထ'၊ ပေါင်းဖော်ခြင်းသဘော 'သန္ထဝ'၊ စေးကပ်ခြင်း သဘော 'သိနေဟ'၊ ငဲ့ကွက်ခြင်းသဘော 'အပေက္ခာ'၊ အထပ်ထပ်နှောင်ဖွဲ့ခြင်းသဘော 'ပဋိဗန္ဓု'၊ လိုချင်မှု'အာသာ'၊ လိုချင်သော အခြင်းအရာ 'အာသီသနာ'၊ လိုချင်တတ်သည်၏ အဖြစ် 'အာသီသိတတ္တ'၊ ရူပါရုံကို လိုချင်မှု 'ရူပါသာ'၊ သဒ္ဒါရုံကို လိုချင်မှု 'သဒ္ဒါသာ'၊ ဂန္ဓာရုံကို လိုချင်မှု 'ဂန္ဓာသာ'၊ ရသာရုံကိုလိုချင်မှု 'ရသာသာ'၊ ဖောဋ္ဌဗ္ဗာရုံကို လိုချင်မှု 'ဖောဋ္ဌဗ္ဗာသာ'၊ လာဘ်ကို လိုချင်မှု 'လာဘာသာ'၊ ဥစ္စာကိုလိုချင်မှု 'ဓနာသာ'၊ သားသမီးကို လိုချင်မှု 'ပုတ္တာသာ'၊ အသက်ကို လိုချင်မှု 'ဇီဝိတာသာ'၊ ငါ့ဥစ္စာဟုပြောဆို စေတတ်သော သဘော 'ဇပ္ပါ'၊ အလွန်ပြောဆိုစေတတ်သော သဘော 'အဘိဇပ္ပါ'၊ ပြောဆိုစေတတ်သော အခြင်းအရာ 'ဇပ္ပနာ'၊ ပြောဆိုစေတတ်သည်၏အဖြစ် 'ဇပ္ပိတတ္တ'၊ အာရုံ၌ လုယက်ခြင်းသဘော 'လောလုပ္ပ'၊ အာရုံ၌ လုယက်သောအခြင်းအရာ 'လောလုပ္ပါယနာ'၊ အာရုံ၌ လုယက် တတ်သည်၏ အဖြစ် 'လောလုပ္ပါယိ တတ္တ'၊ အမြီးနန့်သကဲ့သို့ ဖြစ်သောသဘော 'ပုစ္ဆဉ္ဇိကတာ'၊ အကောင်းကြိုက်မှု 'သာဓုကမျတာ'၊ မတရား တပ်မက်မှု 'အဓမ္မရာဂ'၊ အဆမတန်လိုချင်မှု 'ဝိသမလောဘ'၊ နှစ်သက်မှု 'နိကန္တိ'၊ နှစ်သက်သော အခြင်းအရာ 'နိကာမနာ'၊ မျှော်လင့်မှု 'ပတ္ထနာ'၊ ချစ်ခင်မှု 'ပိဟနာ'၊ အလွန်မျှော်လင့်မှု 'သမ္ပတ္ထနာ'၊ ကာမဂုဏ်၌ တပ်မက်မှု 'ကာမတဏှာ'၊ ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ'၊ ဘဝကင်းပြတ်သည်၌ တပ်မက်မှု 'ဝိဘဝတဏှာ'၊ ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ'၊ အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ'၊ ဘဝချုပ်ခြင်း၌ တပ်မက်မှု 'နိရောဓတဏှာ'၊ အသံ၌ တပ်မက်မှု 'သဒ္ဒတဏှာ'၊ အနံ့၌ တပ်မက်မှု 'ဂန္ဓတဏှာ'၊ အရသာ၌ တပ်မက်မှု 'ရသတဏှာ'၊ အတွေ့၌ တပ်မက်မှု 'ဖောဋ္ဌဗ္ဗတဏှာ'၊ တရား၌ တပ်မက်မှု 'ဓမ္မတဏှာ'၊ ဝဋ်ဆင်းရဲ၌ နစ်မြုပ်စေခြင်းသဘော 'ဩဃ'၊ ယှဉ်စေခြင်းသဘော 'ယောဂ'၊ ထုံးဖွဲ့ခြင်းသဘော 'ဂန္ထ'၊ စွဲလန်းမှုသဘော 'ဥပါဒါန်'၊ ပိတ်ပင်ခြင်းသဘော 'အာဝရဏ'၊ တားမြစ်ခြင်းသဘော 'နီဝရဏ'၊ ဖုံးကွယ်ခြင်းသဘော 'ဆဒန'၊ နှောင်ဖွဲ့ခြင်းသဘော 'ဗန္ဓန'၊ ညစ်နွမ်းစေတတ်သောသဘော 'ဥပက္ကိလေသ'၊ ဖြစ်ပေါ်တတ်သောသဘော 'အနုသယ'၊ ထကြွတတ်သောသဘော 'ပရိယုဋ္ဌာန'၊ ရစ်ပတ်တတ်သော သဘော 'လတာ'၊

အမျိုးမျိုးအလိုရှိခြင်းသဘော ‘ဝေဝိစ္ဆ’၊ ဆင်းရဲမှု၏ အခြေအမြစ် ‘ဒုက္ခမူလ’၊ ဆင်းရဲမှု၏ အကြောင်းရင်း ‘ဒုက္ခနိဒါန’၊ ဆင်းရဲမှု၏ အမွန်အစ ‘ဒုက္ခပ္ပဘဝ’၊ မာရ်မင်းကျော့ကွင်း ‘မာရပါသ’၊ မာရ်မင်းငါးမျှားချိတ် ‘မာရဗဠိသ’၊ မာရ်မင်း၏ နယ်ပယ် ‘မာရဝိသယ’၊ တပ်မက်မှုတဏှာမြစ် ‘တဏှာနဒီ’၊ တပ်မက်မှုကွန်ရက် ‘တဏှာဇာလ’၊ တပ်မက်မှုတဏှာတောက် ‘တဏှာဂဒ္ဒုလ’၊ တပ်မက်မှုတဏှာသမုဒ္ဒရာ ‘တဏှာသမုဒ္ဒ’၊ လိုချင်မက်မောမှု ‘အဘိဇ္ဈာ’၊ လိုချင်မှု ‘လောဘ’ဟူသော အကုသိုလ်တို့၏ အခြေအမြစ် အရင်းမူလသည် ရှိ၏။ ဤသဘောကို လိုချင်မှု ‘လောဘ’ဟု ဆိုအပ်၏။

**ဖျက်ဆီးပြစ်မှားမှု ‘ဒေါသ’။** ။ ထိုတွင် အဘယ်သည် ဖျက်ဆီးပြစ်မှားမှု ‘ဒေါသ’ မည်သနည်း။

ငါ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီဟု ရန်ငြိုးဖွဲ့မှု ‘အာဃာတ’သည် ဖြစ်၏။ ငါ၏ အကျိုးမဲ့ကို ပြုကျင့်ဆဲဟု ရန်ငြိုးဖွဲ့မှု ‘အာဃာတ’သည် ဖြစ်၏။ ငါ၏အကျိုးမဲ့ကို ပြုကျင့်လတ္တံ့ဟု ရန်ငြိုးဖွဲ့မှု ‘အာဃာတ’ သည်ဖြစ်၏။ ငါ့ ချစ်သူ ခင်မင်သူ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီဟု။ပ။ အကျိုးမဲ့ကို ပြုကျင့်ဆဲဟု။ပ။ အကျိုးမဲ့ကို ပြုကျင့်လတ္တံ့ဟု ရန်ငြိုးဖွဲ့မှု ‘အာဃာတ’သည် ဖြစ်၏။ ငါမချစ်သူ မခင်မင်သူ၏ အကျိုးစီးပွါးကို ပြုကျင့်ခဲ့ပြီဟု။ပ။ အကျိုးစီးပွါးကို ပြုကျင့်ဆဲဟု။ပ။ အကျိုးစီးပွါးကို ပြုကျင့်လတ္တံ့ဟု ရန်ငြိုးဖွဲ့မှု ‘အာဃာတ’သည် ဖြစ်၏။ အရာမဟုတ်သည်၌ လည်း ရန်ငြိုးဖွဲ့မှု ‘အာဃာတ’သည် ဖြစ်၏။ ဤသို့သဘောရှိသော စိတ်၏ အကြင်ရန်ငြိုးဖွဲ့မှု ‘အာဃာတ’၊ အထပ်ထပ်ရန်ငြိုးဖွဲ့မှု ‘ပဋိဃာတ’၊ ထိပါးမှု ‘ပဋိဃ’၊ အလွန်ဆန့်ကျင်မှု ‘ပဋိဝိရောဓ’၊ စိတ်ဆိုးမှု ‘ကောပ’၊ အလွန်စိတ်ဆိုးမှု ‘ပကောပ’၊ ပြင်းစွာ စိတ်ဆိုးမှု ‘သမ္ပကောပ’၊ ဖျက်ဆီးပြစ်မှားမှု ‘ဒေါသ’၊ လွန်စွာဖျက်ဆီး ပြစ်မှားမှု ‘ပဒေါသ’၊ ပြင်းစွာ ဖျက်ဆီးပြစ်မှားမှု ‘သမ္ပဒေါသ’၊ စိတ်ဖောက်ပြန်မှု ‘စိတ္တဗျာပတ္တိ’၊ စိတ်ပျက်စီးမှု ‘မနောပဒေါသ’၊ အမျက်ထွက်မှု ‘ကောဓ’၊ အမျက်ထွက်သော အခြင်းအရာ ‘ကုဇ္ဈနာ’၊ အမျက်ထွက်သည်၏ အဖြစ် ‘ကုဇ္ဈိတတ္တ’၊ ဖျက်ဆီးပြစ်မှားမှု ‘ဒေါသ’၊ ဖျက်ဆီးပြစ်မှားသော အခြင်းအရာ ‘ဒုဿနာ’၊ ဖျက်ဆီးပြစ်မှားသည်၏ အဖြစ် ‘ဒုဿိတတ္တ’၊ ဖောက်ပြန်ပျက်စီးမှု ‘ဗျာပတ္တိ’၊ ဖောက်ပြန်ပျက်စီးသော အခြင်းအရာ ‘ဗျာပဇ္ဇနာ’၊ ဖောက်ပြန်ပျက်စီးသည်၏ အဖြစ် ‘ဗျာပဇ္ဇိတတ္တ’၊ ဆန့်ကျင်မှု ‘ဝိရောဓ’၊ အထပ်ထပ်ဆန့်ကျင်မှု ‘ပဋိဝိရောဓ’၊ ကြမ်းတမ်းမှု ‘စဏ္ဍိက္က’၊ ကောင်းစွာ မပြောဆိုနိုင်ခြင်း ‘အသုရောပ’၊ စိတ်မနှစ်လိုမှု ‘အနတ္တမနတာ’ သည် ရှိ၏။ ဤသဘောကို ဖျက်ဆီးပြစ်မှားမှု ‘ဒေါသ’ဟု ဆိုအပ်၏။

**တွေဝေမှု ‘မောဟ’။** ။ ထိုတွင် အဘယ်သည် တွေဝေမှု ‘မောဟ’ မည်သနည်း။

ဆင်းရဲခြင်း၌ မသိမှု၊ ဆင်းရဲဖြစ်ကြောင်း၌ မသိမှု၊ ဆင်းရဲချုပ်ရာ၌ မသိမှု၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ မသိမှု၊ ရှေ့အဖို့၌ မသိမှု၊ နောက်အဖို့၌ မသိမှု၊ ရှေ့နောက်အဖို့၌ မသိမှု၊ အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော အကျိုးတရား (ဟူသော ပဋိစ္စသမုပ္ပါဒ်) တို့၌ မသိမှုသည် ရှိ၏။ ဤသို့ သဘောရှိသော အကြင် မသိမှု ‘အညာဏ’၊ မမြင်မှု ‘အဒဿန’။ပ။ အဝိဇ္ဇာတည်းဟူသော တံခါးကျင် ‘အဝိဇ္ဇာလင်္ဂီ’၊ တွေဝေမှု ‘မောဟ’ဟူသော အကုသိုလ်တို့၏ အခြေအမြစ်အရင်းမူလသည် ရှိ၏။ ဤသဘောကို တွေဝေမှု “မောဟ”ဟု ဆိုအပ်၏။

ဤသည်တို့သည် အကုသိုလ်တို့၏ အခြေအမြစ်အရင်းမူလသုံးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၂) အကုသိုလ်ဝိတက်သုံးပါး

၉၁၀။ ထိုတွင် အဘယ်တို့သည် အကုသိုလ်ဝိတက်သုံးပါးတို့နည်း။ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် တို့တည်း။

**ကာမဝိတက်။** ။ ထိုတွင် အဘယ်သည် ကာမဝိတက် မည်သနည်း။

လိုချင်မှု 'ကာမ'နှင့် စပ်သော ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'၊ မှားယွင်းသော ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို ကာမဝိတက်ဟု ဆိုအပ်၏။

**ဗျာပါဒဝိတက်။** ။ ထိုတွင် အဘယ်သည် ဗျာပါဒဝိတက် မည်သနည်း။

ပျက်စီးစေလိုမှု 'ဗျာပါဒ' နှင့် စပ်သော ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'၊ မှားယွင်းသော ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို ဗျာပါဒဝိတက်ဟု ဆိုအပ်၏။

**ဝိဟိံသာဝိတက်။** ။ ထိုတွင် အဘယ်တို့သည် ဝိဟိံသာဝိတက် မည်သနည်း။

ညှဉ်းဆဲမှု 'ဝိဟိံသာ'နှင့် စပ်သော ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'၊ မှားယွင်းသော ကြံစည်မှု "မိစ္ဆာသင်္ကပ္ပ"သည် ရှိ၏။ ဤသဘောကို ဝိဟိံသာဝိတက်ဟု ဆိုအပ်၏။

ဤသည်တို့သည် အကုသိုလ်ဝိတက်သုံးပါးတို့တည်း။

## (၃) အကုသိုလ်သညာသုံးပါး

၉၁၁။ ထိုတွင် အဘယ်တို့သည် အကုသိုလ်သညာသုံးပါးတို့နည်း။ ကာမသညာ, ဗျာပါဒသညာ, ဝိဟိံသာသညာ တို့တည်း။

**ကာမသညာ။** ။ ထိုတွင် အဘယ်သည် ကာမသညာ မည်သနည်း။

လိုချင်မှု 'ကာမ'နှင့် စပ်သော မှတ်သားမှု 'သညာ'၊ မှတ်သားသော အခြင်းအရာ 'သဉ္ဇာနနာ'၊ မှတ်သားသည်၏အဖြစ် 'သဉ္ဇာနိတတ္တ'သည် ရှိ၏။ ဤသဘောကို 'ကာမသညာ'ဟု ဆိုအပ်၏။

**ဗျာပါဒသညာ။** ။ ထိုတွင် အဘယ်သည် ဗျာပါဒသညာ မည်သနည်း။

ပျက်စီးစေလိုမှု 'ဗျာပါဒ'နှင့် စပ်သော မှတ်သားမှု 'သညာ'၊ မှတ်သားသော အခြင်းအရာ 'သဉ္ဇာနနာ'၊ မှတ်သားသည်၏အဖြစ် 'သဉ္ဇာနိတတ္တ' သည် ရှိ၏။ ဤသဘောကို 'ဗျာပါဒသညာ' ဟု ဆိုအပ်၏။

**ဝိဟိံသာသညာ။** ။ ထိုတွင် အဘယ်သည် ဝိဟိံသာသညာ မည်သနည်း။

'ညှဉ်းဆဲမှု' ဝိဟိံသာနှင့် စပ်သော မှတ်သားမှု 'သညာ'၊ မှတ်သားသော အခြင်းအရာ 'သဉ္ဇာနနာ'၊ မှတ်သားသည်၏အဖြစ် 'သဉ္ဇာနိတတ္တ'သည် ရှိ၏။ ဤသဘောကို 'ဝိဟိံသာသညာ' ဟု ဆိုအပ်၏။

ဤသည်တို့သည် အကုသိုလ်သညာသုံးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၄) အကုသိုလ်ဓာတ်သုံးပါး

၉၁၂။ ထိုတွင် အဘယ်တို့သည် အကုသိုလ်ဓာတ်သုံးပါးတို့နည်း။ ကာမဓာတ်, ဗျာပါဒဓာတ်, ဝိဟိံသာဓာတ် တို့တည်း။

**ကာမဓာတ်။** ။ ထိုတွင် အဘယ်သည် ကာမဓာတ် မည်သနည်း။

ကာမဝိတက်သည် ကာမဓာတ်မည်၏။

**ဗျာပါဒဓာတ်။** ။ ဗျာပါဒဝိတက်သည် ဗျာပါဒဓာတ်မည်၏။

**ဝိဟိံသာဓာတ်။** ။ ဝိဟိံသာဝိတက်သည် ဝိဟိံသာဓာတ်မည်၏။ ထိုတွင် အဘယ်သည် "ကာမဝိတက်" မည်သနည်း။

လိုချင်မှု 'ကာမ'နှင့် စပ်သော ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'၊ မှားသော ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို "ကာမဝိတက်"ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "ဗျာပါဒဝိတက်" မည်သနည်း။

ပျက်စီးစေလိုမှု 'ဗျာပါဒ' နှင့် စပ်သော ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'၊ မှားသော ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို "ဗျာပါဒဝိတက်"ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "ဝိဟိံသာဝိတက်" မည်သနည်း။

ညှဉ်းဆဲမှု 'ဝိဟိံသာ'နှင့် စပ်သော ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'၊ မှားသော ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို "ဝိဟိံသာဝိတက်" ဟု ဆိုအပ်၏။

ဤသည်တို့သည် အကုသိုလ်ဓာတ်သုံးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၅) ဒုစရိုက် ၃-ပါး

၉၁၃။ ထိုတွင် အဘယ်တို့သည် ဒုစရိုက်သုံးပါးတို့နည်း။ ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ကာယဒုစရိုက်'၊ နှုတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ဝစီဒုစရိုက်'၊ စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'မနောဒုစရိုက်' တို့တည်း။

**ကာယဒုစရိုက်။** ။ ထိုတွင် အဘယ်သည် ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ကာယဒုစရိုက်' မည်သနည်း။

အသက်ကို သတ်ခြင်းသည်၊ မပေးသည်ကို ယူခြင်းသည်၊ ကာမဂုဏ်တို့၌ မှားသော ကျင့်ခြင်းသည် ရှိ၏။ ဤသဘောကို ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ကာယဒုစရိုက်'ဟု ဆိုအပ်၏။

**ဝစီဒုစရိုက်။** ။ ထိုတွင် အဘယ်သည် နှုတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' မည်သနည်း။

မမှန်သည်ကို ပြောဆိုခြင်းသည်၊ ကုန်းစကားကို ပြောဆိုခြင်းသည်၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းသည်၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းသည် ရှိ၏။ ဤသဘောကို နှုတ်ဖြင့်ပြုအပ်သော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' ဟု ဆိုအပ်၏။

**မနောဒုစရိုက်။** ။ ထိုတွင် အဘယ်သည် စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'မနောဒုစရိုက်' မည်သနည်း။

သူတစ်ပါးပစ္စည်းကို မတရားလိုချင်တပ်မက်မှု 'အဘိဇ္ဈာ'၊ ပျက်စီးစေလိုမှု 'ဗျာပါဒ'၊ မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောကို စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'မနောဒုစရိုက်'ဟု ဆိုအပ်၏။

## တစ်နည်း ဒုစရိုက် ၃-ပါး

ထိုတွင် အဘယ်သည် ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ကာယဒုစရိုက်' မည်သနည်း။

အကုသိုလ် ကာယကံသည် ကာယဒုစရိုက်မည်၏၊ အကုသိုလ် ဝစီကံသည် ဝစီဒုစရိုက်မည်၏။

အကုသိုလ် မနောကံသည် မနောဒုစရိုက်မည်၏။ ထိုတွင် အဘယ်သည် အကုသိုလ် ကာယကံ မည်သနည်း။

အကုသိုလ်ဖြစ်သော ကိုယ်၌ ဖြစ်သည့် စေတနာသည် အကုသိုလ်ကာယကံ မည်၏။ အကုသိုလ်ဖြစ်သော နှုတ်၌ ဖြစ်သည့် စေတနာသည် အကုသိုလ်ဝစီကံ မည်၏။ အကုသိုလ်ဖြစ်သော စိတ်၌ ဖြစ်သည့် စေတနာသည် အကုသိုလ်မနောကံမည်၏။ ဤသည်တို့သည် ဒုစရိုက်သုံးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၆) အလွန်ယိုစီးမှု 'အာသဝတရား' သုံးပါး။

၉၁၄။ ထိုတွင် အဘယ်တို့သည် အလွန်ယိုစီးမှု 'အာသဝ' သုံးပါးတို့နည်း။ ကာမ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ကာမာသဝ'၊ (ရူပ, အရူပ) ဘဝ၌ တပ်မက်မှုဟူသော ယိုစီးခြင်း 'ဘဝါသဝ'၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ယိုစီးခြင်း 'အဝိဇ္ဇာသဝ'တို့တည်း။

**ကာမာသဝ**။ ။ ထိုတွင် အဘယ်သည် ကာမ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ကာမာသဝ' မည်သနည်း။

ကာမဂုဏ်တို့၌ အကြင် လိုချင်တောင့်တမှု 'ကာမစ္ဆန္ဒ'၊ လိုချင်တပ်စွန်းမှု 'ကာမရာဂ'၊ လိုချင်နှစ်သက်မှု 'ကာမနန္ဒီ'၊ လိုချင်တပ်မက်မှု 'ကာမတဏှာ'၊ လိုချင်ကပ်ငြိမှု 'ကာမသိနေဟ'၊ လိုချင်ပူလောင်မှု 'ကာမပရိဠာဟ'၊ လိုချင်မိန်းမောမှု 'ကာမမုစ္ဆာ'၊ မျိုမတတ်လိုချင်မှု 'ကာမဇ္ဈောသာန'သည် ရှိ၏။ ဤသဘောကို ကာမ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ကာမာသဝ'ဟု ဆိုအပ်၏။

**ဘဝါသဝ**။ ။ ထိုတွင် အဘယ်သည် (ရူပ, အရူပ) ဘဝ၌ တပ်မက်မှုဟူသော ယိုစီးခြင်း 'ဘဝါသဝ' မည်သနည်း။

ရူပဘဝ အရူပဘဝတို့၌ အကြင် လိုချင်တောင့်တမှုဘဝဆန္ဒ။ပ။ ဘဝကို မျိုမတပ် လိုချင်မှု 'ဘဝဇ္ဈောသာန' သည် ရှိ၏။ ဤသဘောကို (ရူပ, အရူပ) ဘဝ၌ တပ်မက်မှုဟူသောယိုစီးခြင်း 'ဘဝါသဝ'ဟု ဆိုအပ်၏။

**အဝိဇ္ဇာသဝ**။ ။ ထိုတွင် အဘယ်သည် မသိမှုအဝိဇ္ဇာဟူသော ယိုစီးခြင်း 'အဝိဇ္ဇာသဝ' မည်သနည်း။

ဆင်းရဲမှုဒုက္ခသစ္စာ၌ မသိမှု 'အညာဏ'။ပ။ တံခါးကျင်နှင့်တူသော မသိမှု 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မသိမှု 'မောဟအကုသလမူလ'သည် ရှိ၏။ ဤသဘောကို မသိမှု အဝိဇ္ဇာ ဟူသော ယိုစီခြင်း 'အဝိဇ္ဇာသဝ' ဟု ဆိုအပ်၏။

ဤသည်တို့သည် အလွန်ယိုစီးမှုအာသဝတရားသုံးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၇) သံယောဇဉ် သုံးပါး

၉၁၅။ ထိုတွင် အဘယ်တို့သည် သံယောဇဉ်သုံးပါးတို့နည်း။

ထင်ရှားရှိသော ခန္ဓာကိုယ်၌ အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'၊ (ခွေး, နွား စသည်တို့၏) အလေ့အကျင့်တို့ကို (ကိလေသာ စင်ကြယ်ကြောင်းဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ' တို့တည်း။

**သက္ကာယဒိဋ္ဌိ။** ။ ထိုတွင် အဘယ်သည် သက္ကာယဒိဋ္ဌိ မည်သနည်း။

ဤသာသနာတော်၌ အကြားအမြင်နည်းပါးသော၊ အရိယာတို့ကို ဖူးမြင်လေ့မရှိသော၊ အရိယာတရား၌ မလိမ္မာသော၊ အရိယာတရား၌ မဆုံးမအပ်သော၊ သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိသော၊ သူတော်ကောင်း တရား၌ မလိမ္မာသော၊ သူတော်ကောင်းတရား၌ မဆုံးမအပ်သော ပုထုဇဉ်သည် ရုပ်ကိုအတ္တဟု ရှု၏၊ အတ္တကို ရုပ်ရှိ၏ဟုလည်း ရှု၏၊ အတ္တ၌ ရုပ်ဟုလည်း ရှု၏၊ ရုပ်၌ အတ္တဟုလည်း ရှု၏။ ဝေဒနာကို။ပ။ သညာကို။ပ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို အတ္တဟု ရှု၏၊ အတ္တကို ဝိညာဏ်ရှိ၏ဟုလည်း ရှု၏၊ အတ္တ၌ ဝိညာဏ်ဟုလည်း ရှု၏၊ ဝိညာဏ်၌ အတ္တဟုလည်း ရှု၏၊ ဤသို့သဘောရှိသော အကြင် မှားသောအမြင် 'ဒိဋ္ဌိ'၊ မှားသောအယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖောက်ပြန် မှားယွင်းသော အားဖြင့် စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို 'သက္ကာယဒိဋ္ဌိ' ဟု ဆိုအပ်၏။

**ဝိစိကိစ္ဆာ။** ။ ထိုတွင် အဘယ်သည် ယုံမှားမှု 'ဝိစိကိစ္ဆာ' မည်သနည်း။

ဘုရား၌ ယုံမှား၏၊ တရား၌ ယုံမှား၏၊ သံဃာ၌ ယုံမှား၏၊ ကျင့်ဝတ် (သိက္ခာ)၌ ယုံမှား၏၊ ရှေ့အစွန်း၌ ယုံမှား၏၊ နောက်အစွန်း၌ ယုံမှား၏၊ ရှေ့အစွန်း နောက်အစွန်း၌ ယုံမှား၏၊ အကြောင်းကို စွဲ၍ အကျိုးဖြစ်မှု 'ပဋိစ္စသမုပ္ပါဒ်'တရားတို့၌ ယုံမှား၏၊ ဤသို့သဘောရှိသော အကြင်ယုံမှားမှု 'ကင်္ခါ'၊ ယုံမှားသော အခြင်းအရာ 'ကင်္ခါယနာ'၊ ယုံမှားတတ်သည်၏အဖြစ် 'ကင်္ခါယိတတ္တ'၊ စိတ်ခက်တရော်ဖြစ်မှု 'စိတ္တထမ္ဘိတတ္တ'၊ နှလုံးအရေးအကြောင်းဖြစ်မှု 'မနောဝိလေခ'သည် ရှိ၏၊ ဤသဘောကို ယုံမှားမှု 'ဝိစိကိစ္ဆာ' ဟု ဆိုအပ်၏။

**သီလဗ္ဗတပရာမာသ။** ။ ထိုတွင် အဘယ်သည် 'သီလဗ္ဗတပရာမာသ' မည်သနည်း။

ဤသာသနာတော်မှ အပဖြစ်သော သမဏဗြာဟ္မဏတို့၏ (နွား ခွေးစသည်တို၏) အလေ့ 'သီလ' ဖြင့် (ကိလေသာ) စင်ကြယ်၏၊ (နွား ခွေးစသည်တို၏) အကျင့် 'ဝတ'ဖြင့် (ကိလေသာ) စင်ကြယ်၏၊ (နွား ခွေး စသည်တို့၏) အလေ့အကျင့် 'သီလဗ္ဗတ'ဖြင့် (ကိလေသာ) စင်ကြယ်၏ဟု ဤသို့သဘောရှိသော အကြင် မှားသောအယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖေါက်ပြန် မှားယွင်းသော အားဖြင့်စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို 'သီလဗ္ဗတပရာမာသ'ဟု ဆိုအပ်၏။

ဤသည်တို့သည် သံယောဇဉ်သုံးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်

## (၈) တဏှာသုံးပါး

၉၁၆။ ။ ထိုတွင် အဘယ်တို့သည် တပ်မက်ခြင်း 'တဏှာ' သုံးပါးတို့နည်း။ ကာမဂုဏ်၌ တပ်မက်မှု 'ကာမတဏှာ'၊ ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ'၊ ဘဝကင်းပြတ်သည်၌ တပ်မက်မှု 'ဝိဘဝတဏှာ' တို့တည်း။

**ဘဝတဏှာ။** ။ ထိုတွင် အဘယ်သည် ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ' မည်သနည်း။

ဘဝမြဲ၏ဟု အယူမှားခြင်း 'ဘဝဒိဋ္ဌိ' နှင့် တကွသော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ' ဟု ဆိုအပ်၏။

**ဝိဘဝတဏှာ။** ။ ထိုတွင် အဘယ်သည် ဘဝကင်းပြတ်သည်၌ တပ်မက်မှု 'ဝိဘဝတဏှာ' မည်သနည်း။

ဘဝကင်းပြတ်၏ဟု အယူမှားခြင်း 'ဥစ္ဆေဒဒိဋ္ဌိ' နှင့် တကွသော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို ဘဝကင်းပြတ်သည်၌ တပ်မက်မှု 'ဝိဘဝတဏှာ'ဟု ဆိုအပ်၏။

**ကာမတဏှာ။** ။ ကြွင်းသော တပ်မက်ခြင်းသည် ကာမဂုဏ်၌ တပ်မက်မှု 'ကာမတဏှာ' တည်း။

တစ်နည်းအားဖြင့်-

ထိုတွင်အဘယ်သည်ကာမဂုဏ်၌ တပ်မက်မှု 'ကာမတဏှာ' မည်သနည်း။

ကာမဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ကာမဂုဏ်၌ တပ်မက်မှု 'ကာမတဏှာ'ဟု ဆိုအပ်၏။

ရူပဓာတ်, အရူပဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ'ဟု ဆိုအပ်၏။

ဘဝကင်းပြတ်၏ဟု အယူမှားခြင်း 'ဥစ္ဆေဒဒိဋ္ဌိ'နှင့် တကွသော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို ဘဝကင်းပြတ်သည်၌ တပ်မက်မှု 'ဝိဘဝတဏှာ'ဟု ဆိုအပ်၏။

ဤသည်တို့သည် တဏှာသုံးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၉) တစ်နည်း တဏှာသုံးပါး

၉၁၇။ ။ ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် တပ်မက်ခြင်း တဏှာသုံးပါးတို့နည်း။ ကာမဘုံ၌ တပ်မက်မှု 'ကာမတဏှာ'၊ ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ'၊ အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ' တို့တည်း။

ထိုတွင် အဘယ်သည် ကာမဘုံ၌ တပ်မက်မှု 'ကာမတဏှာ' မည်သနည်း။

ကာမဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ကာမဘုံ၌ တပ်မက်မှု 'ကာမတဏှာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ' မည်သနည်း။

ရူပဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ' မည်သနည်း။

အရူပဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ'ဟု ဆိုအပ်၏။

ဤသည်တို့သည် တပ်မက်ခြင်း 'တဏှာ' သုံးပါတို့တည်း။

## (၁၀) တစ်နည်း တဏှာသုံးပါး

၉၁၈။ ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် တပ်မက်မှု 'တဏှာ' သုံးပါးတို့နည်း။ ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ'၊ အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ'၊ ဘဝချုပ်ငြိမ်းသည်၌ တပ်မက်မှု 'နိရောဓတဏှာ'တို့တည်း။

ထိုတွင် အဘယ်သည် ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ' မည်သနည်း။

ရူပဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ' မည်သနည်း။

အရူပဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ဘဝချုပ်ငြိမ်းသည်၌ တပ်မက်မှု 'နိရောဓတဏှာ' မည်သနည်း။

ဘဝကင်းပြတ်၏ဟု အယူမှားခြင်း 'ဥစ္ဆေဒဒိဋ္ဌိ'နှင့် တကွသော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို ဘဝ ချုပ်ငြိမ်းသည်၌ တပ်မက်မှု 'နိရောဓတဏှာ'ဟု ဆိုအပ်၏။

ဤသည်တို့သည် တပ်မက်ခြင်း 'တဏှာ' သုံးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်

## (၁၁) ရှာမှီးမှုဧသနာ သုံးပါး

၉၁၉။ ထိုတွင် အဘယ်တို့သည် ရှာမှီးမှု 'ဧသနာ' သုံးပါးတို့နည်း။ ကာမဂုဏ်ကို ရှာမှီးမှု 'ကာမေသနာ'၊ ဘဝကို ရှာမှီးမှု 'ဘဝေသနာ'၊ (မှားသောအယူ အကျင့်ဖြင့်) ပြဟ္မစရိယကို ရှာမှီးမှု 'ပြဟ္မစရိယေသနာ'တို့တည်း။

**ကာမေသနာ။** ။ ထိုတွင် အဘယ်သည် ကာမဂုဏ်ကို ရှာမှီးမှု 'ကာမေသနာ' မည်သနည်း။

ကာမဂုဏ်တို့၌ အကြင် လိုလားတောင့်တမှု 'ကာမစ္ဆန္ဒ'။ပ။ မျိုမတတ်လိုလားမှု 'ကာမဇ္ဈောသာန' သည်ရှိ၏။ ဤသဘောကို ကာမဂုဏ်ကို ရှာမှီးမှု 'ကာမေသနာ'ဟု ဆိုအပ်၏။

**ဘဝေသနာ။** ။ ထိုတွင် အဘယ်သည် ဘဝကို ရှာမှီးမှု 'ဘဝေသနာ' မည်သနည်း။

ဘဝတို့၌ အကြင် လိုချင်တောင့်တမှု 'ဘဝစ္ဆန္ဒ'။ပ။ မျိုမတတ်လိုလားမှု 'ဘဝဇ္ဈောသာန'သည် ရှိ၏။ ဤသဘောကို ဘဝကို ရှာမှီးမှု 'ဘဝေသနာ'ဟု ဆိုအပ်၏။

**ပြဟ္မစရိယေသနာ။** ။ ထိုတွင် အဘယ်သည် (မှားသော အယူ အကျင့်) ပြဟ္မစရိယကို ရှာမှီးမှု 'ပြဟ္မစရိယေသနာ' မည်သနည်း။

လောကသည် မြဲ၏ဟူ၍လည်းကောင်း၊ လောကသည် မမြဲဟူ၍လည်းကောင်း။ပ။ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ဟူ၍လည်းကောင်း ဤသို့သဘော ရှိသော အကြင် မှားသောအမြင် 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖေါက်ပြန် မှားယွင်းသော အားဖြင့် ယူစွဲမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို (မှားသောအယူ အကျင့်ဖြင့်) ပြဟ္မစရိယကို ရှာမှီးမှု 'ပြဟ္မစရိယေသနာ'ဟု ဆိုအပ်၏။

တစ်နည်းအားဖြင့်ကား-

ထိုတွင်အဘယ်သည် ကာမဂုဏ်ကို ရှာမှီးမှု 'ကာမေသနာ' မည်သနည်း။

ကာမဂုဏ်၌ တပ်စွဲခြင်း 'ကာမရာဂ'၊ ထိုကာမရာဂနှင့် တကွဖြစ်သော အကုသိုလ်ကာယကံ, ဝစီကံ, မနောကံသည် ရှိ၏။ ဤသဘောကို ကာမဂုဏ်ကို ရှာမှီးမှု 'ကာမေသနာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ဘဝကို ရှာမှီးမှု 'ဘဝေသနာ' မည်သနည်း။

ဘဝ၌ တပ်ခြင်း 'ဘဝရာဂ'၊ ထိုဘဝရာဂနှင့် တကွဖြစ်သော အကုသိုလ်ကာယကံ, ဝစီကံ, မနောကံ သည် ရှိ၏။ ဤသဘောကို ဘဝကို ရှာမှီးမှု 'ဘဝေသနာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် (မှားသောအယူ အကျင့်ဖြင့်) ပြဟ္မစရိယကို ရှာမှီးမှု 'ပြဟ္မစရိယေသနာ' မည်သနည်း။

ဘဝသည် အဆုံးရှိ၏ဟု စွဲယူခြင်း ဒိဋ္ဌိ၊ ထိုဒိဋ္ဌိနှင့် တကွဖြစ်သော အကုသိုလ်ကာယကံ, ဝစီကံ, မနောကံသည် ရှိ၏။ ဤသဘောကို (မှားသောအယူ အကျင့်ဖြင့်) ပြဟ္မစရိယကို ရှာမှီးမှု 'ပြဟ္မစရိယေသနာ' ဟု ဆိုအပ်၏။

ဤသည်တို့သည် ရှာမှီးခြင်း 'ဧသနာ' သုံးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၁၂) မာန်ထောင်မှု 'ဝိဓ'သုံးမျိုး

၉၂၀။ ထိုတွင် အဘယ်တို့သည် မာန်ထောင်မှု 'ဝိဓ' သုံးမျိုးတို့ မည်သနည်း။

ငါ (သင့်ထက်) မြတ်၏ဟု မာန်ထောင်မှု 'သေယျဝိဓ'၊ ငါ (သင်နှင့်) တူ၏ဟု မာန်ထောင်မှု 'သဒိသဝိဓ'၊ ငါ (သင့်အောက်) ယုတ်၏ဟု မာန်ထောင်မှု 'ဟီနဝိဓ'သည် ရှိ၏။ ဤသည်တို့သည် မာန်ထောင်မှု 'ဝိဓ'သုံးပါး တို့တည်း။

## (၁၃) ဘေးသုံးပါး

၉၂၁။ ထိုတွင် အဘယ်တို့သည် ကြောက်အပ်သော ဘေးသုံးပါးတို့နည်း။ ဖြစ်မှု (ပဋိသန္ဓေနေခြင်း) ဟူသော ဇာတိဘေး၊ အိုမှုဟူသော ဇရာဘေး၊ သေမှုဟူသော မရဏဘေးတို့တည်း။

**ဇာတိဘေး။** ။ ထိုတွင် အဘယ်သည် ဖြစ်မှုဟူသော ပဋိသန္ဓေနေခြင်း ဇာတိဘေး မည်သနည်း။

ဖြစ်မှု (ပဋိသန္ဓေ) ကို စွဲ၍ ကြောက်ခြင်းသည်၊ ကြောက်ဖွယ်ဖြစ်ခြင်းသည်၊ ကိုယ်ခက်တရော်ဖြစ်ခြင်းသည်၊ အမွေးတို့၏ရှင်ခြင်း (ကြက်သီးမွေးညင်းထခြင်း) သည် စိတ်ထိတ်လန့်ခြင်းသည် ရှိ၏။ ဤသဘောကို ဖြစ်မှုဟူသော ပဋိသန္ဓေနေခြင်း ဇာတိဘေးဟု ဆိုအပ်၏။

**ဇရာဘေး။** ။ ထိုတွင် အဘယ်သည် အိုမှုဟူသော ဇရာဘေး မည်သနည်း။

အိုမှုကိုစွဲ၍ ကြောက်ခြင်းသည်၊ ကြောက်ဖွယ်ဖြစ်ခြင်းသည်၊ ကိုယ်ခက်တရော်ဖြစ်ခြင်းသည်၊ အမွေးတို့၏ ရှင်ခြင်း (ကြက်သီးမွေးညင်းထခြင်း) သည် စိတ်ထိတ်လန့်ခြင်းသည် ရှိ၏။ ဤသဘောကို အိုမှု ဟူသော ဇရာဘေး ဟု ဆိုအပ်၏။

**မရဏဘေး။** ။ ထိုတွင် အဘယ်သည် သေမှုဟူသော မရဏဘေး မည်သနည်း။

သေမှုကိုစွဲ၍ ကြောက်ခြင်းသည်၊ ကြောက်ဖွယ်ဖြစ်ခြင်းသည်၊ ကိုယ်ခက်တရော်ဖြစ်ခြင်းသည်၊ အမွေးတို့၏ ရှင်ခြင်း (ကြက်သီးမွေးညင်းထခြင်း) သည်၊ စိတ်ထိတ်လန့်ခြင်းသည် ရှိ၏။ ဤသဘောကို သေမှု ဟူသော မရဏဘေးဟု ဆိုအပ်၏။

ဤသည်တို့သည် ကြောက်အပ်သော ဘေးသုံးပါးတို့တည်း။

## (၁၄) အမိုက်သုံးပါး

၉၂၂။ ထိုတွင် အဘယ်တို့သည် အမိုက်သုံးပါးတို့နည်း။ အတိတ်ကာလကို အကြောင်းပြု၍ ယုံမှား၏၊ သို့လော သို့လော တွေးတော၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ အနာဂတ်ကာလကို အကြောင်းပြု၍လည်း ယုံမှား၏၊ သို့လော သို့လော တွေးတော၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ ယခု ပစ္စုပ္ပန်ကာလကို အကြောင်းပြု၍လည်း ယုံမှား၏၊ သို့လောသို့လော တွေးတော၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ ဤသည်တို့သည် အမိုက်သုံးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၁၅) ဆိပ်ကမ်းပမာ တိတ္ထိတို့၏ အယူများပေါက်ဖွားရာ အကြောင်းသုံးပါး

၉၂၃။ ထိုတွင် အဘယ်တို့သည် ဆိပ်ကမ်းပမာ တိတ္ထိတို့၏ အယူများ ပေါက်ဖွားရာ အကြောင်း သုံးပါးတို့နည်း။

**ပုဗ္ဗကမ္မဝါဒ။** ။ ဤလောက၌ အချို့သော သမဏဗြာဟ္မဏသည် ဤသို့ ဝါဒရှိ၏၊ ဤသို့ အယူရှိ၏- "ဤသတ္တဝါဖြစ်သော ပုဂ္ဂိုလ်သည် အကြင်တစ်စုံတစ်ခုသော ချမ်းသာသုခကို ဖြစ်စေ၊ ဆင်းရဲဒုက္ခကို ဖြစ်စေ၊ ချမ်းသာဆင်းရဲမဟုတ်သည့် (ဥပေက္ခာ) ကို ဖြစ်စေ ခံစား၏။ ထိုခံစားမှု အားလုံးသည် ရှေးကပြုဖူးသော အကြောင်းကံကြောင့်သာလျှင် ဖြစ်၏"ဟု အယူရှိ၏။

**ဣဿရနိမ္မာနဝါဒ။** ။ ဤလောက၌ အချို့သော သမဏဗြာဟ္မဏသည်ကား ဤသို့ ဝါဒရှိ၏၊ ဤသို့အယူရှိ၏- "ဤသတ္တဝါဖြစ်သော ပုဂ္ဂိုလ်သည် အကြင် တစ်စုံတစ်ခုသော ချမ်းသာ သုခကိုဖြစ်စေ၊ ဆင်းရဲဒုက္ခကို ဖြစ်စေ၊ ချမ်းသာဆင်းရဲ မဟုတ်သည့် (ဥပေက္ခာ) ကို ဖြစ်စေ ခံစား၏။ ထိုခံစားမှု အားလုံးသည် လောကကို အစိုးရသည့် ပြဟ္မာကြီး ဖန်ဆင်းမှု ဟူသောအကြောင်းကြောင့်သာလျှင် ဖြစ်၏" ဟု အယူရှိ၏။

**အဟေတုကဝါဒ။** ။ ဤလောက၌ အချို့သော သမဏဗြာဟ္မဏသည်ကား ဤသို့ ဝါဒရှိ၏၊ ဤသို့ အယူရှိ၏- "ဤသတ္တဝါဖြစ်သော ပုဂ္ဂိုလ်သည် အကြင်တစ်စုံတစ်ခုသော ချမ်းသာသုခကို ဖြစ်စေ၊ ဆင်းရဲဒုက္ခကို ဖြစ်စေ၊ ချမ်းသာဆင်းရဲမဟုတ်သည့် (ဥပေက္ခာ) ကို ဖြစ်စေ ခံစား၏။ ထိုခံစားမှု အားလုံးသည် အကြောင်း မရှိဘဲ၊ အထောက်အပံ့မရှိဘဲ ဖြစ်၏"ဟု အယူရှိ၏။ ဤသည်တို့သည် ဆိပ်ကမ်းပမာ တိတ္ထိတို့၏ အယူများပေါက်ဖွားရာ အကြောင်းသုံးပါးတို့တည်း။

## (၁၆) ကြောင့်ကြခြင်းသုံးပါး

၉၂၄။ ထိုတွင် အဘယ်တို့သည် ကြောင့်ကြခြင်း 'ကိဉ္စန' သုံးပါးတို့နည်း။ တပ်မက်မှု 'ရာဂ' ဟူသော ကြောင့်ကြခြင်း၊ ပြစ်မှားမှု 'ဒေါသ'ဟူသော ကြောင့်ကြခြင်း၊ တွေဝေမှု 'မောဟ'ဟူသော ကြောင့်ကြခြင်း တို့တည်း။

ဤသည်တို့သည် ကြောင့်ကြခြင်း 'ကိဉ္စန' သုံးပါးတို့တည်း။

(၁၇) ကိလေသာ 'အင်္ဂဏ' သုံးပါးထိုတွင် အဘယ်တို့သည် ကိလေသာ 'အင်္ဂဏ' သုံးပါးတို့နည်း။

တပ်မက်မှု 'ရာဂ'ကိလေသာ၊ ပြစ်မှားမှု 'ဒေါသ'ကိလေသာ၊ တွေဝေမှု 'မောဟ'ကိလေသာတို့တည်း။

ဤသည်တို့သည် ကိလေသာ 'အင်္ဂဏ' သုံးပါးတို့တည်း။

(၁၈) အညစ်အကြေးသုံးပါးထိုတွင် အဘယ်တို့သည် အညစ်အကြေး 'မလ' သုံးပါးတို့နည်း။ တပ်မက်မှု 'ရာဂ' အညစ်အကြေး၊ ပြစ်မှားမှု 'ဒေါသ' အညစ်အကြေး၊ တွေဝေမှု 'မောဟ' အညစ်အကြေး တို့တည်း။

ဤသည်တို့သည် အညစ်အကြေး 'မလ' သုံးပါးတို့တည်း။

## (၁၉) မညီညွတ်ခြင်းသုံးပါး

ထိုတွင် အဘယ်တို့သည် မညီညွတ်ခြင်း 'ဝိသမ' သုံးပါးတို့နည်း။ တပ်မက်မှု 'ရာဂ'မညီညွတ်ခြင်း၊ ပြစ်မှားမှု 'ဒေါသ'မညီညွတ်ခြင်း၊ တွေဝေမှု 'မောဟ'မညီညွတ်ခြင်း တို့တည်း။

ဤသည်တို့သည် မညီညွတ်ခြင်း 'ဝိသမ' သုံးပါးတို့တည်း။

## (၂၀) တစ်နည်း မညီညွတ်ခြင်းသုံးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် မညီညွတ်ခြင်း 'ဝိသမ' သုံးပါးတို့နည်း။ ကိုယ်မညီညွတ်ခြင်း၊ နှုတ်မညီညွတ်ခြင်း၊ စိတ်မညီညွတ်ခြင်းတို့တည်း။

ဤသည်တို့သည် မညီညွတ်ခြင်း 'ဝိသမ' သုံးပါးတို့တည်း။

## (၂၁) မီးသုံးပါး

ထိုတွင် အဘယ်တို့သည် မီးသုံးပါးတို့နည်း။ တပ်မက်မှု 'ရာဂ' မီး၊ စိတ်ဆိုးမှု 'ဒေါသ' မီး၊ တွေဝေမှု 'မောဟ' မီးတို့တည်း။

ဤသည်တို့သည် မီးသုံးပါးတို့တည်း။

## (၂၂) ဖန်ရည်သုံးပါး

ထိုတွင် အဘယ်တို့သည် ဖန်ရည် 'ကသာဝ' သုံးပါးတို့နည်း။ တပ်မက်မှုဖန်ရည် 'ရာဂကသာဝ'၊ စိတ်ဆိုးမှုမှုဖန်ရည် 'ဒေါသကသာဝ'၊ တွေဝေမှုဖန်ရည် 'မောဟကသာဝ' တို့တည်း။

ဤသည်တို့သည် ဖန်ရည် 'ကသာဝ' သုံးပါးတို့တည်း။

## (၂၃) တစ်နည်း ဖန်ရည်သုံးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် ဖန်ရည် 'ကသာဝ' သုံးပါးတို့နည်း။ ကိုယ်ဖန်ရည် 'ကာယကသာဝ'၊ နှုတ်ဖန်ရည် 'ဝစီကသာဝ'၊ စိတ်ဖန်ရည် 'မနောကသာဝ' တို့တည်း။

ဤသည်တို့သည် ဖန်ရည် 'ကသာဝ' သုံးပါးတို့တည်း။

## (၂၄) သာယာမှုနှင့်စပ်သော မှားသောအယူ ‘အဿာဒဒိဋ္ဌိ’

၉၂၅။ ထိုတွင် အဘယ်သည် သာယာမှုနှင့်စပ်သော မှားသော အယူ ‘အဿာဒဒိဋ္ဌိ’ မည်သနည်း။

ဤလောက၌ အချို့သော သမဏဗြာဟ္မဏသည် ဤသို့ ပြောလေ့ရှိ၏၊ ဤသို့ယူလေ့ရှိ၏- “ကာမဂုဏ်တို့၌ (ခံစားခြင်းသည်) အပြစ်မရှိ”ဟု အယူရှိ၏။ ထိုသူသည် ကာမဂုဏ်တို့၌ သုံးဆောင်ခံစားခြင်းသို့ ရောက်၏။ ဤသဘောကို သာယာမှုနှင့်စပ်သော မှားသောအယူ ‘အဿာဒဒိဋ္ဌိ’ဟု ဆိုအပ်၏။

အတ္တကို စွဲ၍ ဖြစ်သော မှားသောအယူ ‘အတ္တာနုဒိဋ္ဌိ’ထိုတွင် အဘယ်သည် အတ္တကို စွဲ၍ ဖြစ်သော မှားသောအယူ ‘အတ္တာနုဒိဋ္ဌိ’ မည်သနည်း။

ဤလောက၌ အကြားအမြင်နည်းသော၊ အရိယာတို့ကို မဖူးမြင်ဖူးသော၊ အရိယာတရား၌ မလိမ္မာသော၊ အရိယာတရား၌ မဆုံးမအပ်သော၊ သူတော်ကောင်းတို့ကို မဖူးမြင်ဖူးသော၊ သူတော်ကောင်းတရား၌ မလိမ္မာသော၊ သူတော်ကောင်းတရား၌ မဆုံးမအပ်သော ပုထုဇဉ်သည် ရုပ်ကို အတ္တဟု ရှု၏၊ အတ္တကိုရုပ်ရှိ၏ဟုလည်း ရှု၏၊ အတ္တ၌ ရုပ်ဟုလည်း ရှု၏၊ ရုပ်၌ အတ္တဟုလည်း ရှု၏။ ဝေဒနာကို။ပ။ သညာကို။ပ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို အတ္တဟု ရှု၏၊ အတ္တကို ဝိညာဏ်ရှိ၏ဟုလည်း ရှု၏၊ အတ္တ၌ ဝိညာဏ်ဟုလည်း ရှု၏၊ ဝိညာဏ်၌ အတ္တဟုလည်း ရှု၏၊ ဤသို့သဘောရှိသော အကြင်မှားသော အယူ ‘ဒိဋ္ဌိ’သည်၊ မှားသောအယူဖြစ်ခြင်း ‘ဒိဋ္ဌိဂတ’ သည်။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်း ‘ဝိပရိယာသဂ္ဂါဟ’သည် ရှိ၏။ ဤသဘောကို အတ္တကို စွဲ၍ ဖြစ်သော မှားသော အယူ ‘အတ္တာနုဒိဋ္ဌိ’ဟု ဆိုအပ်၏။

မှားသောအယူ ‘မိစ္ဆာဒိဋ္ဌိ’ထိုတွင် အဘယ်သည် မှားသောအယူ ‘မိစ္ဆာဒိဋ္ဌိ’ မည်သနည်း။

ပေးလှူခြင်း (အကျိုး) သည် မရှိ၊ ယဇ်ကြီး (အလှူကြီး) ပူဇော်ရခြင်းအကျိုးသည် မရှိ။ပ။ ဤလောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော၊ ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော၊ ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်ဟု ဤသို့သဘောရှိသော အကြင်မှားသောအယူ ‘ဒိဋ္ဌိ’သည်၊ မှားသော အယူဖြစ်ခြင်း ‘ဒိဋ္ဌိဂတ’သည်။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့်စွဲယူခြင်း ‘ဝိပရိယာသဂ္ဂါဟ’ သည် ရှိ၏။ ဤသဘောကို မှားသောအယူ ‘မိစ္ဆာဒိဋ္ဌိ’ဟု ဆိုအပ်၏။

အဿာဒဒိဋ္ဌိသည် သဿတဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် သက္ကာယဒိဋ္ဌိမည်၏။ မိစ္ဆာဒိဋ္ဌိသည် ဥစ္ဆေဒဒိဋ္ဌိ မည်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၂၅) မမွေ့လျော်မှု 'အရတိ'

၉၂၆။ ထိုတွင် အဘယ်သည် မမွေ့လျော်မှု 'အရတိ' မည်သနည်း။

အစွန်အဖျားကျသော တောကျောင်းတို့၌လည်းကောင်း၊ အမှတ်မထား တစ်ပါးပါးကုန်သော လွန်ကဲသော ကုသိုလ်တရားတို့၌လည်းကောင်း မမွေ့လျော်မှု 'အရတိ'၊ မမွေ့လျော်သော အခြင်းအရာ 'အရတိတာ'၊ အလွန် မမွေ့လျော်မှု 'အနဘိရတိ'၊ အလွန်မမွေ့လျော်သော အခြင်းအရာ 'အနဘိရမဏာ'၊ ပျင်းရိမှု 'ဥက္ကဏ္ဌိတာ'၊ ခြောက်တပ်မှု 'ပရိတဿိတာ'သည် ရှိ၏။ ဤသဘောကို မမွေ့လျော်မှု 'အရတိ'ဟု ဆိုအပ်၏။

**ညှဉ်းဆဲခြင်း 'ဝိဟေသာ'**

ထိုတွင် အဘယ်သည် ညှဉ်းဆဲမှု 'ဝိဟေသာ' မည်သနည်း။

ဤလောက၌ အချို့သူသည် လက်ဖြင့်လည်းကောင်း၊ ခဲဖြင့်လည်းကောင်း၊ တုတ်ဖြင့်လည်းကောင်း၊ ဓါးဖြင့်လည်းကောင်း၊ ကြိုးဖြင့်လည်းကောင်း အမှတ်မထား တစ်ပါးပါးဖြင့် သတ္တဝါတို့ကို ညှဉ်းဆဲ၏။ ဤသို့ သဘောရှိသော အကြင်နှိပ်စက်မှု 'ဟေဌနာ'၊ အထူးနှိပ်စက်မှု 'ဝိဟေဌနာ'၊ ညှဉ်းဆဲမှု 'ဟိံသနာ'၊ အထူး ညှဉ်းဆဲမှု 'ဝိဟိံသနာ'၊ ခြုတ်ခြယ်မှု 'ရောသနာ'၊ အထူးခြုတ်ခြယ်မှု 'ဝိရောသနာ'၊ သူတစ်ပါးကို သတ်မှု 'ပရူပဃာတ'သည် ရှိ၏။ ဤသဘောကို ညှဉ်းဆဲမှု 'ဝိဟေသာ' ဟု ဆိုအပ်၏။

**မတရားကျင့်မှု 'အဓမ္မစရိယ'**

ထိုတွင် အဘယ်သည် မတရားကျင့်မှု 'အဓမ္မစရိယ' မည်သနည်း။

ကိုယ်ဖြင့် မတရားကျင့်မှုမညီမမျှကျင့်မှု၊ နှုတ်ဖြင့် မတရားကျင့်မှုမညီမမျှကျင့်မှု၊ စိတ်ဖြင့် မတရားကျင့်မှု မညီမမျှကျင့်မှုသည် ရှိ၏။ ဤသဘောကို မတရားကျင့်မှု 'အဓမ္မစရိယ' ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုပိုင်း

## (၂၆) ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ'

၉၂၇။ ထိုတွင် အဘယ်သည် ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ' မည်သနည်း။

အကြောင်းနှင့်တကွ ပြောဆိုသည်ရှိသော် အပြောအဆိုခက်မှုသည်၊ အပြောအဆိုခက်သော အခြင်းအရာသည် အပြောအဆိုခက်သည်၏အဖြစ်သည်၊ မလျော်သည်ကို ယူခြင်းသည်၊ ဆန့်ကျင်ဘက်ကို သာယာခြင်းသည်၊ မရိုသေခြင်းသည်၊ မရိုသေသည်၏ အဖြစ်သည်၊ အလေးမပြုခြင်းသည်၊ မတုပ်ဝပ်ခြင်းသည် ရှိ၏။ ဤသဘောကို ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ'ဟု ဆိုအပ်၏။

### မိတ်ဆွေယုတ်ရှိခြင်း 'ပါပမိတ္တတာ'

ထိုတွင် အဘယ်သည် မိတ်ဆွေယုတ်ရှိမှု 'ပါပမိတ္တတာ' မည်သနည်း။

အကြင် ပုဂ္ဂိုလ်တို့သည် သဒ္ဓါတရားမရှိကုန်၊ သီလမရှိကုန်၊ အကြားအမြင်နည်းကုန်၏၊ ဝန်တိုကုန်၏၊ ပညာနည်းကုန်၏၊ ထိုသူတို့ကို အကြင် မှီဝဲခြင်းသည်၊ အမြဲမှီဝဲခြင်းသည်၊ ကောင်းစွာ မှီဝဲခြင်းသည်၊ အထပ်ထပ် မှီဝဲခြင်းသည်၊ ဆည်းကပ်ခြင်းသည်၊ ကောင်းစွာ ဆည်းကပ်ခြင်းသည်၊ ခစားခြင်းသည်၊ ကောင်းစွာ ခစားခြင်းသည်၊ ထိုသူတို့၌ ကိုယ်စိတ်အားဖြင့် ညွတ်ကိုင်းသည်၏ အဖြစ်သည် ရှိ၏၊ ဤသဘောကို မိတ်ဆွေယုတ်ရှိမှု 'ပါပမိတ္တတာ'ဟု ဆိုအပ်၏။

### အမျိုးမျိုးသော အမှတ်သညာ 'နာနတ္တသညာ'

ထိုတွင် အဘယ်တို့သည် အမျိုးမျိုးသော အမှတ်သညာ 'နာနတ္တသညာ' တို့ မည်သနည်း။

လိုချင်မှု 'ကာမ'အမှတ်သညာ၊ အမျက်ထွက်မှု 'ဒေါသ'အမှတ်သညာ၊ ညှဉ်းဆဲမှု 'ဝိဟိံသာ' အမှတ်သညာ တို့တည်း။ ဤသဘောကို အမျိုးမျိုးသော အမှတ်သညာ 'နာနတ္တသညာ' ဟု ဆိုအပ်၏။

အကုသိုလ်အမှတ်သညာ အလုံးစုံတို့သည်လည်း အမျိုးမျိုးသော အမှတ်သညာ 'နာနတ္တသညာ' တို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၂၇) ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'

၉၂၈။ ထိုတွင် အဘယ်သည် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' မည်သနည်း။

စိတ်၏ အကြင် ပျံ့လွင့်မှုသည်၊ မငြိမ်သက်မှုသည်၊ စိတ်ပစ်လွင့်မှုသည်၊ စိတ်တုန်လှုပ်မှုသည် ရှိ၏။ ဤသဘောကို ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'ဟု ဆိုအပ်၏။

### ပျင်းရိမှု 'ကောသဇ္ဇ'

ထိုတွင် အဘယ်သည် ပျင်းရိမှု 'ကောသဇ္ဇ' မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော ကာယဒုစရိုက်၌ လည်းကောင်း၊ နှုတ်ဖြင့် ပြုအပ်သော ဝစီဒုစရိုက်၌ လည်းကောင်း၊ စိတ်ဖြင့် ပြုအပ်သော မနောဒုစရိုက်၌လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့၌ လည်းကောင်း စိတ်ကို လွှတ်ထားခြင်းသည်၊ လွှတ်ထားခြင်းကို အားပေးခြင်းသည်၊ ကုသိုလ်တရားတို့ကို တိုးပွါးစေရန်ရိုရို သေသေပြုခြင်း မရှိသူ၏ အဖြစ်သည်၊ အမြဲမပြတ်ပြုခြင်း မရှိသူ၏ အဖြစ်သည်၊ မရပ်မနားပြုခြင်း မရှိသူ၏ အဖြစ်သည်၊ တွန့်ဆုတ်သော ဖြစ်ခြင်းရှိသူ၏ အဖြစ်သည်၊ အလိုဆန္ဒကို ချထားသူ၏ အဖြစ်သည်၊ တာဝန်ကို ချထားသူ၏ အဖြစ်သည်၊ မမှီဝဲခြင်းသည်၊ မပွါးများခြင်းသည်၊ အကြိမ်များစွာ မပြုခြင်းသည်၊ ကောင်းမှု၌ စွဲမြဲစွာ တည်တံ့ခြင်းမရှိသည်၊ အဖန်ဖန် အားမထုတ်ခြင်းသည်၊ မေ့လျော့ခြင်း သည် ရှိ၏။ ဤသဘောကို ပျင်းရိမှု 'ကောသဇ္ဇ'ဟု ဆိုအပ်၏။

### မေ့လျော့ခြင်း 'ပမာဒ'

ထိုတွင် အဘယ်သည် မေ့လျော့မှု (ပမာဒ) မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော ကာယဒုစရိုက်၌ လည်းကောင်း၊ နှုတ်ဖြင့် ပြုအပ်သော ဝစီဒုစရိုက်၌ လည်းကောင်း၊ စိတ်ဖြင့် ပြုအပ်သော မနောဒုစရိုက်၌ လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့၌ လည်းကောင်း၊ စိတ်ကို လွှတ်ထားခြင်းသည်၊ လွှတ်ထားခြင်းကို အားပေးခြင်းသည်၊ ကုသိုလ်တရားတို့ကို တိုးပွါးစေရန် ရိုရိုသေသေပြုခြင်း မရှိသူ၏ အဖြစ်သည်၊ အမြဲမပြတ်ပြုခြင်းမရှိသူ၏ အဖြစ်သည်၊ မရပ်မနားပြုခြင်း မရှိသူ၏ အဖြစ်သည်၊ တွန့်ဆုတ်သော ဖြစ်ခြင်းရှိသူ၏ အဖြစ်သည်၊ အလိုဆန္ဒကို ချထားသူ၏ အဖြစ်သည်၊ တာဝန်ကို ချထားသူ၏ အဖြစ်သည်၊ မမှီဝဲခြင်းသည်၊ မပွါးများခြင်းသည်၊ အကြိမ်များစွာ မပြုခြင်းသည်၊ ကောင်းမှု၌ စွဲမြဲစွာ တည်တံ့ခြင်း မရှိသည်၊ အဖန်ဖန် အားမထုတ်ခြင်း သည်၊ မေ့လျော့ခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင် မေ့လျော့မှု 'ပမာဒ'၊ မေ့လျော့သော အခြင်းအရာ 'ပမဇ္ဇနာ'၊ မေ့လျော့ တတ်သည်၏ အဖြစ် 'ပမဇ္ဇိတတ္တ'သည် ရှိ၏၊ ဤသဘောကို မေ့လျော့ခြင်း 'ပမာဒ' ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၂၈) မရောင့်ရဲမှု 'အသန္တုဋ္ဌိတာ'

၉၂၉။ ထိုတွင် အဘယ်သည် မရောင့်ရဲမှု 'အသန္တုဋ္ဌိတာ' မည်သနည်း။

တစ်ပါးပါးသော သင်္ကန်း, ဆွမ်း, ကျောင်း, သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်တို့ဖြင့်လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့ဖြင့်လည်းကောင်း မရောင့်ရဲသူအား များစွာလိုချင်ခြင်းသည် ရှိ၏။ ဤသို့သဘော ရှိသော အကြင်လိုချင်မှု 'ဣစ္ဆာ'၊ လိုချင်မှုဖြစ်ခြင်း 'ဣစ္ဆာဂတ'၊ မရောင့်ရဲမှု 'အသန္တုဋ္ဌိတာ'၊ တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တဿ သာရာဂ'သည် ရှိ၏။ ဤသဘောကို မရောင့်ရဲမှု 'အသန္တုဋ္ဌိတာ'ဟု ဆိုအပ်၏။

### ပညာမရှိမှု 'အသမ္ပဇညတာ'

ထိုတွင် အဘယ်သည် ပညာမရှိမှု 'အသမ္ပဇညတာ' မည်သနည်း။

အကြင် မသိမှု 'အညာဏ'၊ မမြင်မှု 'အဒဿန'။ပ။ တံခါးကျည် မင်းတုပ်နှင့်တူသော မသိမှု 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော တွေဝေမှု 'အကုသလမူလ'သည် ရှိ၏၊ ဤသဘောကို ပညာမရှိမှု 'အသမ္ပဇညတာ'ဟု ဆိုအပ်၏။

### အလိုကြီးမှု 'မဟိစ္ဆတာ'

ထိုတွင် အဘယ်သည် အလိုကြီးမှု 'မဟိစ္ဆတာ' မည်သနည်း။

တစ်ပါးပါးသော သင်္ကန်း, ဆွမ်း, ကျောင်း, သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်တို့ဖြင့်လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့ဖြင့်လည်းကောင်း မရောင့်ရဲသူအား များစွာလိုချင်ခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင် လိုချင်မှု 'ဣစ္ဆာ'၊ လိုချင်မှုဖြစ်ခြင်း 'ဣစ္ဆာဂတ'၊ အလိုကြီးမှု 'မဟိစ္ဆတာ'၊ တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တဿ သာရာဂ'သည် ရှိ၏။ ဤသဘောကို အလိုကြီးမှု 'မဟိစ္ဆတာ' ဟု ဆိုအပ်၏။

## (၂၉) အရှက်မရှိခြင်း 'အဟိရိက'

၉၃၀။ ထိုတွင် အဘယ်သည် အရှက်မရှိမှု 'အဟိရိက' မည်သနည်း။

အကြင်သဘောသည် ရှက်သင့်သော ကာယဒုစရိုက်စသည်ကို မရှက်တတ်၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းကို မရှက်တတ်၊ ဤသဘောကို အရှက်မရှိမှု 'အဟိရိက'ဟု ဆိုအပ်၏။

### အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ'

ထိုတွင် အဘယ်သည် အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ' မည်သနည်း။

အကြင် သဘောကို ကြောက်လန့်သင့်သော ကာယဒုစရိုက်စသည်မှ မကြောက်လန့်တတ်၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းမှ မကြောက်လန့်တတ်၊ ဤသဘောကို အကြောက်အလန့် မရှိမှု 'အနောတ္တပ္ပ'ဟု ဆိုအပ်၏။

### မေ့လျော့မှု 'ပမာဒ'

ထိုတွင် အဘယ်သည် မေ့လျော့မှု 'ပမာဒ' မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော ကာယဒုစရိုက်၌ လည်းကောင်း၊ နှုတ်ဖြင့် ပြုအပ်သော ဝစီဒုစရိုက်၌ လည်းကောင်း၊ စိတ်ဖြင့် ပြုအပ်သော မနောဒုစရိုက်၌ လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့၌ လည်းကောင်း စိတ်ကိုလွှတ်ထားခြင်းသည်၊ လွှတ်ထားခြင်းကို အားပေးခြင်းသည်၊ ကုသိုလ်တရားတို့ကို တိုးပွါးစေရန် ရိုရိုသေသေပြုခြင်း မရှိသူ၏ အဖြစ်သည်၊ အမြဲမပြတ်ပြုခြင်းမရှိသူ၏ အဖြစ်သည်၊ မရပ်မနားပြုခြင်း မရှိသူ၏အဖြစ်သည်၊ တွန့်ဆုတ်သော ဖြစ်ခြင်းရှိသူ၏ အဖြစ်သည်၊ အလိုဆန္ဒကို ချထားသူ၏ အဖြစ်သည်၊ တာဝန်ကို ချထားသူ၏ အဖြစ်သည်၊ မမှီဝဲခြင်းသည်၊ မပွါးများခြင်းသည်၊ အကြိမ်များစွာ မပြုခြင်းသည်၊ ကောင်းမှု၌ စွဲမြဲစွာ တည်တံ့ခြင်း မရှိသည်၊ အဖန်ဖန် အားမထုတ်ခြင်းသည်၊ မေ့လျော့ခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင် မေ့လျော့မှု 'ပမာဒ'၊ မေ့လျော့သော အခြင်းအရာ 'ပမဇ္ဇနာ'၊ မေ့လျော့တတ်သည်၏အဖြစ် 'ပမဇ္ဇိတတ္တ'သည် ရှိ၏၊ ဤသဘောကို မေ့လျော့ခြင်း 'ပမာဒ' ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၃၀) မရိုသေခြင်း 'အနာဒရိယ'

၉၃၁။ ထိုတွင် အဘယ်သည် မရိုသေမှု 'အနာဒရိယ' မည်သနည်း။

မရိုသေမှု 'အနာဒရိယ'၊ မရိုသေသော အခြင်းအရာ 'အနာဒရတာ'၊ အလေးမပြုမှု 'အဂါရဝတာ'၊ မတုပ်ဝပ်မှု 'အပ္ပတိဿဝတာ'၊ မနာယူမှု 'အနဒ္ဒါ'၊ မနာယူသော အခြင်းအရာ 'အနဒ္ဒါယနာ'၊ မနာယူသော အဖြစ် 'အနဒ္ဒါယိတတ္တ'၊ သီလမရှိမှု 'အသီလျ'၊ ရိုသေလေးစားခြင်းကို မပြုမှု 'အစိတ္တီကာရ'သည် ရှိ၏။ ဤသဘောကို မရိုသေမှု 'အနာဒရိယ' ဟု ဆိုအပ်၏။

### ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ'

ထိုတွင် အဘယ်သည် ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ' မည်သနည်း။

အကြောင်းနှင့် တကွ ပြောဆိုသည်ရှိသော် အပြောအဆိုခက်မှုသည်၊ အပြောအဆိုရခက်သော အခြင်း အရာသည်၊ အပြောအဆိုခက်သည်၏ အဖြစ်သည်၊ မလျော်သည်ကို ယူခြင်းသည်၊ ဆန့်ကျင် ဘက်ကို သာယာခြင်းသည်၊ မရိုသေခြင်းသည်၊ မရိုသေသည်၏အဖြစ်သည်၊ အလေးမပြုခြင်းသည်၊ မတုပ်ဝပ်ခြင်းသည် ရှိ၏။ ဤသဘောကို ဆိုဆုံးခက်မှု 'ဒေါဝစဿတာ' ဟု ဆိုအပ်၏။

### မိတ်ဆွေယုတ်ရှိမှု 'ပါပမိတ္တတာ'

ထိုတွင် အဘယ်သည် မိတ်ဆွေယုတ်ရှိမှု 'ပါပမိတ္တတာ' မည်သနည်း။

အကြင် ပုဂ္ဂိုလ်တို့သည် သဒ္ဓါတရားမရှိကုန်၊ သီလမရှိကုန်၊ အကြားအမြင်နည်းကုန်၏၊ ဝန်တို ကုန်၏၊ ပညာနည်းကုန်၏၊ ထိုသူတို့ကို အကြင်မှီဝဲခြင်းသည်၊ အမြဲမှီဝဲခြင်းသည်၊ ကောင်းစွာ မှီဝဲခြင်း သည်၊ အထပ်ထပ် မှီဝဲခြင်းသည်၊ ဆည်းကပ်ခြင်းသည်၊ ကောင်းစွာ ဆည်းကပ်ခြင်းသည်၊ ခစားခြင်း သည်၊ ကောင်းစွာ ခစားခြင်းသည်၊ ထိုသူတို့၌ ကိုယ်စိတ်အားဖြင့် ညွတ်ကိုင်းသည်၏ အဖြစ်သည် ရှိ၏။ ဤသဘောကို မိတ်ဆွေယုတ် ရှိမှု 'ပါပမိတ္တတာ'ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၃၁) ယုံကြည်မှုမရှိခြင်း 'အဿဒ္ဓိယ'

၉၃၂။ ထိုတွင် အဘယ်သည် ယုံကြည်မှုမရှိခြင်း 'အဿဒ္ဓိယ' မည်သနည်း။

ဤလောက၌ အချို့သူသည် ယုံကြည်မှုမရှိ၊ ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကို လည်းကောင်း မယုံကြည်၊ ဤသို့သဘောရှိသော အကြင် မယုံကြည်မှု 'အဿဒ္ဓိယ'၊ မယုံကြည်သော အခြင်းအရာ 'အဿဒ္ဒဟနာ'၊ မသက်ဝင်မှု 'အနောကပ္ပနာ'၊ မကြည်လင်မှု 'အနဘိပ္ပသာဒ' သည် ရှိ၏။ ဤသဘောကို ယုံကြည်မှုမရှိခြင်း 'အဿဒ္ဓိယ'ဟု ဆိုအပ်၏။

### တောင်းရမ်းအလှူခံပြောဆိုအပ်သည့် စကားကို နားမလည်မှု 'အဝဒညုတာ'

ထိုတွင် အဘယ်သည် တောင်းရမ်းအလှူခံပြောဆိုအပ်သည့် စကားကို နားမလည်ခြင်း 'အဝဒညုတာ' မည်သနည်း။

ဝန်တိုခြင်းငါးပါးတို့ကား နေရာကျောင်းကန်၌ ဝန်တိုခြင်း၊ အမျိုး (ဒါယကာစသည်)၌ ဝန်တိုခြင်း၊ လာဘ်၌ ဝန်တိုခြင်း၊ အဆင်း၌ ဝန်တိုခြင်း၊ တရား၌ ဝန်တိုခြင်း တို့တည်း။ ဤသို့သဘောရှိသောဝန်တိုမှု 'မစ္ဆရိယ'၊ ဝန်တိုသောအခြင်းအရာ 'မစ္ဆရာယနာ'၊ ဝန်တိုတတ်သည်၏ အဖြစ် 'မစ္ဆရာယိတတ္တ'၊ (မိမိစည်းစိမ်ကို ပျံ့နှံ့စေရန်) အလိုမရှိမှု 'ဝေဝိစ္ဆ'၊ စေးနှဲမှု 'ကဒရိယ'၊ ခါးစပ်မှု 'ကဋုကဉ္စုကတာ'၊ စိတ်မစွဲယူမှု 'အဂ္ဂဟိတတ္တ' သည် ရှိ၏။ ဤသဘောကို တောင်းရမ်းအလှူခံပြောဆိုအပ်သည့် စကားကိုနားမလည်မှု 'အဝဒညုတာ'ဟု ဆိုအပ်၏။

### ပျင်းရိမှု 'ကောသဇ္ဇ'

ထိုတွင် အဘယ်သည် ပျင်းရိမှု 'ကောသဇ္ဇ' မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော ကာယဒုစရိုက်၌ လည်းကောင်း၊ နှုတ်ဖြင့် ပြုအပ်သော ဝစီဒုစရိုက်၌ လည်းကောင်း၊ စိတ်ဖြင့် ပြုအပ်သော မနောဒုစရိုက်၌ လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့၌ လည်း ကောင်း စိတ်ကိုလွှတ်ထားခြင်းသည်၊ လွှတ်ထားခြင်းကို အားပေးခြင်းသည်၊ ကုသိုလ်တရားတို့ကို တိုးပွါးစေရန် ရိုရိုသေသေပြုခြင်းမရှိသူ၏ အဖြစ်သည်၊ အမြဲမပြတ်ပြုခြင်းမရှိသူ၏ အဖြစ်သည်၊ မရပ်မနားပြုခြင်း မရှိသူ၏အဖြစ်သည်၊ တွန့်ဆုတ်သော ဖြစ်ခြင်းရှိသူ၏ အဖြစ်သည်၊ အလိုဆန္ဒကို ချထားသူ၏ အဖြစ်သည်၊ တာဝန်ကို ချထားသူ၏ အဖြစ်သည်၊ မမှီဝဲခြင်းသည်၊ မပွါးများခြင်းသည်၊ အကြိမ်များစွာ မပြုခြင်းသည်၊ ကောင်းမှု၌ စွဲမြဲစွာ တည်တံ့ခြင်းမရှိသည်၊ အဖန်ဖန်အားမထုတ်ခြင်းသည်၊ မေ့လျော့ခြင်းသည် ရှိ၏။ ဤသဘောကို ပျင်းရိမှု 'ကောသဇ္ဇ'ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်

## (၃၂) ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'

၉၃၃။ ထိုတွင် အဘယ်သည် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' မည်သနည်း။

စိတ်၏ အကြင် ပျံ့လွင့်မှုသည်၊ မငြိမ်သက်မှုသည်၊ စိတ်ပစ်လွင့်မှုသည်၊ စိတ်တုန်လှုပ်မှုသည် ရှိ၏။ ဤသဘောကို ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'ဟု ဆိုအပ်၏။

### မစောင့်စည်းမှု 'အသံဝရ'

ထိုတွင် အဘယ်သည် မစောင့်စည်းမှု "အသံဝရ" မည်သနည်း။

ဤလောက၌ အချို့သူသည် မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် (ယောကျ်ား, မိန်းမစသော) ပုံသဏ္ဌာန်နိမိတ်ကို စွဲယူလေ့ရှိ၏၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အသေးစိတ်အမှတ်လက္ခဏာကို စွဲယူလေ့ရှိ၏၊ အကြင် စက္ခုန္ဒြေကို မစောင့်စည်းခြင်းတည်းဟူသော အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ'၊ နှလုံးမသာယာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲ နှိပ်စက် ကုန်ရာ၏။ ထိုစက္ခုန္ဒြေကို စောင့်ရှောက်ခြင်းငှါ မကျင့်၊ စက္ခုန္ဒြေကို မစောင့်ရှောက်၊ စက္ခုန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ မရောက်။ နားဖြင့် အသံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် အနံ့ကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် အရသာကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် (ယောကျ်ား, မိန်းမ စသော) ပုံသဏ္ဌာန်နိမိတ်ကို စွဲယူလေ့ရှိ၏။

(လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အသေးစိတ် အမှတ်လက္ခဏာကို စွဲယူလေ့ရှိ၏၊ အကြင် မနိန္ဒြေကို မစောင့်စည်းခြင်းတည်းဟူသော အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ'၊ နှလုံးမသာယာခြင်း 'ဒေါမနဿ' ဟု ဆိုအပ်ကုန်သောယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲ နှိပ်စပ်ကုန်ရာ၏။ ထိုမနိန္ဒြေကို စောင့်ရှောက်ခြင်းငှါ မကျင့်၊ မနိန္ဒြေကို မစောင့်ရှောက်၊ မနိန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ မရောက်။ ဤသဘောကိုမစောင့်စည်းမှု 'အသံဝရ' ဟု ဆိုအပ်၏။

### သီလမရှိမှု 'ဒုဿီလျ'

ထိုတွင် အဘယ်သည် သီလမရှိမှု 'ဒုဿီလျ' မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော လွန်ကျူးခြင်း၊ နှုတ်ဖြင့် ပြုအပ်သော လွန်ကျူးခြင်း၊ ကိုယ်, နှုတ်ဖြင့် ပြုအပ်သော လွန်ကျူးခြင်းသည် ရှိ၏။ ဤသဘောကို သီလမရှိမှု 'ဒုဿီလျ' ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၃၃) အရိယာတို့ကို မဖူးမြင်လိုမှု

၉၃၄။ ထိုတွင် အဘယ်သည် အရိယာတို့ကို မဖူးမြင်လိုမှု 'အရိယာနံအဒဿနကမျတာ' မည် သနည်း။

ထိုတွင် အဘယ်တို့သည် အရိယာတို့ မည်သနည်း။

ဘုရားရှင်တို့ကို လည်းကောင်း၊ ဘုရားရှင်၏ သာဝကတို့ကို လည်းကောင်း အရိယာတို့ဟု ဆိုအပ်ကုန်၏။ ဤအရိယာတို့ကို အကြင် မဖူးလိုခြင်းသည်၊ မမြင်လိုခြင်းသည်၊ မကပ်ရောက် လိုခြင်းသည်၊ မတွေ့ဆုံလိုခြင်းသည် ရှိ၏၊ ဤသဘောကို အရိယာတို့ကို မဖူးမြင်လိုမှုဟု ဆိုအပ်၏။

သူတော်ကောင်းတရားကို မနာကြားလိုမှုထိုတွင် အဘယ်သည် သူတော်ကောင်းတရားကို မနာကြားလိုမှု မည်သနည်း။

ထိုတွင် အဘယ်သည် "သူတော်ကောင်းတရား" မည်သနည်း။

သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ အရိယမဂ္ဂင်ရှစ်ပါးသည် ရှိ၏၊ ဤသဘောကို "သူတော်ကောင်းတရား"ဟု ဆိုအပ်၏။

ဤသူတော်ကောင်းတရားကို အကြင် မနာယူလိုမှု၊ မကြားလိုမှု၊ မသင်လိုမှု၊ မဆောင်လိုမှုသည် ရှိ၏။ ဤသဘောကို သူတော်ကောင်းတရားကို မနာကြားလိုမှုဟု ဆိုအပ်၏။

### ခြုတ်ခြယ်လိုသော စိတ်ရှိမှု

ထိုတွင် အဘယ်သည် ခြုတ်ခြယ်လိုသောစိတ်ရှိမှုမည်သနည်း။

ထိုတွင် အဘယ်သည် ခြုတ်ခြယ်ခြင်း မည်သနည်း။

အကြင် ခြုတ်ခြယ်ခြင်းသည်၊ အထပ်ထပ် ခြုတ်ခြယ်ခြင်းသည်၊ ခြုတ်ခြယ်သော အခြင်းအရာသည်၊ အထပ်ထပ် ခြုတ်ခြယ်သော အခြင်းအရာသည်၊ အထပ်ထပ်ခြုတ်ခြယ်သောအဖြစ်သည်၊ အယုတ်သိခြင်းသည်၊ မထီမဲ့သိခြင်းသည်၊ နှိပ်စက်ခြင်းသည်၊ (ခြုတ်ခြယ်ရန်) အခွင့်ကို ရှာခြင်းသည် ရှိ၏။ ဤသဘောကို ခြုတ်ခြယ်လိုသောစိတ်ရှိမှုဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုပိဘင်

## (၃၄) သတိလွတ်မှု 'မုဋ္ဌဿစ္စ'

၉၃၅။ ထိုတွင် အဘယ်သည် သတိလွတ်မှု 'မုဋ္ဌဿစ္စ' မည်သနည်း။

အကြင် မအောက်မေ့မှု 'အဿတိ'၊ အဖန်ဖန် မအောက်မေ့မှု 'အနနုဿတိ'၊ အထပ်ထပ် မအောက်မေ့မှု 'အပ္ပဋိဿတိ'၊ မအောက်မေ့မှု 'အဿတိ'၊ မအောက်မေ့သော အခြင်းအရာ 'အဿရဏတာ'၊ မဆောင်ထားမှု 'အဓာရဏတာ'၊ ပေါလောပေါ်မှု 'ပိလာပနတာ'၊ မေ့လျော့မှု 'သမ္မုသနတာ'သည် ရှိ၏။ ဤသဘောကို သတိလွတ်မှု 'မုဋ္ဌဿစ္စ'ဟု ဆိုအပ်၏။

### ပညာမရှိမှု 'အသမ္ပဇည'

ထိုတွင် အဘယ်သည် ပညာမရှိမှု 'အသမ္ပဇည' မည်သနည်း။

အကြင် မသိမှု 'အညာဏ'၊ မမြင်မှု 'အဒဿန'။ပ။ အဝိဇ္ဇာတည်းဟူသော တံခါးကျင် 'အဝိဇ္ဇာလင်္ဂီ'၊ တွေဝေမှု 'မောဟ'ဟူသော အကုသိုလ်အခြေအမြစ်အရင်းမူလသည် ရှိ၏။ ဤသဘောကို ပညာမရှိမှု 'အသမ္ပဇည' ဟု ဆိုအပ်၏။

### စိတ်လွင့်မှု 'စိတ္တဝိက္ခေပ'

ထိုတွင် အဘယ်သည် စိတ်လွင့်မှု "စေတသောဝိက္ခေပ" မည်သနည်း။

စိတ်၏ အကြင်ပျံ့လွင့်မှုသည်၊ မငြိမ်မသက်မှုသည်၊ စိတ်ကို ပစ်လွင့်မှုသည်၊ စိတ်တုန်လှုပ်မှုသည် ရှိ၏။ ဤသဘောကို စိတ်လွင့်မှု "စေတသောဝိက္ခေပ"ဟု ဆိုအပ်၏။

# ခုဒ္ဒကဝတ္ထုပိုဘင်္ဂ

## (၃၅) မသင့်မတင့်နှလုံးသွင်းမှု 'အယောနိသော မနသိကာရ'

၉၃၆။ ထိုတွင် အဘယ်သည် မသင့်မတင့်နှလုံးသွင်းမှုမည်သနည်း။

အနိစ္စ၌ နိစ္စဟု မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း၊ ဒုက္ခ၌ သုခဟု မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း၊ အနတ္တ၌ အတ္တဟု မသင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း၊ အသုဘ၌ သုဘဟု မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း၊ တစ်နည်း- သစ္စာလေးပါးအား မလျော်သည်၏ အဖြစ်အားဖြင့် စိတ်ကို လည်စေခြင်း၊ အဖန်ဖန် လည်စေခြင်း၊ နှလုံးသွင်းခြင်း၊ ကောင်းစွာ ရှေးရှုဆောင်ခြင်း၊ နှလုံးပြုခြင်းသည် ရှိ၏။ ဤသဘောကို မသင့်မတင့်နှလုံးသွင်းမှုဟု ဆိုအပ်၏။

### လမ်းမှားလိုက်မှု 'ကုမ္မဂ္ဂသေဝနာ'

ထိုတွင် အဘယ်သည် လမ်းမှားလိုက်မှု 'ကုမ္မဂ္ဂသေဝနာ' မည်သနည်း။

ထိုတွင် အဘယ်သည် လမ်းမှား မည်သနည်း။

မှားသော အယူ 'မိစ္ဆာဒိဋ္ဌိ'သည်၊ မှားသော အကြံ 'မိစ္ဆာသင်္ကပ္ပ'သည်၊ မှားသော စကား 'မိစ္ဆာဝါစာ' သည်၊ မှားသော လုပ်ကိုင်မှု 'မိစ္ဆာကမ္မန္တ'သည်၊ မှားသော အသက်မွေးမှု 'မိစ္ဆာအာဇီဝ'သည်၊ မှားသော အားထုတ်မှု 'မိစ္ဆာဝါယာမ'သည်၊ မှားသော အောက်မေ့မှု 'မိစ္ဆာသတိ'သည်၊ မှားသော တည်ကြည်မှု 'မိစ္ဆာသမာဓိ' သည် ရှိ၏၊ ဤသဘောကို လမ်းမှားမှု 'ကုမ္မဂ္ဂ'ဟု ဆိုအပ်၏။ ဤလမ်းမှားကို အကြင်မှီဝဲမှု 'သေဝနာ'၊ အမြဲမှီဝဲမှု 'နိသေဝနာ'၊ ကောင်းစွာမှီဝဲမှု 'သံသေဝနာ'၊ ဆည်းကပ်မှု 'ဘဇနာ'၊ ကောင်းစွာ ဆည်းကပ်မှု 'သမ္ဘဇနာ'၊ ခစားမှု 'ဘတ္တိ'၊ ကောင်းစွာ ခစားမှု 'သမ္ဘတ္တိ'၊ ထိုလမ်းမှားသို့ ကိုယ်စိတ်အားဖြင့် ညွတ်ကိုင်းမှု 'တံသမ္ပဝင်္ကတာ'သည် ရှိ၏။ ဤသဘောကို လမ်းမှားလိုက်မှု 'ကုမ္မဂ္ဂသေဝနာ' ဟု ဆိုအပ်၏။

### စိတ်တွန့်တိုမှု 'စေတသော လီနတ္တ'

ထိုတွင် အဘယ်သည် စိတ်တွန့်တိုမှု 'စေတသော လီနတ္တ' မည်သနည်း။

စိတ်၏ အကြင် မကျန်းမာခြင်းသည်၊ မခံ့ကျန်းခြင်းသည်၊ အယုတ်အားဖြင့် တွန့်ခြင်းသည်၊ ပြင်းစွာ တွန့်ခြင်းသည်၊ တွန့်ခြင်းသည်၊ တွန့်သော အခြင်းအရာသည်၊ တွန့်သော အဖြစ်သည်၊ ထိုင်းခြင်းသည်၊ ထိုင်းသော အခြင်းအရာသည်၊ စိတ်၏ ထိုင်းသော အဖြစ်သည် ရှိ၏၊ ဤသဘောကို စိတ်တွန့်တိုမှု 'စေတသောလီနတ္တ'ဟု ဆိုအပ်၏။

**သုံးပါးစုတရားများကို အကျယ်ပြဆိုခြင်း ပြီး၏။**

------

# ခုဒ္ဒကဝတ္ထုပိဘင်္ဂ

## ၄ - စတုက္ကနိဒ္ဒေသ

## (လေးပါးစုတရားများကို အကျယ်ပြဆိုခြင်း)

### (၁) အရက်နှင့် တူသော အာသဝတရား

၉၃၇။ ထိုတွင် အဘယ်တို့သည် အရက်နှင့် တူသော အာသဝလေးပါးတို့ မည်သနည်း။

ကာမ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ကာမာသဝ'၊ (ရူပ, အရူ) ဘဝ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ဘဝါသဝ'၊ အယူမှားမှု 'ဒိဋ္ဌိ'ဟူသော ယိုစီးခြင်း 'ဒိဋ္ဌာသဝ'၊ သိအပ်သည်ကို မသိမှု 'အဝိဇ္ဇာ' ဟူသော ယိုစီးခြင်း 'အဝိဇ္ဇာသဝ' တို့တည်း။

ထိုတွင် အဘယ်သည် ကာမ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ကာမာသဝ' မည်သနည်း။

ကာမတရားတို့၌ အကြင် လိုချင်မှု 'ကာမစ္ဆန္ဒ'၊ ကာမတရားတို့၌ တပ်စွန်းမှု 'ကာမရာဂ'၊ ကာမတရားတို့၌ နှစ်သက်မှု 'ကာမနန္ဒီ'၊ ကာမတရားတို့၌ တပ်မက်မှု 'ကာမတဏှာ'၊ ကာမတရားတို့၌ အစေးကပ်မှု 'ကာမသိနေဟ'၊ ကာမတရားတို့၌ ပူလောင်မှု 'ကာမပရိဠာဟ'၊ ကာမတရားတို့၌ တွေဝေ့မိန်းမောမှု 'ကာမမုစ္ဆာ'၊ ကာမတရားတို့၌ မျိုမတတ်သက်ဝင်လိုချင်မှု 'ကာမဇ္ဈောသာန' သည် ရှိ၏၊ ဤသဘောကို ကာမ၌ လိုချင်မှု ဟူသော ယိုစီးမှု 'ကာမာသဝ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် (ရူပ, အရူပ) ဘဝ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ဘဝါသဝ' မည်သနည်း။

ရူပ, အရူပဘုံတို့၌ အကြင်လိုချင်မှု 'ဘဝစ္ဆန္ဒ'။ပ။ ရူပ, အရူပဘုံတို့၌ မျိုမတတ်သက်ဝင် လိုချင်မှု 'ဘဝဇ္ဈောသာန' သည် ရှိ၏။ ဤသဘောကို 'ရူပ, အရူပ' ဘဝ၌ လိုချင်မှုဟူသော ယိုစီးမှု 'ဘဝါသဝ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အယူမှားမှု 'ဒိဋ္ဌိ'ဟူသော ယိုစီးခြင်း 'ဒိဋ္ဌာသဝ' မည်သနည်း။

လောကသည် မြဲ၏ဟူ၍ လည်းကောင်း၊ လောကသည် မမြဲဟူ၍ လည်းကောင်း၊ လောကသည် အဆုံးရှိ၏ ဟူ၍ လည်းကောင်း၊ လောကသည် အဆုံးမရှိဟူ၍ လည်းကောင်း၊ အသက်သည် ကိုယ်တည်း ဟူ၍ လည်းကောင်း၊ အသက်တခြား ကိုယ်တခြားဟူ၍ လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်၏ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက် မဖြစ်ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ်, မဖြစ်လည်း မဖြစ်ဟူ၍ လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ဟူ၍လည်းကောင်း ဤသို့သဘော ရှိသော အကြင်မှားသော အယူ 'ဒိဋ္ဌိ'၊ မှားသောအယူဖြစ်ခြင်း 'ဒိဋ္ဌိဂတ'။ပ။ ဖောက်ပြန် မှားယွင်းသော အားဖြင့် စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ' သည် ရှိ၏၊ ဤသဘောကို အယူမှားမှုဒိဋ္ဌိဟူသော ယိုစီးခြင်း 'ဒိဋ္ဌာသဝ'ဟု ဆိုအပ်၏။ မှားသော အယူအလုံးစုံသည်လည်း အယူမှားမှုဒိဋ္ဌိဟူသော ယိုစီးခြင်း 'ဒိဋ္ဌာသဝ' မည်သည်သာတည်း။

ထိုတွင် အဘယ်သည် သိအပ်သည်ကို မသိမှု 'အဝိဇ္ဇာ' ဟူသော ယိုစီးခြင်း "အဝိဇ္ဇာသဝ" မည်သနည်း။

ဆင်းရဲ၌ မသိခြင်းသည်၊ ဆင်းရဲဖြစ်ကြောင်း၌ မသိခြင်းသည်၊ ဆင်းရဲချုပ်ရာ၌ မသိခြင်းသည်၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ မသိခြင်းသည်၊ ရှေ့အစွန်း၌ မသိခြင်းသည်၊ နောက်အစွန်း၌ မသိခြင်းသည်၊ ရှေ့အစွန်၊ နောက်အစွန်း၌ မသိခြင်းသည်၊ အကြောင်းကို စွဲ၍ ဖြစ်ကုန်သော

'ပဋိစ္စသမုပ္ပါဒ်' တရားတို့၌ မသိခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင် မသိမှု 'အညာဏ'၊ မမြင်မှု 'အဒဿန'။ပ။ အဝိဇ္ဇာ တည်းဟူသော တံခါးကျင် 'အဝိဇ္ဇာလင်္ဂီ'၊ တွေဝေမှု 'မောဟ' ဟူသော အကုသိုလ် အမြစ်အရင်းသည် ရှိ၏။ ဤသဘောကို သိအပ်သည်ကို မသိမှု 'အဝိဇ္ဇာ'ဟူသော ယိုစီးခြင်း 'အဝိဇ္ဇာသဝ'ဟု ဆိုအပ်၏။

ဤသည်တို့သည် အရက်နှင့် တူသော အာသဝလေးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၂-၅) ဆက်စပ် ထုံးဖွဲ့တတ်သောဂန္ထလေးပါး စသည်

၉၃၈။ ထိုတွင် အဘယ်တို့သည် (ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော ဂန္ထလေးပါးတို့ မည်သနည်း။ပ။

(ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော ဩဃလေးပါးတို့ မည်သနည်း။

(ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော ယောဂလေးပါးတို့ မည်သနည်း။ပ။

ပြင်းစွာ စွဲလမ်းမှုဥပါဒါန်လေးပါးတို့ မည်သနည်း။

ကာမဂုဏ်တို့ကို ပြင်းစွာစွဲလမ်းမှု 'ကာမုပါဒါန်'၊ အမြင်မှားမှုကို ပြင်းစွာ စွဲလမ်းမှု 'ဒိဋ္ဌုပါဒါန်'၊ နွား, ခွေးစသည်တို့၏ အလေ့အကျင့်တို့ကို ပြင်းစွာ စွဲလမ်းမှု 'သီလဗ္ဗတုပါဒါန်'၊ အတ္တဝါဒ၌ ပြင်းစွာ စွဲလမ်းမှု 'အတ္တဝါဒုပါဒါန်'တို့တည်း။

ထိုတွင် အဘယ်သည် ကာမဂုဏ်တို့ကို ပြင်းစွာ စွဲလမ်းမှု 'ကာမုပါဒါန်' မည်သနည်း။

ကာမဂုဏ်တို့၌ အကြင်အလွန်လိုချင်မှု 'ကာမစ္ဆန္ဒ'။ပ။ မျိုမတတ်သက်ဝင်လိုချင်မှု 'ကာမဇ္ဈောသာန' သည် ရှိ၏။ ဤသဘောကို ကာမဂုဏ်တို့ကို ပြင်းစွာ စွဲလမ်းမှု 'ကာမုပါဒါန်'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အယူမှားမှုကို ပြင်းစွာစွဲလမ်းမှု 'ဒိဋ္ဌုပါဒါန်' မည်သနည်း။

ပေးလှူခြင်း (အကျိုး) သည် မရှိ၊ ယဇ်ကြီး (အလှူကြီး) ပူဇော်ရခြင်းအကျိုးသည် မရှိ။ပ။

ဤလောကကို လည်းကောင်း၊ တမလွန်လောကကို လည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော၊ ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော၊ ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်ဟု ဤသို့သဘောရှိသော အကြင် မှားသော အယူသည်၊ မှားသော အယူဖြစ်ခြင်းသည်။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသည် ရှိ၏။ ဤသဘောကို အယူမှားမှုကို ပြင်းစွာစွဲလမ်းမှု 'ဒိဋ္ဌုပါဒါန်'ဟု ဆိုအပ်၏။ ခွေး နွား စသည်တို့၏ အလေ့အကျင့်တို့ကို ပြင်းစွာစွဲလန်းမှု 'သီလဗ္ဗတုပါဒါန်'ကို လည်းကောင်း၊ အတ္တဝါဒ၌ ပြင်းစွာစွဲလမ်းမှု 'အတ္တဝါဒုပါဒါန်'ကို လည်းကောင်း ထား၍ မှားသော အယူအလုံးစုံသည်လည်း အယူမှားမှုကို ပြင်းစွာစွဲလန်းမှု 'ဒိဋ္ဌုပါဒါန်' မည်၏။ ထိုတွင် အဘယ်သည် နွား, ခွေးစသည်တို့၏ အလေ့အကျင့်တို့ကို ပြင်းစွာ စွဲလမ်းမှု 'သီလဗ္ဗတုပါဒါန်' မည်သနည်း။

ဤသာသနာတော်မှ အပဖြစ်ကုန်သော သမဏဗြဟ္မဏတို့၏ (နွား ခွေး စသည်တို၏) အလေ့ 'သီလ' ဖြင့် (ကိလေသာ) စင်ကြယ်၏၊ (နွား ခွေးစသည်တို၏) အကျင့် 'ဝတ'ဖြင့် (ကိလေသာ)

စင်ကြယ်၏၊ (နွား ခွေးစသည်တို့၏) အလေ့အကျင့် 'သီဗ္ဗတ'ဖြင့် (ကိလေသာ) စင်ကြယ်၏ဟု ဤသို့ သဘော ရှိသောအကြင်မှားသော အယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖေါက်ပြန် မှားယွင်းသော အားဖြင့်စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို နွား, ခွေး စသည်တို့၏ အလေ့အကျင့် တို့ကို ပြင်းစွာစွဲလမ်းမှု 'သီလဗ္ဗတုပါဒါန်'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အတ္တဝါဒ၌ ပြင်းစွာစွဲလမ်းမှု 'အတ္တဝါဒုပါဒါန်' မည်သနည်း။

ဤလောက၌ အကြားအမြင် နည်းသော၊ အရိယာတို့ကို မဖူးမြင်ဖူးသော၊ အရိယာတရား၌ မလိမ္မာသော၊ အရိယာတရား၌ မဆုံးမအပ်သော၊ သူတော်ကောင်းတို့ကို မဖူးမြင်ဖူးသော၊ သူတော် ကောင်း တရား၌ မလိမ္မာသော၊ သူတော်ကောင်းတရား၌ မဆုံးမအပ်သော ပုထုဇဉ်သည် ရုပ်ကို အတ္တဟု ရှု၏၊ အတ္တကို ရုပ်ရှိ၏ဟုလည်း ရှု၏၊ အတ္တ၌ ရုပ်ဟုလည်း ရှု၏၊ ရုပ်၌ အတ္တဟုလည်း ရှု၏။ ဝေဒနာကို။ပ။ သညာကို။ပ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို အတ္တဟု ရှု၏၊ အတ္တကို ဝိညာဏ်ရှိ၏ဟု ရှု၏၊ အတ္တ၌ ဝိညာဏ်ဟုလည်း ရှု၏၊ ဝိညာဏ်၌ လည်း အတ္တဟု ရှု၏။ ဤသို့သဘောရှိသော အကြင် မှားသောအယူသည်၊ မှားသော အယူဖြစ်ခြင်းသည်။ပ။ ဖောက်ပြန် မှားယွင်းသောအားဖြင့် စွဲယူခြင်းသည် ရှိ၏၊ ဤသဘောကို အတ္တဝါဒ၌ ပြင်းစွာစွဲလမ်းမှု 'အတ္တဝါဒုပါဒါန်'ဟု ဆိုအပ်၏။ ဤသည်တို့သည် ပြင်းစွာစွဲလမ်းမှု ဥပါဒါန်လေးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၆) တဏှာဖြစ်ခြင်း 'တဏှုပ္ပါဒ'လေးပါး

၉၃၉။ ထိုတွင် အဘယ်တို့သည် တဏှာဖြစ်ခြင်း 'တဏှုပ္ပါဒ' လေးပါးတို့ မည်သနည်း။

သင်္ကန်းအကြောင်းကြောင့်လည်း ရဟန်းအား တဏှာဖြစ်တတ်၏၊ ဆွမ်းအကြောင်းကြောင့်လည်း ရဟန်းအား တဏှာဖြစ်တတ်၏၊ ကျောင်းအကြောင်းကြောင့်လည်း ရဟန်းအား တဏှာဖြစ်တတ်၏။ ဤသို့ သင်္ကန်းစသည်တို့၏ များပြားခြင်း, နည်းပါးခြင်းဟူသော အကြောင်းကြောင့်လည်း ရဟန်းအား တဏှာ ဖြစ်တတ်၏။ ဤသည်တို့သည် တဏှာဖြစ်ခြင်း 'တဏှုပ္ပါဒ' လေးပါးတို့တည်း။

## (၇) မလိုက်အပ်သည့်ဘက်သို့ လိုက်ခြင်း 'အဂတိ ဂမန' လေးပါး

ထိုတွင် အဘယ်တို့သည် မလိုက်အပ်သည့်ဘက်သို့ လိုက်ခြင်း 'အဂတိဂမန' လေးပါးတို့ မည်သနည်း။

ချစ်သဖြင့် မလိုက်အပ်သည့်ဘက်သို့ လိုက်၏၊ မုန်းသဖြင့် မလိုက်အပ်သည့်ဘက်သို့ လိုက်၏၊ မသိသဖြင့် မလိုက်အပ်သည့်ဘက်သို့ လိုက်၏၊ ကြောက်သဖြင့် မလိုက်အပ်သည့်ဘက်သို့ လိုက်၏။ ဤသို့သဘောရှိသော အကြင်မလိုက်အပ် မလိုက်သင့်သော သဘောသည်၊ မလိုက်အပ်သည့်ဘက်သို့ လိုက်ခြင်းသည်၊ အလိုသို့ လိုက်ခြင်းသည်၊ မညီမညွတ် (မမျှမတ) လိုက်ခြင်းသည်၊ ရေအလျဉ် ကဲ့သို့ လိုက်ခြင်းသည် ရှိ၏။ ဤသည်တို့သည် မလိုက်အပ်သည့်ဘက်သို့ လိုက်ခြင်း 'အဂတိဂမန' လေးပါး တို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၈) ဖောက်ပြန်သော သဘောတရား လေးပါး

ထိုတွင် အဘယ်တို့သည် ဖောက်ပြန်သော သဘောတရား လေးပါးတို့ မည်သနည်း။

မမြဲသည်၌ မြဲ၏ဟု ဖောက်ပြန်သောအားဖြင့် မှတ်သားမှုသညာဖြစ်မှု 'သညာဝိပရိယာသ'၊ ဖောက်ပြန်သော အားဖြင့် စိတ်ဖြစ်မှု 'စိတ္တဝိပရိယာသ'၊ ဖောက်ပြန်သောအားဖြင့် အယူဖြစ်မှု 'ဒိဋ္ဌိဝိပရိယာသ'၊ ဆင်းရဲသည်၌ ချမ်းသာဟု ဖောက်ပြန်သောအားဖြင့် မှတ်သားမှုသညာဖြစ်မှု 'သညာဝိပရိယာသ'၊ ဖောက်ပြန်သောအားဖြင့် စိတ်ဖြစ်မှု 'စိတ္တဝိပရိယာသ'၊ ဖောက်ပြန်သော အားဖြင့် အယူဖြစ်မှု 'ဒိဋ္ဌိဝိပရိယာသ'၊ အတ္တမဟုတ်သည်၌ အတ္တဟု ဖောက်ပြန်သောအားဖြင့် မှတ်သားမှု သညာဖြစ်မှု 'သညာဝိပရိယာသ'၊ ဖောက်ပြန်သောအားဖြင့် စိတ်ဖြစ်မှု 'စိတ္တဝိပရိယာသ'၊ ဖောက်ပြန် သော အားဖြင့် အယူဖြစ်မှု 'ဒိဋ္ဌိဝိပရိယာသ'၊ မတင့်တယ်သည်၌ တင့်တယ်၏ဟု ဖောက်ပြန်သော အားဖြင့် မှတ်သားမှုသညာဖြစ်မှု 'သညာဝိပရိယာသ'၊ ဖောက်ပြန်သော အားဖြင့် စိတ်ဖြစ်မှု 'စိတ္တဝိပရိယာသ'၊ ဖောက်ပြန်သောအားဖြင့် အယူဖြစ်မှု 'ဒိဋ္ဌိဝိပရိယာသ'၊ ဤသည်တို့သည် ဖောက်ပြန် သော သဘောတရား လေးပါးတို့တည်း။

## (၉) အရိယာ မဟုတ်သူတို့၏ ပြောဆိုခြင်း လေးပါး

ထိုတွင် အဘယ်တို့သည် အရိယာမဟုတ်သူ (ပုထုဇဉ်) တို့၏ ပြောဆိုခြင်းလေးပါးတို့ မည်သနည်း။

မမြင်အပ်သည်၌ မြင်၏ဟု ဆိုခြင်း၊ မကြားသည်၌ ကြား၏ဟု ဆိုခြင်း၊ မတွေ့သည်၌ တွေ့၏ ဟုဆိုခြင်း၊ မသိသည်၌ သိ၏ဟု ဆိုခြင်း၊ ဤသည်တို့သည် အရိယာမဟုတ်သူ (ပုထုဇဉ်) တို့၏ ပြောဆိုခြင်း လေးပါးတို့တည်း။

## (၁၀) တစ်နည်း အရိယာမဟုတ်သူတို့၏ ပြောဆိုခြင်း လေးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် အရိယာမဟုတ်သူ (ပုတုဇဉ်) တို့၏ ပြောဆိုခြင်း လေးပါးတို့ မည်သနည်း- မြင်သည်၌ မမြင်ဟု ဆိုခြင်း၊ ကြားသည်၌ မကြားဟု ဆိုခြင်း၊ တွေ့သည်၌ မတွေ့ဟု ဆိုခြင်း၊ သိသည်၌ မသိဟု ဆိုခြင်း။ ဤသည်တို့သည် အရိယာမဟုတ်သူ (ပုထုဇဉ်) တို့၏ ပြောဆိုခြင်း လေးပါးတို့တည်း။

## (၁၁) ဒုစရိုက် လေးပါး

ထိုတွင် အဘယ်တို့သည် ဒုစရိုက်လေးပါးတို့ မည်သနည်း။

အသက်ကို သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ မမှန် သည်ကို ဆိုခြင်း။ ဤသည်တို့သည် ဒုစရိုက်လေးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၁၂) တစ်နည်း ဒုစရိုက် လေးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် ဒုစရိုက်လေးပါးတို့ မည်သနည်း။

မမှန်သည်ကို ပြောဆိုခြင်း၊ ကုန်းစကားကို ပြောဆိုခြင်း၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း။ ဤသည်တို့သည် ဒုစရိုက်လေးပါးတို့တည်း။

## (၁၃) ဘေး လေးပါး

ထိုတွင် အဘယ်တို့သည် ဘေးလေးပါးတို့ မည်သနည်း။

ဖြစ်ခြင်း 'ဇာတိ' ဘေး၊ အိုဘေး၊ နာဘေး၊ သေဘေး။ ဤသည်တို့သည် ဘေးလေးပါးတို့တည်း။

## (၁၄) တစ်နည်း ဘေးလေးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် ဘေးလေးပါးတို့ မည်သနည်း။

မင်းဘေး၊ ခိုးသူဘေး၊ မီးဘေး၊ ရေဘေး။ ဤသည်တို့သည် ဘေးလေးပါးတို့တည်း။

## (၁၅) တစ်နည်း ဘေးလေးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် ဘေးလေးပါးတို့ မည်သနည်း။

လှိုင်းတံပိုးဘေး၊ မိကျောင်းဘေး၊ ဝဲဘေး၊ ငါးမန်းဘေး။ ဤသည်တို့သည် ဘေးလေးပါး တို့တည်း။

## (၁၆) တစ်နည်း ဘေးလေးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် ဘေးလေးပါးတို့ မည်သနည်း။

မိမိကိုယ်ကို မိမိစွပ်စွဲသော 'အတ္တာနုဝါဒ' ဘေး၊ (မိမိကို) သူတစ်ပါးတို့ စွပ်စွဲသော 'ပရာနုဝါဒ'ဘေး၊ အပြစ်ဒဏ် ဟူသော 'ဒဏ္ဍ'ဘေး၊ မကောင်းသောလားရာ 'ဒုဂ္ဂတိ'ဘေး။ ဤသည်တို့သည် ဘေးလေးပါး တို့တည်း။

# ခုဒ္ဒကဝတ္ထုပါဠိဘာဂ်

## (၁၇) ဒိဋ္ဌိလေးပါး

ထိုတွင် အဘယ်တို့သည် ဒိဋ္ဌိလေးပါးတို့ မည်သနည်း။

“ချမ်းသာ ဆင်းရဲကို ကိုယ်တိုင် ပြုအပ်၏”ဟု အမှန်အကန် အခိုင်အမာအားဖြင့် မှားသောအယူ ဖြစ်၏၊ “ချမ်းသာဆင်းရဲကို သူတစ်ပါး ပြုအပ်၏”ဟု အမှန်အကန် အခိုင်အမာအားဖြင့် မှားသောအယူ ဖြစ်၏၊ “ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်၏၊ သူတစ်ပါးလည်း ပြုအပ်၏”ဟု အမှန်အကန် အခိုင်အမာအားဖြင့် မှားသော အယူ ဖြစ်၏၊ “ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း မပြုအပ်၊ သူတစ်ပါးလည်း မပြုအပ်၊ အကြောင်းကို မစွဲမူ၍ ဖြစ်၏”ဟု အမှန်အကန် အခိုင်အမာအားဖြင့် မှားသော အယူဖြစ်၏။ ဤသည်တို့သည် ဒိဋ္ဌိလေးပါးတို့တည်း။

**လေးပါးစုတရားများကို အကျယ်ပြဆိုခြင်းပြီး၏။**

------

# ခုဒ္ဒကပါဌ်ပါဠိတော်

## ၅ - ပဥ္စကနိဒ္ဒေသ

## (ငါးပါးစုတရားများကို အကျယ်ပြဆိုခြင်း)

### (၁) အောက်ပိုင်း သံယောဇဉ် ငါးပါး

၉၄၀။ ထိုတွင် အဘယ်တို့သည် အောက်မင်္ဂဖြင့် ပယ်အပ်သော အဖို့ရှိသော သံယောဇဉ်ငါးပါးတို့ မည်သနည်း။

ပရမတ္ထအားဖြင့် ထင်ရှားရှိသော (ခန္ဓာငါးပါး) အပေါင်း၌ အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ'၊ တွေးတောယုံမှားမှု 'ဝိစိကိစ္ဆာ'၊ နွား, ခွေးစသည်တို့၏ အလေ့အကျင့်၌ မှားသောသုံးသပ်မှု 'သီလဗ္ဗတပရာမာသ'၊ လိုချင်တောင့်တမှု 'ကာမစ္ဆန္ဒ'၊ ပြစ်မှားဖျက်ဆီးမှု 'ဗျာပါဒ'သည် ရှိ၏။ ဤသည်တို့သည် အောက်မင်္ဂဖြင့် ပယ်အပ်သော အဖို့ရှိသော သံယောဇဉ် ငါးပါးတို့တည်း။

### (၂) အထက်ပိုင်း သံယောဇဉ် ငါးပါး

ထိုတွင် အဘယ်တို့သည် အထက်မင်္ဂဖြင့် ပယ်အပ်သော အဖို့ရှိသော သံယောဇဉ်ငါးပါးတို့ မည်သနည်း။

ရူပဘုံ၌ တပ်မက်မှု 'ရူပရာဂ'၊ အရူပဘုံ၌ တပ်မက်မှု 'အရူပရာဂ'၊ ထောင်လွှားမှု 'မာန'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မသိမှု 'အဝိဇ္ဇာ'သည် ရှိ၏။ ဤသည်တို့သည် အထက်မင်္ဂဖြင့် ပယ်အပ်သော အဖို့ရှိသော သံယောဇဉ် ငါးပါးတို့တည်း။

### (၃) ဝန်တိုခြင်း မစ္ဆရိယ ငါးမျိုး

ထိုတွင် အဘယ်တို့သည် ဝန်တိုမှု "မစ္ဆရိယ"ငါးပါးတို့ မည်သနည်း။

နေရာကျောင်းကန်၌ ဝန်တိုမှု ၊ အမျိုး (ဒါယကာ)၌ ဝန်တိုမှု ၊ လာဘ်လာဘ၌ ဝန်တိုမှု ၊ အဆင်း၌ ဝန်တိုမှု ၊ တရား၌ ဝန်တိုမှုသည် ရှိ၏။ ဤသည်တို့သည် ဝန်တိုမှု 'မစ္ဆရိယ' ငါးပါးတို့တည်း။

### (၄) ကပ်ငြိခြင်း ငါးပါး

ထိုတွင် အဘယ်တို့သည် ကပ်ငြိမှု 'သင်္ဂ' ငါးပါးတို့ မည်သနည်း။

တပ်မက်ခြင်းဟူသော ကပ်ငြိမှု 'ရာဂသင်္ဂ'၊ ပြစ်မှားခြင်းဟူသော ကပ်ငြိမှု 'ဒေါသသင်္ဂ'၊ တွေဝေခြင်းဟူသော ကပ်ငြိမှု 'မောဟသင်္ဂ'၊ ထောင်လွှားခြင်းဟူသော ကပ်ငြိမှု 'မာနသင်္ဂ'၊ အယူမှားခြင်းဟူသော ကပ်ငြိမှု 'ဒိဋ္ဌိသင်္ဂ'သည် ရှိ၏။ ဤသည်တို့သည် ကပ်ငြိမှု 'သင်္ဂ' ငါးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၅) မြား ငါးပါး

ထိုတွင် အဘယ်တို့သည် မြားငါးပါးတို့ မည်သနည်း။

တပ်မက်မှု ဟူသောမြား ‘ရာဂသလ္လ’၊ ပြစ်မှားမှုဟူသောမြား ‘ဒေါသသလ္လ’၊ တွေဝေမှုဟူသောမြား ‘မောဟသလ္လ’၊ ထောင်လွှားမှု ဟူသောမြား ‘မာနသလ္လ’၊ အယူမှားမှု ဟူသောမြား ‘ဒိဋ္ဌိသလ္လ’သည် ရှိ၏။ ဤသည်တို့သည် မြားငါးပါးတို့တည်း။

## (၆) ဆူး ငါးပါး

၉၄၁။ ထိုတွင် အဘယ်တို့သည် စိတ်ကို စူးဝင်တတ်သော ဆူးငါးပါးတို့ မည်သနည်း။

ဘုရား၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ တရား၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ သံဃာ၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ ကျင့်ဝတ် (သိက္ခာ)၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ သီတင်း သုံးဖော်တို့၌ အမျက်ထွက်၏၊ နှလုံးမသာယာ၊ ထိပါးပုတ်ခတ်လိုသော စိတ်ရှိ၏၊ ဆူးကဲ့သို့ဖြစ်၏။ ဤသည်တို့သည် စိတ်ကို စူးဝင်တတ်သော ဆူးငါးပါးတို့တည်း။

## (၇) စိတ်အနှောင်အဖွဲ့ ငါးပါး

ထိုတွင် အဘယ်တို့သည် စိတ်အနှောင်အဖွဲ့ ငါးပါးတို့ မည်သနည်း။

ကာမဂုဏ်တို့၌ မကင်းသော စွဲမက်မှု ၊ မကင်းသော လိုချင်မှု ၊ မကင်းသော ချစ်ခင်မှု ၊ မကင်းသောမွတ်သိပ်မှု ၊ မကင်းသော ပူလောင်မှု ၊ မကင်းသော တပ်မက်မှု ရှိ၏။ ကိုယ်၌ မကင်းသော စွဲမက်မှု ။ပ။ ရှိ၏။ ရုပ်၌ မကင်းသော စွဲမက်မှု ။ပ။ ရှိ၏။ အလိုရှိတိုင်း ဝမ်းပြည့်အောင် စား၍ အိပ်မှု ချမ်းသာ, လျောင်းမှု ချမ်းသာ, ငိုက်မြည်းမှု ချမ်းသာကိုအားထုတ်လျက် နေ၏။ အမှတ်မထား တစ်ပါးပါး သော နတ်ပြည်ကို တောင့်တ၍ အကျင့်မြတ်ကို ကျင့်၏- “ငါသည်ဤသီလဖြင့်လည်းကောင်း၊ ဤဓုတင် အကျင့်ဖြင့် လည်းကောင်း၊ ဤကျင့်ဝတ်ဖြင့်လည်းကောင်း၊ ဤအကျင့်မြတ်ဖြင့်လည်းကောင်း၊ တန်ခိုးကြီး သော နတ်သော်လည်းကောင်း၊ တစ်မျိုးမျိုးသော နတ်သော်လည်းကောင်း ဖြစ်ရအံ့” ဟု (တောင့်တ၍) ကျင့်၏။ ဤသည်တို့သည် စိတ်အနှောင်အဖွဲ့ ငါးပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုပါဠိဘာဂ်

## (၈) ပိတ်ပင် တားဆီးတတ်သောတရား ငါးပါး

ထိုတွင် အဘယ်တို့သည် (ဈာန် မဂ် ဖိုလ်တရားတို့ကို) ပိတ်ပင် တားဆီးတတ်သော 'နီဝရဏ' တရားငါးပါးတို့ မည်သနည်း။

ကာမတို့၌ လိုချင်တောင်းတမှုဟူသော ပိတ်ပင်တားဆီးမှု 'ကာမစ္ဆန္ဒနီဝရဏ'၊ အမျက်ထွက်မှုဟူသော ပိတ်ပင်တားဆီးမှု 'ဗျာပါဒနီဝရဏ'၊ (စိတ်, စေတသိက်တို့၏) မခံ့မှု ငိုက်မည်းမှု ဟူသော ပိတ်ပင်တားဆီးမှု 'ထိနမိဒ္ဓနီဝရဏ'၊ ပျံ့လွင့်မှု, နောင်တ တဖန် ပူပန်မှု ဟူသော ပိတ်ပင်တားဆီးမှု 'ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ'၊ တွေးတောယုံမှားမှုဟူသော ပိတ်ပင်တားဆီးမှု ဝိစိကိစ္ဆာနီဝရဏ။ ဤသည်တို့သည် (ဈာန် မဂ် ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော 'နီဝရဏ' တရားငါးပါး တို့တည်း။

## (၉) အာနန္တရိကကံ ငါးပါး

ထိုတွင် အဘယ်တို့သည် အခြားမဲ့ဘဝ၌ အကျိုးပေးသော အာနန္တရိကကံငါးပါးတို့ မည်သနည်း။

အမိကို အသေသတ်၏၊ အဖကို အသေသတ်၏၊ ရဟန္တာကို အသေသတ်၏၊ ပြစ်မှားသော စိတ်ဖြင့် မြတ်စွာဘုရားအား သွေးခြည်ဥရန် ဖြစ်စေ၏၊ သံဃာကို သင်းခွဲ၏။ ဤသည်တို့သည် အခြားမဲ့ဘဝ၌ အကျိုးပေးသော အာနန္တရိကကံတို့တည်း။

## (၁၀) မှားသော အယူငါးမျိုး

ထိုတွင် အဘယ်တို့သည် မှားသောအယူ 'ဒိဋ္ဌိ' ငါးမျိုးတို့ မည်သနည်း။

"အတ္တသည် သညာရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)"ဟု ဤသို့ အချို့သူတို့က ပြောဆိုကြကုန်၏။ "အတ္တသည် သညာရှိ၏၊ သေပြီးနောက် ပျက်စီးမရှိ (မြဲ၏)"ဟု ဤသို့ အချို့သူတို့က ပြောဆိုကြကုန်၏။ "အတ္တသည် သညာရှိလည်း မဟုတ်, သညာမရှိလည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)"ဟု ဤသို့ အချို့သူတို့က ပြောဆိုကုန်၏။ ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ကင်းပျောက် ခြင်းကိုလည်း ပညတ်တင်ပြကြ ကုန်၏။ မျက်မှောက်ဘဝ၌ ဖြစ်သော 'ဒိဋ္ဌဓမ္မနိဗ္ဗာန်' ကိုလည်း အချို့သူတို့က ပြောဆိုကြကုန်၏။ ဤသည်တို့သည် မှားသောအယူ 'ဒိဋ္ဌိ' ငါးပါးတည်း။

# ခုဒ္ဒကဝတ္ထုပ္ပကရဏ်

## (၁၁) ရန် ငါးပါး

၉၄၂။ ထိုတွင် အဘယ်တို့သည် ရန်ငါးပါးတို့ မည်သနည်း။

အသက်ကို သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ မမှန်သည်ကို ဆိုခြင်း၊ မူးယစ် မေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်း။ ဤသည်တို့သည် ရန်ငါးပါးတို့တည်း။

## (၁၂) ပျက်စီးခြင်း ငါးပါး

ထိုတွင် အဘယ်တို့သည် ပျက်စီးခြင်းငါးပါးတို့ မည်သနည်း။

ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း၊ အနာရောဂါဖြင့် ပျက်စီးခြင်း၊ သီလပျက်စီးခြင်း၊ အယူပျက်စီးခြင်း။ ဤသည်တို့သည် ပျက်စီးခြင်းငါးပါးတို့တည်း။

## (၁၃) သည်းမခံခြင်း၏ အပြစ် ငါးမျိုး

ထိုတွင် အဘယ်တို့သည် သည်းမခံခြင်း၏ အပြစ်ငါးမျိုးတို့ မည်သနည်း။

လူအများ မချစ်မနှစ်သက်အပ်၊ ရန်များ၏၊ အပြစ်များ၏၊ တွေတွေဝေဝေ သေရ၏၊ ခန္ဓာကိုယ် ပျက်ကြွေသေသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲပျက်စီး၍ ကျရောက်ရာ ဖြစ်သောငရဲသို့ ကပ်ရောက်ရ၏။ ဤသည်တို့သည် သည်းမခံခြင်း၏ အပြစ်ငါးပါးတို့တည်း။

## (၁၄) ဘေး ငါးမျိုး

ထိုတွင် အဘယ်တို့သည် ဘေးငါးပါတို့ မည်သနည်း။

အသက်မွေးမှု ဘေး၊ အကျော်အစောမဲ့ဘေး၊ ပရိသတ်ကို ကြောက်ရွံ့ခြင်းဘေး၊ သေဘေး၊ မကောင်းသော လားရာဘေးသည် ရှိ၏။ ဤသည်တို့သည် ဘေးငါးပါးတို့တည်း။

## (၁၅) မျက်မှောက်နိဗ္ဗာန်ဝါဒ ငါးမျိုး

၉၄၃။ ထိုတွင် အဘယ်တို့သည် မျက်မှောက်ဘဝ၌ နိဗ္ဗာန်ကို ဆိုသော ဝါဒငါးပါးတို့ မည်သနည်း။

ဤလောက၌ အချို့သော သမဏဗြာဟ္မဏသည် ဤသို့ ဆိုလေ့ရှိ၏၊ ဤသို့ ယူလေ့ရှိ၏- "အချင်းတို့ ဤကိုယ် 'အတ္တ'သည် အကြင့်ကြောင့် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ပျော်ရွှင် ခံစားရ၏။ အချင်းတို့ ဤမျှဖြင့် ဤကိုယ် 'အတ္တ'သည် အမြတ်ဆုံး မျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်သို့ ရောက်၏" ဟု ဆိုလေ့ရှိ၏၊ ယူလေ့ရှိ၏။ ဤသို့ အချို့သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်ကို ပညတ်ကြကုန်၏။ ထိုသူကို အခြား တစ်ယောက်သောသူက ဤသို့ ဆို၏- "အချင်း သင်ဆိုသော ဤကိုယ် 'အတ္တ' သည်ရှိသည်သာတည်း၊ မရှိဟု ငါ မဆို၊ အချင်း ဤကိုယ် 'အတ္တ' သည် ဤမျှတည်းဖြင့် အမြတ်ဆုံးမျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ့်ကြောင့်နည်း ဟူမူ- အချင်း အကြင့်ကြောင့်ကာမဂုဏ်တို့သည် မမြဲကုန်၊ ဆင်းရဲကုန်၏၊ ဖေါက်ပြန်ပြောင်းလဲခြင်း သဘောရှိကုန်၏၊ ထိုကာမဂုဏ်တို့၏ ဖေါက်ပြန်ပြောင်းလဲခြင်း တစ်မျိုး တစ်ဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့ ဖြစ်ကုန် ၏။ အချင်း ဤကိုယ် 'အတ္တ' သည် အကြင့်ကြောင့်ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပဌမစျာန် ရောက်၍ နေ၏။ အချင်း ဤမျှဖြင့် ဤကိုယ် 'အတ္တ' သည် အမြတ်ဆုံး မျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်သို့ ရောက်၏" ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့ သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်ကိုပညတ်ကြကုန်၏။ တိုသူကို အခြား တစ်ယောက်သောသူက ဤသို့ ဆို၏- "အချင်း သင်ဆိုသော ဤကိုယ် 'အတ္တ'သည်ရှိသည်သာတည်း၊ မရှိဟု ငါ မဆို၏၊ အချင်း ဤကိုယ် 'အတ္တ'သည် ဤမျှတည်းဖြင့် အမြတ်ဆုံးမျက်မှောက် ဘဝ'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ့်ကြောင့်နည်း ဟူမူ- ထို (ပဌမစျာန်)၌ ဝိတက်, ဝိစာရရှိနေသေးသောကြောင့် ဤ (ပဌမစျာန်) ကို ရုန့်ရင်းကြမ်းတမ်း၏ဟု ဆိုအပ်၏။ အချင်း အကြင့်ကြောင့် ဤကိုယ် 'အတ္တ'သည် ဝိတက်, ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့ ရောက်၍နေ၏။ အချင်း ဤမျှဖြင့် ဤကိုယ် 'အတ္တ'သည် အမြတ်ဆုံး မျက်မှောက်ဘဝ'ဒိဋ္ဌဓမ္မ'နိဗ္ဗာန်သို့ရောက်၏"ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ'နိဗ္ဗာန်ကို ပညတ်ကြကုန်၏။ ထိုသူကို အခြား တစ်ယောက်သောသူက ဤသို့ ဆို၏- "အချင်း သင် ဆိုသော ဤကိုယ် 'အတ္တ'သည် ရှိသည် သာတည်း၊ မရှိဟု ငါ မဆို။ အချင်း ဤကိုယ် 'အတ္တ'သည် ဤမျှတည်းဖြင့် မြတ်ဆုံးမျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ်ကြောင့်နည်းဟူမူ- ထို (ဒုတိယစျာန်)၌ စိတ်၏ပေါ်လွင်တက်ကြွသည်၏ အဖြစ် ဟူသော နှစ်သိမ့်ခြင်းပီတိ ရှိနေသေး သောကြောင့် ဤ (ဒုတိယစျာန်) ကိုရုန့်ရင်းကြမ်းတမ်း၏ဟု ဆိုအပ်၏၊ အချင်း အကြင့်ကြောင့် ဤကိုယ် 'အတ္တ'သည် ပီတိကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ တတိယစျာန်သို့ ရောက်၍ နေ၏။ အချင်း ဤမျှဖြင့် ဤကိုယ် 'အတ္တ'သည် အမြတ်ဆုံးမျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်သို့ ရောက်၏"ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည် ထင်ရှားရှိသောသတ္တဝါ၏

အမြတ်ဆုံး မျက်မှောက်ဘဝ ‘ဒိဋ္ဌဓမ္မ’ နိဗ္ဗာန်ကို ပညတ်ကြကုန်၏။ ထိုသူကို အခြား တစ်ယောက်သောသူက ဤသို့ ဆို၏၊ “အချင်း သင် ဆိုသော ဤကိုယ် ‘အတ္တ’သည်ရှိသည်သာတည်း၊ မရှိဟု ငါ မဆို၊ အချင်း ဤကိုယ် ‘အတ္တ’သည် ဤမျှတည်းဖြင့် အမြတ်ဆုံးမျက်မှောက်ဘဝ ‘ဒိဋ္ဌဓမ္မ’ နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ်ကြောင့်နည်းဟူမူ ထို (တတိယစျာန်)၌ ချမ်းသာလေစွဟု စိတ်၏ နှလုံးသွင်းခြင်းရှိ နေသေးသောကြောင့် ဤ (တတိယစျာန်) ကို ရုန့်ရင်းကြမ်းတမ်း၏ဟု ဆိုအပ်၏၊ အချင်း အကြင့်ကြောင့် ဤကိုယ် ‘အတ္တ’ သည် သုခကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ အချင်း ဤမျှဖြင့် ဤကိုယ် ‘အတ္တ’သည် အမြတ်ဆုံး မျက်မှောက်ဘဝ ‘ဒိဋ္ဌဓမ္မ’ နိဗ္ဗာန်သို့ ရောက်၏ဟု ဆို၏။ ဤသို့လျှင် အချို့ သူတို့သည် ထင်ရှားရှိသောသတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် ဘဝ ‘ဒိဋ္ဌဓမ္မ’ နိဗ္ဗာန်ကို ပညတ်ကြကုန်၏။ ဤသည်တို့သည် မျက်မှောက်ဘဝ ‘ဒိဋ္ဌဓမ္မ’ နိဗ္ဗာန်ကို ဆိုသော ဝါဒငါးပါး တို့တည်း။

**ငါးပါးစုတရားများကို အကျယ်ပြဆိုခြင်း ပြီး၏။**

------

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ၆ - ဆက္ကနိဒ္ဒေသ

## (ခြောက်ပါးစု တရားများကို အကျယ်ပြဆိုခြင်း)

## (၁) ငြင်းခုန်မှု အခြေခံတရား ခြောက်ပါး

၉၄၄။ ထိုတွင် အဘယ်တို့သည် ငြင်းခုန်မှု အခြေခံတရား ခြောက်ပါးတို့ မည်သနည်း။

အမျက်ထွက်ခြင်း၊ ကျေးဇူးကန်းခြင်း၊ ငြူစူခြင်း၊ စဉ်းလဲခြင်း၊ ယုတ်မာသော အလိုရှိခြင်း၊ မိမိအယူကို မှားသောအားဖြင့် သုံးသပ်ခြင်း။ ဤသည်တို့သည် ငြင်းခုန်မှု အခြေခံတရား ခြောက်ပါးတို့တည်း။

## (၂) ပြင်းစွာတပ်မက်မှု ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ပြင်းစွာတပ်မက်မှု ခြောက်ပါးတို့ မည်သနည်း။

ပြင်းစွာတပ်မက်ခြင်းတို့သည် (ကိလေသာဟူသော) အိမ်ကို မှီသော တရားတို့တည်း။

နှလုံးကို ပွါးစေတတ်ကုန်သော အဆင်း 'ရူပါရုံ'တို့၌ ကိလေသာအိမ်ကို မှီသော တပ်မက်ခြင်း 'ရာဂ'သည်၊ ပြင်းစွာ တပ်မက်ခြင်း 'သာရာဂ'သည်၊ စိတ်၏ ပြင်းစွာ တပ်မက်ခြင်း 'စိတ္တသာရာဂ'သည် ရှိ၏။ နှလုံးကို ပွါးစေတတ်ကုန်သော အသံ 'သဒ္ဒါရုံ'တို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော အနံ့ 'ဂန္ဓာရုံ' တို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော အရသာ 'ရသာရုံ' တို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော သဘော 'ဓမ္မာရုံ' တို့၌ ကိလေသာအိမ်ကို မှီသော တပ်မက်ခြင်း 'ရာဂ' သည်၊ ပြင်းစွာ တပ်မက်ခြင်း 'သာရာဂ'သည်၊ စိတ်၏ ပြင်းစွာ တပ်မက်ခြင်း 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသည်တို့သည် ပြင်းစွာတပ်မက်မှု ခြောက်ပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၃) ဆန့်ကျင်မှု ဝတ္ထု ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ဆန့်ကျင်မှု 'ဝိရောဓ' ဝတ္ထု ခြောက်ပါးတို့ မည်သနည်း။

နှလုံးကို မပွါးစေတတ်ကုန်သော ရူပါရုံတို့၌ စိတ်၏ အမျက်ထွက်ခြင်းသည်၊ အထပ်ထပ် အမျက်ထွက်ခြင်းသည်၊ ကြမ်းတမ်းခြင်းသည်၊ ပြည့်စုံစွာ မပြောဆိုနိုင်ခြင်းသည်၊ စိတ်နှလုံးမသာခြင်းသည် ရှိ၏။ နှလုံးကို မပွါးစေတတ်ကုန်သော သဒ္ဒါရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ဂန္ဓာရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ရသာရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌။ပ။

နှလုံးကို မပွါးစေ တတ်ကုန်သော ဓမ္မာရုံတို့၌ စိတ်၏ အမျက်ထွက်ခြင်းသည်၊ အထပ်ထပ် အမျက်ထွက်ခြင်းသည်၊ ကြမ်းတမ်းခြင်းသည်၊ ပြည့်စုံစွာ မပြောဆိုနိုင်ခြင်းသည်၊ စိတ်နှလုံးမသာခြင်းသည် ရှိ၏။ ဤသည်တို့သည် ဆန့်ကျင်မှု (ဝိရောဓ) ဝတ္ထု ခြောက်ပါးတို့တည်း။

## (၄) တဏှာ အပေါင်း ခြောက်ပါး

ထိုတွင် အဘယ်တို့သည် တဏှာအပေါင်းခြောက်ပါးတို့ မည်သနည်း။

ရူပါရုံ၌ တပ်မက်ခြင်း 'ရူပတဏှာ'၊ သဒ္ဒါရုံ၌ တပ်မက်ခြင်း 'သဒ္ဒတဏှာ'၊ ဂန္ဓာရုံ၌ တပ်မက်ခြင်း 'ဂန္ဓတဏှာ'၊ ရသာရုံ၌ တပ်မက်ခြင်း 'ရသတဏှာ'၊ ဖောဋ္ဌဗ္ဗာရုံ၌ တပ်မက်ခြင်း 'ဖေါဋ္ဌဗ္ဗတဏှာ'၊ ဓမ္မာရုံ၌ တပ်မက်ခြင်း 'ဓမ္မတဏှာ'။ ဤသည်တို့သည် တဏှာအပေါင်းခြောက်ပါးတို့တည်း။

## (၅) မရိုသေခြင်း ခြောက်ပါး

၉၄၅။ ထိုတွင် အဘယ်တို့သည် မရိုသေခြင်း ခြောက်ပါးတို့ မည်သနည်း။

ဘုရား၌ မရိုသေ မတုပ်ဝပ်ဘဲ နေ၏၊ တရား၌ မရိုသေ မတုပ်ဝပ်ဘဲ နေ၏၊ သံဃာ၌ မရိုမသေ မတုပ်ဝပ်ဘဲ နေ၏၊ ကျင့်ဝတ် (သိက္ခာ) ၌ မရိုသေ မတုပ်ဝပ်ဘဲ နေ၏၊ မမေ့မလျော့မှု (အပ္ပမာဒတရား) ၌ မရိုသေ မတုပ်ဝပ်ဘဲ နေ၏၊ ဆက်ဆံစေ့စပ်မှု (လောကဝတ်) ၌ မရိုသေ မတုပ်ဝပ်ဘဲ နေ၏။ ဤသည်တို့သည် မရိုသေခြင်း ခြောက်ပါးတို့တည်း။

## (၆) ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ယုတ်လျော့ကြောင်းတရား ခြောက်ပါးတို့ မည်သနည်း။

အမှုကိစ္စ၌ မွေ့လျော်ခြင်း၊ စကားပြောဆိုမှု၌ မွေ့လျော်ခြင်း၊ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ အမျိုးသမီးတို့နှင့် ရောနှောမှု၌ မွေ့လျော်ခြင်း၊ သံသရာချဲ့ထွင်သောတရား၌ မွေ့လျော်ခြင်း။ ဤသည်တို့သည် ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါးတို့တည်း။

## (၇) တစ်နည်း ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါး

၉၄၆။ ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါးတို့ မည်သနည်း။

အမှုကိစ္စ၌ မွေ့လျော်ခြင်း၊ စကားပြောဆိုမှု၌ မွေ့လျော်ခြင်း၊ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ အပေါင်းအဖေါ်၌ မွေ့လျော်ခြင်း၊ ဆိုဆုံးမခက်ခြင်း၊ မိတ်ဆွေယုတ်ရှိခြင်း။ ဤသည်တို့သည် ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါးတို့တည်း။

## (၈) ဝမ်းမြောက်ဝမ်းသာ ဆင်ခြင်ခြင်း ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ဝမ်းမြောက်မှုနှင့်တကွ ဆင်ခြင်ခြင်းခြောက်ပါးတို့ မည်သနည်း။

မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် ဝမ်းမြောက်မှု၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်၏။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် ဝမ်းမြောက်မှု၏အကြောင်းဖြစ်သော ဓမ္မာရုံကို ဆင်ခြင်၏။ ဤသည် တို့သည် ဝမ်းမြောက်မှုနှင့်တကွ ဆင်ခြင်ခြင်း ခြောက်ပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုပ္ပိဘင်

## (၉) ဝမ်းနည်း ဆင်ခြင်ခြင်း ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ဝမ်းနည်းမှုနှင့်တကွ ဆင်ခြင်ခြင်း ခြောက်ပါးတို့ မည်သနည်း။

မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် နှလုံးမသာယာမှု၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်၏။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် နှလုံးမသာယာမှု၏ အကြောင်းဖြစ်သော ဓမ္မာရုံကို ဆင်ခြင်၏။ ဤသည်တို့သည် ဝမ်းနည်းမှုနှင့်တကွ ဆင်ခြင်ခြင်း ခြောက်ပါးတို့တည်း။

## (၁၀) လျစ်လျူရှုဆင်ခြင်မှု ခြောက်ပါး

ထိုတွင် အဘယ်တို့သည် လျစ်လျူရှုမှုနှင့်တကွ ဆင်ခြင်မှု ခြောက်ပါးတို့ မည်သနည်း။

မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် လျစ်လျူရှုမှု၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်၏။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် လျစ်လျူရှုမှု၏ အကြောင်းဖြစ်သော ဓမ္မာရုံကို ဆင်ခြင်၏။ ဤသည်တို့သည် လျစ်လျူရှုမှုနှင့်တကွ ဆင်ခြင်မှု ခြောက်ပါးတို့တည်း။

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## (၁၁) ကိလေသာအိမ်ကိုမှီသော ဝမ်းမြောက်ခြင်း ခြောက်ပါး

၉၄၇။ ထိုတွင် အဘယ်တို့သည် ကိလေသာအိမ်ကိုမှီသော ဝမ်းမြောက်ခြင်း ခြောက်ပါးတို့မည်သနည်း။

နှလုံးကို ပွါးစေတတ်ကုန်သော ရူပါရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်၌ ဖြစ်သော သာယာခြင်း, စိတ်၌ ဖြစ်သော ချမ်းသာခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော သာယာ, ချမ်းသာသောခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော သာယာ, ချမ်းသာသော ခံစားခြင်းဝေဒနာသည် ရှိ၏။ နှလုံးကို ပွါးစေတတ်ကုန်သော သဒ္ဒါရုံတို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော ဂန္ဓာရုံတို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော ရသာရုံတို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော ဓမ္မာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်၌ ဖြစ်သော သာယာခြင်း, စိတ်၌ ဖြစ်သော ချမ်းသာခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာ, ချမ်းသာသော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာ, ချမ်းသာသော ခံစားခြင်းဝေဒနာသည် ရှိ၏။ ဤသည်တို့သည်ကိလေသာအိမ်ကို မှီသော ဝမ်းမြောက်ခြင်း ခြောက်ပါးတို့တည်း။

## (၁၂) ကိလေသာအိမ်ကိုမှီသော ဝမ်းနည်းခြင်း ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ကိလေသာအိမ်ကိုမှီသော ဝမ်းနည်းခြင်း ခြောက်ပါးတို့ မည်သနည်း။

နှလုံးကို မပွါးစေတတ်ကုန်သော ရူပါရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်၌ ဖြစ်သော မသာယာခြင်း, စိတ်၌ ဖြစ်သော ဆင်းရဲခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာ, ဆင်းရဲသော ခံစားခြင်း သည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာ, ဆင်းရဲသော ခံစားခြင်းဝေဒနာသည် ရှိ၏။ နှလုံးကို မပွါးစေတတ်ကုန်သော သဒ္ဒါရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ဂန္ဓာရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ရသာရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ဓမ္မာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်၌ ဖြစ်သော မသာယာခြင်း, စိတ်၌ ဖြစ်သော ဆင်းရဲခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာ, ဆင်းရဲသော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာ, ဆင်းရဲသော ခံစားခြင်းဝေဒနာသည် ရှိ၏။ ဤသည်တို့သည်ကိလေသာအိမ်ကို မှီသော ဝမ်းနည်းခြင်း ခြောက်ပါးတို့တည်း။

## (၁၃) ကိလေသာအိမ်ကိုမှီသော လျစ်လျူရှုခြင်း ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ကိလေသာအိမ်ကို မှီသော လျစ်လျူရှုခြင်း ခြောက်ပါးတို့ မည်သနည်း။

လျစ်လျူရှုမှု၏ အကြောင်းဖြစ်ကုန်သော ရူပါရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်၌ ဖြစ်သောသာယာသည်လည်း မဟုတ်, မသာယာသည်လည်း မဟုတ်ခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သောဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းဝေဒနာသည် ရှိ၏။ လျစ်လျူရှုမှု၏ အကြောင်းဖြစ်ကုန်သော သဒ္ဒါရုံတို့၌။ပ။

လျစ်လျူရှုမှု၏ အကြောင်းဖြစ်ကုန်သော ဂန္ဓာရုံတို့၌။ပ။

လျစ်လျူရှုမှု၏ အကြောင်းဖြစ်ကုန်သော ရသာရုံတို့၌။ပ။

လျစ်လျူရှုမှု၏ အကြောင်းဖြစ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌။ပ။

လျစ်လျူရှုမှု၏ အကြောင်းဖြစ်ကုန်သော ဓမ္မာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်၌ ဖြစ်သောသာယာသည်လည်း မဟုတ်, မသာယာသည်လည်း မဟုတ်ခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သောဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော ဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်းဝေဒနာသည် ရှိ၏။ ဤသည်တို့သည် ကိလေသာအိမ်ကို မှီသော လျစ်လျူရှုခြင်း ခြောက်ပါးတို့တည်း။

## (၁၄) မှားသောအယူ ခြောက်ပါး

၉၄၈။ ထိုတွင် အဘယ်တို့သည် မှားသောအယူ 'ဒိဋ္ဌိ' ခြောက်ပါးတို့ မည်သနည်း။

"ငါ့အား အတ္တရှိ၏"ဟုလည်း ထိုသူအား အမှန်အားဖြင့်, အခိုင်အမာအားဖြင့် မှားသောအယူ ဖြစ်၏။ "ငါ့အား အတ္တမရှိ"ဟုလည်း ထိုသူအား အမှန်အားဖြင့်, အခိုင်အမာအားဖြင့် မှားသောအယူ ဖြစ်၏။ "အတ္တဖြင့် အတ္တကို သိ၏"ဟုလည်း ထိုသူအား အမှန်အားဖြင့်, အခိုင်အမာအားဖြင့် မှားသော အယူဖြစ်၏။ "အတ္တဖြင့် အတ္တမဟုတ်သည်ကို သိ၏"ဟုလည်း ထိုသူအား အမှန်အားဖြင့်, အခိုင်အမာအားဖြင့်မှားသောအယူ ဖြစ်၏။ "အတ္တမဟုတ်သည်ဖြင့် အတ္တကို သိ၏"ဟုလည်း ထိုသူအား အမှန်အားဖြင့်, အခိုင်အမာအားဖြင့်မှားသောအယူ ဖြစ်၏။ ထိုပြင် ထိုသူအား ဤသို့ မှားသောအယူ ဖြစ်၏- "ထိုအတ္တသည် ငါ၏ ဤကိုယ်ပင်တည်း၊ ဆိုတတ်၏၊ သိတတ်၏၊ ထိုထို (အာရုံ) တို့၌ ရှည်စွာသော နေ့ညဉ့်ပတ်လုံး ကောင်း, မကောင်းသောကံတို့၏ အကျိုးကို ခံစားတတ်၏၊ ထိုအတ္တသည် မဖြစ်ပေါ်တတ်သည် ဖြစ်၍ မဖြစ်ဖူးပြီ၊ ထိုအတ္တသည်မဖြစ်ပေါ်တတ်သည် ဖြစ်၍ မဖြစ်လတ္တံ့၊ မြဲ၏၊ ခိုင်ခန့်၏၊ အခါခပ်သိမ်း တည်၏၊ ဖေါက်ပြန်သောသဘော မရှိ"ဟုလည်း ထိုသူအား အမှန်အားဖြင့်, အခိုင်အမာအားဖြင့် မှားသောအယူ ဖြစ်၏။ ဤသည်တို့သည် မှားသောအယူ (ဒိဋ္ဌိ) ခြောက်ပါးတို့တည်း။

**ခြောက်ပါးစုတရားများကို အကျယ်ပြဆိုခြင်းပြီး၏။**

------

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ၇ - သတ္တကနိဒ္ဒေသ

## (ခုနစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း)

**အနုသယ** ၉၄၉။ ထိုတွင် အဘယ်တို့သည် အနုသယခုနစ်ပါးတို့ မည်သနည်း။

လိုချင်တပ်မက်မှု အနုသယ၊ အမျက်ထွက်မှု အနုသယ၊ ထောင်လွှားမှု အနုသယ၊ အယူမှားမှု အနုသယ၊ တွေးတောယုံမှားမှု အနုသယ၊ ဘဝ၌ တပ်မက်မှု အနုသယ၊ မသိမှု အနုသယ။ ဤသည်တို့သည် အနုသယ ခုနစ်ပါးတို့တည်း။ (၁)

**သံယောဇဉ်။** ။ ထိုတွင် အဘယ်တို့သည် သံယောဇဉ်ခုနစ်ပါးတို့ မည်သနည်း။

လိုချင်တပ်မက်မှု သံယောဇဉ်၊ အမျက်ထွက်မှု သံယောဇဉ်၊ ထောင်လွှားမှု သံယောဇဉ်၊ အယူမှားမှု သံယောဇဉ်၊ တွေးတောယုံမှားမှု သံယောဇဉ်၊ ဘဝ၌ တပ်မက်မှု သံယောဇဉ်၊ မသိမှု သံယောဇဉ်။ ဤသည်တို့သည် သံယောဇဉ်ခုနစ်ပါးတို့တည်း။ (၂)

**ထကြွသောင်းကျန်းမှု 'ပရိယုဋ္ဌာန'။** ။ ထိုတွင် အဘယ်တို့သည် ထကြွသောင်းကျန်းမှု ခုနစ်ပါးတို့ မည်သနည်း။

လိုချင်တပ်မက်မှု ထကြွသောင်းကျန်းခြင်း၊ အမျက်ထွက်မှု ထကြွသောင်းကျန်းခြင်း၊ ထောင်လွှားမှု ထကြွသောင်းကျန်းခြင်း၊ အယူမှားမှု ထကြွသောင်းကျန်းခြင်း၊ တွေးတောယုံမှားမှု ထကြွသောင်းကျန်းခြင်း၊ ဘဝ၌ တပ်မက်မှု ထကြွသောင်းကျန်းခြင်း၊ မသိမှု ထကြွသောင်းကျန်းခြင်း။ ဤသည်တို့သည်ထကြွသောင်းကျန်းမှု ခုနစ်ပါးတို့တည်း။ (၃)

**သူယုတ်မာတရား။** ၉၅၀။ ထိုတွင် အဘယ်တို့သည် သူယုတ်မာတရား ခုနစ်ပါးတို့ မည်သနည်း။

သဒ္ဓါတရား မရှိ၊ အရှက်မရှိ၊ အကြောက်အလန့်မရှိ၊ အကြားအမြင်နည်း၏၊ ပျင်းရိ၏၊ သတိလွတ်၏၊ ပညာမဲ့၏။ ဤသည်တို့သည် သူယုတ်မာတရား ခုနစ်ပါးတို့တည်း။ (၄)

**ဒုစရိုက်တရား။** ။ ထိုတွင် အဘယ်တို့သည် ဒုစရိုက်ခုနစ်ပါးတို့ မည်သနည်း။

အသက်ကို သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ မမှန်သည်ကို ဆိုခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်း၊ အကျိုးမရှိသည်ကို ဆိုခြင်း။ ဤသည်တို့သည် ဒုစရိုက်ခုနစ်ပါးတို့တည်း။ (၅)

**မာန်ထောင်ခြင်း။** ။ ထိုတွင် အဘယ်တို့သည် မာန်ထောင်ခြင်း ခုနစ်ပါးတို့ မည်သနည်း။

မာန်ထောင်ခြင်း၊ အလွန်မာန်ထောင်ခြင်း၊ အလွန့်အလွန်မာန်ထောင်ခြင်း၊ ယုတ်သောအားဖြင့် မာန်ထောင်ခြင်း၊ အထင်ကြီးခြင်း၊ ငါဖြစ်၏ဟု မာန်ထောင်ခြင်း၊ မှားသော မာန်ထောင်ခြင်း။ ဤသည်တို့သည် မာန်ထောင်ခြင်း ခုနစ်ပါးတို့တည်း။ (၆)

**အယူမှားယွင်းမှု။** ၉၅၁။ ထိုတွင် အဘယ်တို့သည် အယူမှားမှု ခုနစ်ပါးတို့ မည်သနည်း။

ဤလောက၌ အချို့သော သမဏဗြာဟ္မဏသည် ဤသို့ ဆိုလေ့ရှိ၏၊ ဤသို့ ယူလေ့ရှိ၏- “အချင်းအကြွင့်ကြောင့် ဤအတ္တသည် ရုပ်ရှိ၏၊ မဟာဘုတ်လေးပါးဖြင့် ပြီး၏။ မိဘတို့၏ သုက်သွေးကြောင့်ဖြစ်၏၊ ကိုယ်ခန္ဓာပျက်စီးသော် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးနောက် မဖြစ်။ အချင်း ဤမျှဖြင့်ဤအတ္တသည် လုံးဝ ပြတ်စဲ၏”ဟု ဆိုလေ့ရှိ၏၊ ယူလေ့ရှိ၏။ ဤသို့ အချို့သူတို့သည် ထင်ရှားရှိသောသတ္တဝါ၏ ပြတ်စဲခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကို ပညတ်ကြကုန်၏။ (၆-၁)

ထိုသူ့ကို အခြားသူက ဤသို့ ဆို၏- “အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း။ မရှိဟုငါ မဆို။ အချင်း ဤအတ္တသည် ဤမျှတည်းဖြင့် လုံးဝ ပြတ်စဲသည် မဟုတ်သေး။ အချင်း ကာမာဝစရနတ်ပြည်၌ ဖြစ်သော ကဗဠီကာရအာဟာရဟူသော နတ်သုဒ္ဓါကို စားသောက်သော ရုပ်ရှိသောအခြားအတ္တသည် ရှိသေး၏၊ ထိုအတ္တကို သင် မသိ၊ မမြင်။ ထိုအတ္တကို ငါ သိ၏၊ မြင်၏။ အချင်းထိုအတ္တသည် အကြွင့်ကြောင့် ကိုယ်ခန္ဓာပျက်စီးသော် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးနောက် မဖြစ်တော့။ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝ ပြတ်စဲ၏”ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည်ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကို ပညတ်ကြကုန်၏။ (၆-၂)

ထိုသူ့ကို အခြားသူက ဤသို့ ဆို၏- “အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိဟုငါ မဆို။ အချင်း ဤအတ္တသည် ဤမျှတည်းဖြင့် လုံးဝ ပြတ်စဲသည် မဟုတ်သေး။ အချင်း ရူပဗြဟ္မာ့ပြည်၌ ဖြစ်သော ဈာန်စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ် အလုံးစုံ ပြည့်စုံသော ဣန္ဒြေမချို့တဲ့သော ရုပ်ရှိသောအတ္တသည် ရှိသေး၏။ ထိုအတ္တကို သင် မသိ၊ မမြင်။ ထိုအတ္တကို ငါ သိ၏၊ မြင်၏။ အချင်းထိုအတ္တသည် အကြွင့်ကြောင့် ကိုယ်ခန္ဓာပျက်စီးသော် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးနောက် မဖြစ်တော့။ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝ ပြတ်စဲ၏”ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည် ထင်ရှားရှိသောသတ္တဝါ၏ ပြတ်စဲခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကို ပညတ်ကြကုန်၏။ (၆-၃)

ထိုသူ့ကို အခြားသူက ဤသို့ ဆို၏- “အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိဟုငါ မဆို။ အချင်း ဤအတ္တသည် ဤမျှတည်းဖြင့် လုံးဝ ပြတ်စဲသည် မဟုတ်သေး။ အချင်းရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်အပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမှု၍ ‘ကောင်းကင်သည် အဆုံးမရှိ’ဟု (နှလုံးသွင်းလျက်) အာကာသာနဉ္စာယတန ပြဟ္မာ့ဘုံသို့ ကပ်ရောက်သော အခြားအတ္တသည် ရှိသေး၏။ ထိုအတ္တကို သင် မသိ၊ မမြင်။ ထိုအတ္တကို ငါ သိ၊ မြင်၏။ အချင်း ထိုအတ္တသည် အကြွင့်ကြောင့် ကိုယ်ခန္ဓာပျက်စီးသော် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးနောက် မဖြစ်တော့။ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝပြတ်၏”ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည် ထင်ရှား ရှိသော သတ္တဝါ၏ ပြတ်စဲခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကို ပညတ်ကြကုန်၏။ (၆-၄)

ထိုသူ့ကို အခြားသူက ဤသို့ ဆို၏- “အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း။ မရှိဟုငါ မဆို။ အချင်း ဤအတ္တသည် ဤမျှတည်းဖြင့် လုံးဝပြတ်စဲသည် မဟုတ်သေး။ အချင်း အာကာသာနဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ ‘ဝိညာဏ်သည် အဆုံး အပိုင်းအခြား မရှိ’ ဟု (နှလုံးသွင်းလျက်) ဝိညာဏဉ္စာယတန ပြဟ္မာ့ဘုံသို့ ကပ်ရောက်သော အခြားအတ္တသည် ရှိသေး၏။ ထိုကိုယ်ကို သင်မသိ၊ မမြင်။ ထိုအတ္တကို ငါ သိ၏၊ မြင်၏။ အချင်း ထိုအတ္တသည် အကြွင့်ကြောင့် ကိုယ်ခန္ဓာပျက်စီးသော်ပြတ်စဲ၏၊ ပျက်စီး၏။ သေပြီးနောက် မဖြစ်တော့။ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝ ပြတ်စဲ၏”ဟုဆို၏။ ဤသို့ အချို့သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကိုပညတ်ကြကုန်၏။ (၆-၅)

ထိုသူ့ကို အခြားသူက ဤသို့ ဆို၏- “အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း။ မရှိဟု ငါ မဆို၏။ အချင်း ဤအတ္တသည် ဤမျှတည်းဖြင့် လုံးဝပြတ်စဲသည် မဟုတ်သေး။ အချင်း ဝိညာဏဥ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ ‘စိုးစဉ်းမျှ မရှိ’ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတန ပြဟ္မာ့ဘုံသို့ ကပ်ရောက်သော အခြားအတ္တသည် ရှိသေး၏။ ထိုအတ္တကို သင် မသိ၊ မမြင်။ ထိုအတ္တကိုငါ သိ၏၊ မြင်၏။ အချင်း ထိုအတ္တသည် အကြင့်ကြောင့် ကိုယ်ခန္ဓာပျက်စီးသော် ပြတ်၏၊ ပျက်စီး၏၊ သေပြီး နောက် မဖြစ်တော့။ အချင်း ဤမျှတည်းဖြင့် ဤကိုယ်သည် လုံးဝပြတ်စဲ၏”ဟု ဆို၏။ ဤသို့လျှင် အချို့ သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ခြင်း ပျက်စီးခြင်း မဖြစ်ခြင်းကို ပညတ်ကြကုန်၏။ (၆-၆)

ထိုသူ့ကို အခြားသူက ဤသို့ ဆို၏- “အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည် သာတည်း။ မရှိဟုငါ မဆို။ အချင်း ဤအတ္တသည် ဤမျှတည်းဖြင့် လုံးဝပြတ်သည် မဟုတ်သေး။ အချင်း အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတန ပြဟ္မာ့ဘုံသို့ ကပ်ရောက် သော အခြားအတ္တသည် ရှိသေး၏။ ထိုအတ္တကို သင် မသိ၊ မမြင်။ ထိုအတ္တကို ငါ သိ၏၊ မြင်၏။ အချင်းထိုအတ္တသည် အကြင့်ကြောင့် ကိုယ်ခန္ဓာပျက်စီးသော် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးနောက် မဖြစ်တော့။ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝ ပြတ်စဲ၏”ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကို ပညတ်ကြကုန်၏။ ဤသည်တို့သည် အယူမှားမှု ဒိဋ္ဌိခုနစ်ပါးတို့တည်း။ (၆-၇)

**ခုနစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်းပြီး၏။**

------

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ၈ - အဋ္ဌကနိဒ္ဒေသ

## (ရှစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း)

**ကိလေသာ။** ၉၅၂။ ထိုတွင် အဘယ်တို့သည် ကိလေသာရှစ်ပါးတို့ မည်သနည်း။

လိုချင်မှု 'လောဘ'၊ ပြစ်မှားမှု 'ဒေါသ'၊ တွေဝေမှု 'မောဟ'၊ ထောင်လွှားမှု 'မာန'၊ အယူမှားမှု 'ဒိဋ္ဌိ'၊ တွေးတောယုံမှားမှု 'ဝိစိကိစ္ဆာ'၊ ထိုင်းမှိုင်းမှု 'ထိန'၊ ပျံ့လွင့်မှု 'ဥဒ္ဒစ္စ'။ ဤသည်တို့သည် ကိလေသာရှစ်ပါးတို့တည်း။

**ပျင်းရိခြင်းအကြောင်း။** ၉၅၃။ ထိုတွင် အဘယ်တို့သည် ပျင်းရိခြင်းအကြောင်း ရှစ်ပါးတို့ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အမှုကို ပြုရ၏၊ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏- "ငါသည်အမှုကို ပြုရလိမ့်မည်၊ အမှုကို ပြုရသော ငါ၏ ကိုယ်သည် ပင်ပန်းလိမ့်မည်၊ ယခု ငါသည်အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေးသည်ကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ဤသည်ကား ရှေးဦးစွာ သော ပျင်းရိခြင်းအကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် အမှုကို ပြုပြီးဖြစ်၏၊ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏- "ငါသည် အမှုကိုပြုပြီးလေပြီ၊ အမှုကို ပြုပြီးသော ငါ၏ ကိုယ်သည် ပင်ပန်း၏၊ ယခု ငါသည် အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေးသည်ကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ဤသည်ကား နှစ်ခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် ခရီးသွားမည် ဖြစ်၏။ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏- "ငါသည်ခရီးသွားရလိမ့်မည်၊ ခရီးသွားသော ငါ၏ ကိုယ်သည် ပင်ပန်းလိမ့်မည်၊ ယခု ငါသည် အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ် သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေးသည်ကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ဤသည်ကား သုံးခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် ခရီးသွားပြီး ဖြစ်၏။ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏- "ငါသည်ခရီးသွားပြီးလေပြီ၊ ခရီးသွားပြီးသော ငါ၏ ကိုယ်သည် ပင်ပန်း၏၊ ယခုငါသည် အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေးသည်ကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ဤသည်ကား လေးခုမြောက်သော ပျင်းရိခြင်းအကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် ရွာ, နိဂုံးသို့ ဆွမ်းအလို့ငှါ လှည့်လည်သော် ကြမ်းတမ်းသော ဘောဇဉ်ကို လည်းကောင်း၊ မွန်မြတ်သော ဘောဇဉ်ကိုလည်းကောင်း အလိုရှိတိုင်း ပြည့်စုံအောင် မရ။ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏- "ငါသည် ရွာ, နိဂုံးသို့ ဆွမ်းအလို့ငှါ လှည့်လည်သော် ကြမ်းတမ်းသော ဘောဇဉ်ကို လည်းကောင်း၊ မွန်မြတ်သော ဘောဇဉ်ကိုလည်းကောင်း အလိုရှိတိုင်း ပြည့်စုံအောင် မရ။ ထို (မရသော) ငါ၏ ကိုယ်သည် ပင်ပန်း၏၊ မခံ့ကျန်း၊ ယခု ငါသည် အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေး

သည်ကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ဤသည်ကား ငါးခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် ရွာ, နိဂုံးသို့ ဆွမ်းအလို့ငှါ လှည့်လည်သော် ကြမ်းတမ်းသော ဘောဇဉ်ကိုလည်းကောင်း၊ မွန်မြတ်သော ဘောဇဉ်ကိုလည်းကောင်း အလိုရှိတိုင်း ပြည့်စုံအောင် ရ၏။ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏- "ငါသည် ရွာ, နိဂုံးသို့ ဆွမ်းအလို့ငှါ လှည့်လည်သော် ကြမ်းတမ်းသော ဘောဇဉ်ကိုလည်းကောင်း၊ မွန်မြတ်သော ဘောဇဉ်ကိုလည်းကောင်း အလိုရှိတိုင်း ပြည့်စုံအောင် ရ၏။ ထို (ရသော) ငါ၏ ကိုယ်သည် ပင်ပန်း၏၊ မခံ့ကျန်း၊ စိုစွတ်သော ပဲကြီးနှင့် တူသရောင်ထင်၏။ ယခု ငါသည် အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေးသည်ကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ဤသည်ကား ခြောက်ခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် အနာရောဂါအနည်းငယ်ဖြစ်၏။ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏- "ငါ့အား အနာရောဂါအနည်းငယ် ဖြစ်၏။ အိပ်ရန် သင့်သော အခွင့်သည် ရှိနေ၏။ ယခု ငါသည် အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေးသည်ကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ဤသည်ကား ခုနစ်ခုမြောက်သော ပျင်းရိခြင်းအကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် အနာ (ရောဂါ) ပျောက်ပြီ၊ အနာ (ရောဂါ) ပျောက်သည်ကား မကြာသေး၊ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏-"ငါသည် အနာ (ရောဂါ) ပျောက်ပြီ၊ အနာ (ရောဂါ) ပျောက်သည်ကား မကြာသေး၊ ထို (အနာရောဂါပျောက်စဖြစ်သော) ငါ၏ ကိုယ်သည် အားနည်း၏၊ မခံ့ကျန်း၊ ယခု ငါသည်အိပ်ဦးမည်ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေး သည်ကို မျက်မှောက်ပြုရန် အားမထုတ်။ ဤသည်ကား ရှစ်ခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ဤသည်တို့သည် ပျင်းရိခြင်း အကြောင်းရှစ်ပါးတို့တည်း။

**စိတ်ပင်ပန်းကြောင်း လောကဓံတရား။** ၉၅၄။ ထိုတွင် အဘယ်လောကဓံရှစ်ပါးတို့ဖြင့် စိတ်ပင်ပန်းခြင်း ဖြစ်သနည်း။

လာဘ်ရခြင်းကြောင့် ပြင်းစွာတပ်မက်ခြင်း၊ လာဘ်မရခြင်းကြောင့် နှလုံးမသာယာခြင်း၊ အခြံအရံ (အကျော်အစော) ကြောင့် ပြင်းစွာတပ်မက်ခြင်း၊ အခြံအရံ (အကျော်အစော) မရှိခြင်းကြောင့် နှလုံးမသာယာခြင်း၊ ချီးမွမ်းခြင်းကြောင့် ပြင်းစွာတပ်မက်ခြင်း၊ ကဲ့ရဲ့ခြင်းကြောင့် နှလုံးမသာယာခြင်း၊ ချမ်းသာခြင်းကြောင့် ပြင်းစွာတပ်မက်ခြင်း၊ ဆင်းရဲခြင်းကြောင့် နှလုံးမသာယာခြင်း။ ဤလောကဓံရှစ်ပါးတို့ကြောင့် စိတ်ပင်ပန်းခြင်း ဖြစ်၏။

**ယုတ်ညံ့သူတို့၏ ပြောဆိုခြင်း။** ၉၅၅။ ထိုတွင် အဘယ်တို့သည် အရိယာမဟုတ် (ယုတ်ညံ့) သူတို့၏ပြောဆိုခြင်း ရှစ်ပါးတို့ မည်သနည်း။

မမြင်သည်၌ မြင်၏ဟု ဆိုခြင်း၊ မကြားသည်၌ ကြား၏ဟု ဆိုခြင်း၊ မတွေ့ထိသည်၌ တွေ့ထိ၏ဟုဆိုခြင်း၊ မသိသည်၌ သိ၏ဟု ဆိုခြင်း၊ မြင်သည်၌ မမြင်ဟု ဆိုခြင်း၊ ကြားသည်၌ မကြားဟု ဆိုခြင်း၊ တွေ့ထိသည်၌ မတွေ့ထိဟု ဆိုခြင်း၊ သိသည်၌ မသိဟု ဆိုခြင်း။ ဤသည်တို့သည် အရိယာမဟုတ် (ယုတ်ညံ့) သူတို့၏ ပြောဆိုခြင်း ရှစ်ပါးတို့တည်း။

**မှားသော သဘောတရား။** ၉၅၆။ ထိုတွင် အဘယ်တို့သည် မှားသော သဘောတရား ရှစ်ပါးတို့ မည်သနည်း။

မှားသော အမြင် 'မိစ္ဆာဒိဋ္ဌိ'၊ မှားသော ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'၊ မှားသော ပြောဆိုမှု 'မိစ္ဆာဝါစာ'၊ မှားသော ပြုလုပ်မှု 'မိစ္ဆာကမ္မန္တ၊ မှားသော အသက်မွေးမှု 'မိစ္ဆာအာဇီဝ'၊ မှားသော လုံ့လ 'မိစ္ဆာဝါယာမ'၊ မှားသော အောက်မေ့မှု 'မိစ္ဆာသတိ'၊ မှားသော တည်ကြည်မှု 'မိစ္ဆာသမာဓိ'။ ဤသည်တို့သည် မှားသော သဘောတရား ရှစ်ပါးတို့တည်း။

**ယောကျ်ားတို့၏ အပြစ်။** ၉၅၇။ ထိုတွင် အဘယ်တို့သည် ယောကျ်ားတို့၏ အပြစ်ရှစ်ပါးတို့ မည်သနည်း-

ဤသာသနာတော်၌ ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် "ငါ မအောက်မေ့မိ၊ ငါ မအောက်မေ့မိ"ဟု အမှတ်မရသဖြင့်သာ ဖြေရှင်း၏။ ဤသည်ကား ရှေးဦးစွာသော ယောကျ်ားတို့၏ အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည်ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် အပြစ်တင်စွပ်စွဲသူကိုသာ "မိုက်မဲ မလိမ္မာသောသင်၏ ပြောဆိုခြင်းဖြင့် အဘယ်မူအံ့နည်း၊ သင်ကဲ့သို့သော (ပုဂ္ဂိုလ်) က ငါ့ကို ဆိုစရာ မှတ်ထင်သလော" ဟု ဆန့်ကျင်ဘက်ဖြစ်၍ တည်၏။ ဤသည်ကား နှစ်ခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် အပြစ်တင်စွပ်စွဲသူကိုသာ "သင်လည်း ဤမည်သော အာပတ်သို့ ရောက်သည် မဟုတ်လော၊ သင်သည် လက်ဦးစွာ ကုစားဦးလော့"ဟု ပြန်၍ အပြစ်တင် စွပ်စွဲ၏။ ဤသည်ကား သုံးခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် အကြောင်းတစ်ပါးဖြင့် အကြောင်း တစ်ပါးကို ဖုံးလွှမ်း၏။ စကားကို အပ၌ ပစ်လွှင့်၏။ အမျက်ထွက်ခြင်းကို လည်းကောင်း၊ စိတ်ဆိုးခြင်းကို လည်းကောင်း၊ မနှစ်သက်ခြင်းကိုလည်းကောင်း ထင်ရှားစွာ ပြု၏။ ဤသည်ကား လေးခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် သံဃာ့အလယ်၌ လက်သီး, လက်မောင်းတန်း၍ အရှက်မရှိသော စကားကို ဆို၏၊ ဤသည်ကား ငါးခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည်ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်သည်ရှိသော် "ငါ အာပတ် မသင့်၊ ငါ အာပတ်မသင့်သည် မဟုတ်"ဟု (မပြောမဆို) ဆိတ်ဆိတ်ဖြစ်၍ သံဃာကို ညှဉ်းဆဲ၏။ ဤသည်ကား ခြောက်ခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် သံဃာကို အရေးမစိုက်မူ၍ အပြစ်တင်သူကို အရေးမစိုက်မူ၍ အာပတ်ရှိလျက်သာ အလိုရှိသော အရပ်သို့ ဖဲသွား၏။ ဤသည်ကား ခုနစ်ခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည်ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် "အရှင်ဘုရားတို့ သင်တို့သည် ကျွန်ုပ်၌ အဘယ့်ကြောင့် အလွန်အမင်း ကြောင့်ကြစိုက်ကြသနည်း၊ ယခု ကျွန်ုပ်သည် သိက္ခာချ၍ လူထွက်တော့အံ့" ဟု ဤသို့ ဆို၏။ ထိုရဟန်းသည် သိက္ခာချ၍ လူထွက်ပြီးလျှင် "အရှင်ဘုရားတို့ သင်တို့သည်ယခုအခါ နှစ်လိုဝမ်းမြောက်တော်မူကြပါ"ဟု ဤသို့ ဆို၏။ ဤသည်ကား ရှစ်ခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ဤသည်တို့ကား ယောကျ်ားတို့၏ အပြစ်ရှစ်ပါးတို့ မည်ကုန်၏။

**အသညီဝါဒ** ၉၅၈။ ထိုတွင် အဘယ်တို့သည် သညာမရှိဟုဖြစ်သော အယူရှစ်ပါးတို့ မည်သနည်း။

အတ္တသည် ရုပ်ရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ ထိုအတ္တကို "သညာမရှိ"ဟု ပညတ်ကြကုန်၏။ အတ္တသည် ရုပ်မရှိ။ပ။

ရုပ်လည်း ရှိ၏၊ ရုပ်လည်း မရှိ။ပ။

ရုပ်ရှိသည်လည်း မဟုတ် ရုပ်မရှိသည်လည်း မဟုတ်။ပ။

အတ္တသည် အဆုံးရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာမရှိ"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် အဆုံးမရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာမရှိ"ဟု ထိုအတ္တကိုပညတ်ကြကုန်၏။ အတ္တသည် အဆုံးလည်း ရှိ၏၊ အဆုံးလည်း မရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာမရှိ"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာမရှိ"ဟု ပညတ်ကြကုန်၏။ ဤသည်တို့သည် သညာမရှိဟု ဖြစ်သော အယူရှစ်ပါးတို့ မည်ကုန်၏။

**နေဝသညီနာသညီဝါဒ။** ၉၅၉။ ထိုတွင် အဘယ်တို့သည် သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်းမဟုတ်ဟု ဖြစ်သော အယူရှစ်ပါးတို့ မည်သနည်း။

အတ္တသည် ရုပ်ရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် ရုပ်မရှိ။ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် ရုပ်လည်း ရှိ၏၊ ရုပ်လည်း မရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် ရုပ်ရှိသည်လည်း မဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်."ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် အဆုံးရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် အဆုံးမရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် အဆုံးလည်း ရှိ၏၊ အဆုံးလည်း မရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ် ကြကုန်၏။ ဤသည်တို့သည် သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်ဟု ဖြစ်သော အယူရှစ်ပါးတို့ မည်ကုန်၏။

**ရှစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း ပြီး၏။**

# ခုဒ္ဒကဝတ္ထုဝိဘင်

## နဝကနိဒ္ဒေသ

## (ကိုးပါးအစု တရားများကို အကျယ်ပြဆိုခြင်း)

**ရန်ငြိုးဖွဲ့ခြင်းအကြောင်း။** ၉၆၀။ ထိုတွင် အဘယ်တို့သည် ရန်ငြိုးဖွဲ့ခြင်းအကြောင်း ကိုးပါးတို့ မည်သနည်း။

ငါ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏၊ ငါ၏ အကျိုးမဲ့ကို ပြုကျင့်နေဆဲဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏၊ ငါ၏ အကျိုးမဲ့ကို ပြုကျင့်လိမ့်မည်ဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏။ ငါချစ်မြတ်နိုးသူ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးမဲ့ကို ပြုကျင့်နေဆဲ။ပ။ အကျိုးမဲ့ကို ပြုကျင့်လိမ့်မည်ဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏။ ငါ မချစ်မြတ်နိုးသူ၏ အကျိုးကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးကို ပြုကျင့်နေဆဲ။ပ။ အကျိုးကို ပြုကျင့်လိမ့်မည်ဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏။ ဤသည်တို့သည် ရန်ငြိုးဖွဲ့ခြင်း အကြောင်းကိုးပါးတို့ မည်ကုန်၏။

**ယောကျ်ားတို့၏ အညစ်အကြေး။** ၉၆၁။ ထိုတွင် အဘယ်တို့သည် ယောကျ်ားတို့၏ အညစ်အကြေး ကိုးပါးတို့ မည်သနည်း။

အမျက်ထွက်မှု 'ကောဓ'၊ ကျေးဇူးကန်းမှု 'မက္ခ'၊ ငြူစူမှု 'ဣဿာ'၊ ဝန်တိုမှု 'မစ္ဆရိယ'၊ လှည့်ပတ်မှု 'မာယာ'၊ စဉ်းလဲမှု 'သာဌေယျ'၊ လိမ်ညာပြောမှု 'မုသာဝါဒ'၊ ယုတ်မာသောအလိုရှိမှု 'ပါပိစ္ဆတာ'၊ မှားသော အယူရှိမှု 'မိစ္ဆာဒိဋ္ဌိ'။ ဤသည်တို့သည် ယောကျ်ားတို့၏ အညစ်အကြေးကိုးပါးတို့ မည်ကုန်၏။

**မာန်ထောင်ခြင်း။** ၉၆၂။ ထိုတွင် အဘယ်တို့သည် မာန်ထောင်ခြင်း ကိုးပါးတို့ မည်သနည်း။

မြတ်သော သူ၏ "ငါ (သင့်ထက်) မြတ်၏"ဟု မာန်ထောင်ခြင်း၊ မြတ်သော သူ၏ "ငါ (သင့်နှင့်) တူ၏"ဟု မာန်ထောင်ခြင်း၊ မြတ်သော သူ၏ "ငါ (သင့်အောက်) ယုတ်၏"ဟု မာန်ထောင်ခြင်း။ တူသော သူ၏ "ငါ (သင့်ထက်) မြတ်၏"ဟု မာန်ထောင်ခြင်း၊ တူသော သူအား "ငါ (သင်နှင့်) တူ၏" ဟု မာန်ထောင်ခြင်း၊ တူသော သူ၏ "ငါ (သင့်အောက်) ယုတ်၏"ဟု မာန်ထောင်ခြင်း။ ယုတ်သောသူ၏ "ငါ (သင့်ထက်) မြတ်၏"ဟု မာန်ထောင်ခြင်း၊ ယုတ်သော သူ၏ "ငါ (သင့်နှင့်) တူ၏" ဟု မာန်ထောင်ခြင်း၊ ယုတ်သောသူ၏ "ငါ (သင့်အောက်) ယုတ်၏"ဟု မာန်ထောင်ခြင်း။ ဤသည် တို့သည် မာန်ထောင်ခြင်း ကိုးပါးတို့ မည်ကုန်၏။

**တဏှာမူလကတရား။** ၉၆၃။ ထိုတွင် အဘယ်တို့သည် တပ်မက်ခြင်း (တဏှာ) အရင်းခံ တရားကိုးပါးတို့ မည်သနည်း။

(၁) တပ်မက်ခြင်း 'တဏှာ'ကို စွဲ၍ ရှာမှီးခြင်း ဖြစ်၏။ (၂) ရှာမှီးခြင်းကို စွဲ၍ ရခြင်း ဖြစ်၏၏။ (၃) ရခြင်းကို စွဲ၍ ကြံစည်ဆုံးဖြတ်ခြင်း ဖြစ်၏။ (၄) ကြံစည်ဆုံးဖြတ်ခြင်းကို စွဲ၍ ပြင်းစွာ လိုချင်တပ်မက်ခြင်း ဖြစ်၏။ (၅) ပြင်းစွာလိုချင်တပ်မက်ခြင်းကို စွဲ၍ (ငါ, ငါ့ဟာဟု) အားကြီးသော အပြီးသတ် သက်ဝင်ဆုံးဖြတ်ချက်ချခြင်း ဖြစ်၏။ (၆) (ငါ, ငါ့ဟာ ဟု) အားကြီးသော အပြီးသတ်သက်ဝင် ဆုံးဖြတ်ချက်ချခြင်းကို စွဲ၍ သိမ်းဆည်းခြင်း ဖြစ်၏။ (၇) သိမ်းဆည်းခြင်းကို စွဲ၍ ဝန်တိုခြင်း ဖြစ်၏။ (၈) ဝန်တိုခြင်းကို စွဲ၍ စောင့်ရှောက်ခြင်း ဖြစ်၏။ (၉) စောင့်ရှောက်ခြင်းအကြောင်းကြောင့် တုတ်ကိုင်ခြင်း၊ ဓားစွဲခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုန်ခြင်း၊ ဆန့်ကျင်ဘက် ပြောခြင်း၊ နင်ပဲငဆ ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ မမှန်သည်ကို ဆိုခြင်းဟူသော များစွာကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။ ဤသည်တို့သည် တပ်မက်ခြင်း 'တဏှာ' အရင်းခံတရား ကိုးပါးတို့ မည်ကုန်၏။

**တုန်လှုပ်ခြင်း။** ၉၆၄။ ထိုတွင် အဘယ်တို့သည် တုန်လှုပ်ခြင်း ကိုးပါးတို့ မည်သနည်း။

ဖြစ်၏ဟု တုန်လှုပ်ခြင်း၊ ငါဖြစ်၏ဟု တုန်လှုပ်ခြင်း၊ ဤဟာ ငါဖြစ်ဟု တုန်လှုပ်ခြင်း၊ ဖြစ်လိမ့်မည်ဟု တုန်လှုပ်ခြင်း၊ ရုပ်ရှိဖြစ်လိမ့်မည်ဟု တုန်လှုပ်ခြင်း၊ နာမ်ရှိဖြစ်လိမ့်မည်ဟု တုန်လှုပ်ခြင်း၊ သညာရှိဖြစ်လိမ့်မည်ဟု တုန်လှုပ်ခြင်း၊ သညာမရှိဖြစ်လိမ့်မည်ဟု တုန်လှုပ်ခြင်း၊ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ် ဖြစ်လိမ့်မည်ဟု တုန်လှုပ်ခြင်း။ ဤသည်တို့သည် တုန်လှုပ်ခြင်းကိုးပါးတို့ မည်ကုန်၏။

**မှတ်ထင်ခြင်း (မညိတ)။** ၉၆၅။ ထိုတွင် အဘယ်တို့သည် မှတ်ထင်ခြင်း ကိုးပါးတို့ မည်သနည်း။

ဖိမ့်ဖိမ့်တုန်လှုပ်ခြင်း ကိုးပါးတို့ မည်သနည်း-

ချဲ့ထွင်ခြင်း ကိုးပါးတို့ မည်သနည်း-

ပြုပြင်ခြင်း ကိုးပါးတို့ မည်သနည်း-

ဖြစ်၏ဟု ပြုပြင်ခြင်း၊ ငါဖြစ်၏ဟု ပြုပြင်ခြင်း၊ ဤဟာ ငါဖြစ်၏ဟု ပြုပြင်ခြင်း၊ ဖြစ်လိမ့်မည် ဟု ပြုပြင်ခြင်း၊ ရုပ်ရှိဖြစ်လိမ့်မည်ဟု ပြုပြင်ခြင်း၊ နာမ်ရှိဖြစ်လိမ့်မည်ဟု ပြုပြင်ခြင်း၊ သညာရှိဖြစ်လိမ့်မည်ဟုပြုပြင်ခြင်း၊ သညာမရှိဖြစ်လိမ့်မည်ဟု ပြုပြင်ခြင်း၊ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ် ဖြစ်လိမ့်မည်ဟု ပြုပြင်ခြင်း။ ဤသည်တို့သည် ပြုပြင်ခြင်း ကိုးပါးတို့ မည်ကုန်၏။

**ကိုးပါးစုတရားများကို အကျယ်ပြဆိုခြင်း ပြီး၏။**

------

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## ဒသကနိဒ္ဒေသ

## (ဆယ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း)

**ကိလေသာဝတ္ထု။** ၉၆၆။ ထိုတွင် အဘယ်တို့သည် ကိလေသာအကြောင်းဆယ်ပါးတို့ မည်သနည်း။

လိုချင်မှု 'လောဘ'၊ ပြစ်မှားမှု 'ဒေါသ'၊ တွေဝေမှု 'မောဟ'၊ မာန်ထောင်မှု 'မာန'၊ အယူမှားမှု 'ဒိဋ္ဌိ'၊ တွေးတောယုံမှားမှု 'ဝိစိကိစ္ဆာ'၊ ထိုင်းမှိုင်းမှု 'ထိန'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မရှက်မှု 'အဟိရိက'၊ မကြောက်လန့်မှု 'အနောတ္တပ္ပ'၊ ဤသည်တို့သည် ကိလေသာအကြောင်းဆယ်ပါးတို့ မည်ကုန်၏။

**ရန်ငြိုးဖွဲ့ကြောင်း။** ၉၆၇။ ထိုတွင် အဘယ်တို့သည် ရန်ငြိုးဖွဲ့ခြင်းအကြောင်း ဆယ်ပါးတို့ မည်သနည်း။

ငါ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏၊ ငါ၏ အကျိုးမဲ့ကို ပြုကျင့်နေဆဲဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏၊ ငါ၏ အကျိုးမဲ့ကို ပြုကျင့်လိမ့်မည်ဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏။ ငါချစ်မြတ်နိုးသူ၏ အကျိုးမဲ့ကိုပြုကျင့်ခဲ့ပြီ။ပ။ အကျိုးမဲ့ကို ပြုကျင့်နေဆဲ။ပ။ အကျိုးမဲ့ကို ပြုကျင့်လိမ့်မည်ဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏။ ငါမချစ်မြတ်နိုးသူ၏ အကျိုးကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးကို ပြုကျင့်နေဆဲ။ပ။ အကျိုးကို ပြုကျင့်လိမ့်မည် ဟုရန်ငြိုးဖွဲ့ခြင်း ဖြစ်၏။ ထို့ပြင် အရာမဟုတ်သည်၌ လည်း ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏။ ဤသည်တို့သည် ရန်ငြိုးဖွဲ့ခြင်းအကြောင်းဆယ်ပါးတို့ မည်ကုန်၏။

**အကုသိုလ်ကမ္မပထတရား။** ၉၆၈။ ထိုတွင် အဘယ်တို့သည် အကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့ မည်သနည်း။

အသက်ကို သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ မဟုတ်မမှန်သည်ကို ဆိုခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းသောစကားကို ဆိုခြင်း၊ ပြိန်ဖျင်းသော စကားကို ဆိုခြင်း၊ သူတစ်ပါးပစ္စည်းကို မတရားရယူရန် ကြံစည်ခြင်း၊ သူတစ်ပါး သေကြေပျက်စီးရန် ကြံစည်ခြင်း၊ အယူ မှားခြင်း။ ဤသည်တို့သည် အကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့ မည်ကုန်၏။

**သံယောဇဉ်တရား။** ၉၆၉။ ထိုတွင် အဘယ်တို့သည် သံယောဇဉ်ဆယ်ပါးတို့ မည်သနည်း။

ကာမ၌ တပ်မက်မှု 'ကာမရာဂ' သံယောဇဉ်၊ အမျက်ထွက်မှု 'ပဋိဃ' သံယောဇဉ်၊ ထောင်လွှားမှု 'မာန' သံယောဇဉ်၊ အယူမှားမှု 'ဒိဋ္ဌိ' သံယောဇဉ်၊ တွေးတောယုံမှားမှု 'ဝိစိကိစ္ဆာ' သံယောဇဉ်၊ (ခွေး, နွား စသည်တို့၏) အလေ့အကျင့်ကို (ကိလေသာ စင်ကြယ်ကြောင်းဟု) မှားသော သုံးသပ်မှု 'သီလဗ္ဗတပရာသ' သံယောဇဉ်၊ ဘဝ၌ တပ်မက်မှု 'ဘဝရာဂ' သံယောဇဉ်၊ ငြူစူမှု 'ဣဿာ'သံယောဇဉ်၊ ဝန်တိုမှု 'မစ္ဆရိယ' သံယောဇဉ်၊ မသိမှု 'အဝိဇ္ဇာ' သံယောဇဉ်။ ဤသည်တို့သည်သံယောဇဉ်ဆယ်ပါးတို့ မည် ကုန်၏။

**မှားသောသဘောတရား။** ၉၇၀။ ထိုတွင် အဘယ်တို့သည် မှားသောသဘောတရား ဆယ်ပါးတို့ မည်သနည်း။

မှားသော အယူ၊ မှားသော အကြံ၊ မှားသော စကား၊ မှားသော အမှု ၊ မှားသော အသက်မွေးမှု ၊ မှားသောအားထုတ်မှု ၊ မှားသော အောက်မေ့မှု ၊ မှားသော တည်ကြည်မှု ၊ မှားသောဉာဏ်၊ မှားသော လွတ်မြောက်မှု ။ ဤသည်တို့သည် မှားသောသဘောတရားဆယ်ပါးတို့ မည်ကုန်၏။

**ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ**။ ၉၇၁။ ထိုတွင် အဘယ်တို့သည် ဝတ္ထုဆယ်ပါးရှိသော မှားသောအယူ မည်သနည်း။

ပေးလှူခြင်း (အကျိုး) သည် မရှိ၊ ယဇ်ကြီး (အလှူကြီး) ပူဇော်ရခြင်း (အကျိုး) သည် မရှိ၊ ယဇ်ငယ် (အလှူငယ်) ပူဇော်ရခြင်း (အကျိုး) သည် မရှိ၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးရင်း အကျိုးဖျားသည် မရှိ၊ ဤလောကသည် မရှိ၊ တမလွန်လောကသည် မရှိ၊ အမိသည် မရှိ၊ အဖသည် မရှိ၊ သေ၍တစ်ဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုလည်းကောင်း၊ တမလွန်လောကကို လည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော၊ ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော၊ ကောင်းသော ကျင့်ရှိကုန်သော သမဏဗြာဟ္မဏ တို့သည်လောက၌ မရှိကုန်။ ဤသည်တို့သည် ဝတ္ထုဆယ်ပါး ရှိသော မှားသောအယူ မည်ကုန်၏။

**တစ်ဖက်စွန်းရောက်ဒိဋ္ဌိ 'အန္တဂ္ဂါဟိကဒိဋ္ဌိ'**။ ၉၇၂။ ထိုတွင် အဘယ်သည် ဝတ္ထုဆယ်ပါးရှိသော တစ်ဖက်စွန်းရောက် မှားသောအယူ မည်သနည်း။

လောကသည် မြဲ၏ဟု ယူခြင်း၊ လောကသည် မမြဲဟု ယူခြင်း၊ လောကသည် အဆုံးရှိ၏ဟု ယူခြင်း၊ လောကသည် အဆုံးမရှိဟု ယူခြင်း၊ အသက်သည် ကိုယ်တည်းဟု ယူခြင်း၊ အသက်တခြားကိုယ်တခြားဟု ယူခြင်း၊ သတ္တဝါသည် သေပြီးနောက်ဖြစ်၏ဟု ယူခြင်း၊ သတ္တဝါသည် သေပြီးနောက်မဖြစ်ဟု ယူခြင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟု ယူခြင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ဟု ယူခြင်း။ ဤသည်တို့သည်ဝတ္ထုဆယ်ပါးရှိသော တစ်ဖက်စွန်းရောက် မှားသောအယူ မည်ကုန်၏။

**ဆယ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း ပြီး၏။**

------

# ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

## တဏှာဖြစ်ခြင်းတို့ကို အကျယ်ပြဆိုခြင်း

## အတွင်းသန္တာန်ကို စွဲ၍ တဏှာဖြစ်ခြင်း ၁၈-ပါး

၉၇၃။ ထိုတွင် အဘယ်တို့သည် အတွင်းသန္တာန်ကို စွဲ၍ တဏှာဖြစ်ခြင်း တစ်ဆယ့်ရှစ်ပါးတို့ မည်သနည်း။

ငါဖြစ်သည်ဟု ဖြစ်၏။ ဤအပြားအားဖြင့် ငါဖြစ်သည်ဟု ဖြစ်၏။ ဤသို့ ငါဖြစ်သည်ဟု ဖြစ်၏။ တစ်ပါးသော အခြင်းအရာအားဖြင့် ငါဖြစ်သည်ဟု ဖြစ်၏။ ငါဖြစ်လိမ့်မည်ဟု ဖြစ်၏။ ဤအပြား အားဖြင့် ငါဖြစ်လိမ့်မည်ဟု ဖြစ်၏။ ဤသို့ ငါဖြစ်လိမ့်မည်ဟု ဖြစ်၏။ တစ်ပါးသော အခြင်းအရာ အားဖြင့် ငါဖြစ်လိမ့်မည်ဟု ဖြစ်၏။ အမြဲဖြစ်သည်ဟု ဖြစ်၏။ အမြဲ မဖြစ်ဟု ဖြစ်၏။ ဖြစ်ရာသည်ဟု ဖြစ်၏။ ဤအပြားအားဖြင့် ဖြစ်ရာသည်ဟု ဖြစ်၏။ ဤသို့ ဖြစ်ရာသည်ဟု ဖြစ်၏။ တစ်ပါးသော အခြင်းအရာ အားဖြင့် ဖြစ်ရာသည်ဟု ဖြစ်၏။ စင်စစ် ငါဖြစ်ရာသည်ဟု ဖြစ်၏။ စင်စစ် ငါ ဤအပြားအားဖြင့် ဖြစ်ရာသည်ဟု ဖြစ်၏။ စင်စစ် ငါ ဤသို့ ဖြစ်ရာသည်ဟု ဖြစ်၏။ စင်စစ် ငါ တစ်ပါးသော အခြင်းအရာ အားဖြင့် ဖြစ်ရာသည်ဟု ဖြစ်၏။

၉၇၄။ အဘယ်သို့လျှင် "ငါ ဖြစ်သည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသောတရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ငါဟု လိုလားနှစ်သက်တပ်မက်မှု 'တဏှာ'ကို ရ၏။ ငါဖြစ်သည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏၊ ငါဖြစ်သည်ဟု အယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏၊ ထိုတဏှာ, မာန, ဒိဋ္ဌိသုံးပါးအပေါင်းသည် ဖြစ်လတ်သော် ဤအပြားအားဖြင့် ငါဖြစ်သည် ဟူ၍ လည်းကောင်း၊ ဤသို့ ငါ ဖြစ်သည်ဟူ၍လည်းကောင်း၊ တစ်ပါးသော အခြင်းအရာ အားဖြင့် ငါဖြစ်သည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ' တရားတို့သည် ဖြစ်ကုန်၏။ (၁)

အဘယ်သို့လျှင် "ဤအပြားအားဖြင့် ငါဖြစ်သည်"ဟု ဖြစ်သနည်း။

ငါ မင်းမျိုးဖြစ်၏ဟူ၍လည်းကောင်း၊ ငါ ပုဏ္ဏားမျိုးဖြစ်၏ဟူ၍လည်းကောင်း၊ ငါ ကုန်သည်မျိုးဖြစ်၏ ဟူ၍ လည်းကောင်း၊ ငါ သူဆင်းရဲမျိုးဖြစ်၏ ဟူ၍ လည်းကောင်း၊ ငါ (အိမ်နေသူ) လူဝတ်ကြောင်ဖြစ်၏ ဟူ၍ လည်းကောင်း၊ ငါ ရဟန်းဖြစ်၏ ဟူ၍ လည်းကောင်း၊ ငါ နတ်ဖြစ်၏ ဟူ၍ လည်းကောင်း၊ ငါလူသားဖြစ်၏ ဟူ၍ လည်းကောင်း၊ ငါ ရုပ်ရှိသူဟူ၍လည်းကောင်း၊ ငါ ရုပ်မရှိသူ ဟူ၍ လည်းကောင်း၊ ငါသညာရှိသူ ဟူ၍ လည်းကောင်း၊ ငါ သညာမရှိသူ ဟူ၍ လည်းကောင်း၊ ငါ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ် ဟူ၍ လည်းကောင်း ဤသို့လျှင် "ဤအပြားအားဖြင့် ငါဖြစ်သည်"ဟု ဖြစ်၏။ (၂)

အဘယ်သို့လျှင် "ဤသို့ ငါဖြစ်သည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးဖြစ်၏ ဟူ၍ လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုး ဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးဖြစ်၏ ဟူ၍ လည်းကောင်း၊ ထိုသူ ကုန်သည်မျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ကုန်သည်မျိုးဖြစ်၏ ဟူ၍ လည်းကောင်း၊ ထိုသူ သူဆင်းရဲမျိုး ဖြစ်သကဲ့သို့ ထို့အတူ ငါ သူဆင်းရဲမျိုးဖြစ်၏ ဟူ၍ လည်းကောင်း၊ ထိုသူ (အိမ်နေသူ) လူဝတ်ကြောင် ဖြစ်သကဲ့သို့ ထို့အတူ ငါ (အိမ်နေသူ) လူဝတ်ကြောင် ဖြစ်၏ ဟူ၍ လည်းကောင်း၊ ထိုသူ ရဟန်း ဖြစ်သကဲ့သို့ ထို့အတူငါ ရဟန်းဖြစ်၏ ဟူ၍ လည်းကောင်း၊ ထိုသူ နတ်ဖြစ်သကဲ့သို့ ထို့အတူ ငါနတ်ဖြစ်၏ ဟူ၍ လည်းကောင်း၊ ထိုသူ လူသားဖြစ်သကဲ့သို့ ထို့အတူ ငါ လူသားဖြစ်၏ ဟူ၍ လည်းကောင်း၊ ထိုသူ ရုပ်ရှိသကဲ့သို့ ထို့အတူငါ ရုပ်ရှိ၏ ဟူ၍ လည်းကောင်း၊ ထိုသူ ရုပ်မရှိသကဲ့သို့

ထို့အတူ ငါ ရုပ်မရှိ ဟူ၍ လည်းကောင်း၊ ထိုသူသညာ ရှိသကဲ့သို့ ထို့အတူ ငါ သညာရှိ၏ ဟူ၍ လည်းကောင်း၊ ထိုသူ သညာမရှိသကဲ့သို့ ထို့အတူ ငါသညာမရှိ ဟူ၍ လည်းကောင်း၊ ထိုသူ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်သကဲ့သို့ထို့အတူ ငါ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ် ဟူ၍ လည်းကောင်း ဤသို့လျှင် "ဤသို့ ငါဖြစ်သည်"ဟု ဖြစ်၏။ (၃)

အဘယ်သို့လျှင် "တစ်ပါးသော အခြင်းအရာအားဖြင့် ငါဖြစ်သည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူမင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးမဖြစ်ဟူ၍ လည်းကောင်း၊ ထိုသူပုဏ္ဏားမျိုး ဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးမဖြစ်ဟူ၍လည်းကောင်း၊ ထိုသူ ကုန်သည်မျိုး ဖြစ်သကဲ့သို့ ထို့အတူ ငါ ကုန်သည်မျိုးမဖြစ်ဟူ၍လည်းကောင်း၊ ထိုသူ သူဆင်းရဲမျိုး ဖြစ်သကဲ့သို့ ထို့အတူ ငါသူဆင်းရဲမျိုး မဖြစ် ဟူ၍ လည်းကောင်း၊ ထိုသူ (အိမ်နေသူ) လူဝတ်ကြောင် ဖြစ်သကဲ့သို့ ထို့အတူ ငါ (အိမ်နေသူ) လူဝတ်ကြောင် မဖြစ်ဟူ၍လည်းကောင်း၊ ထိုသူ ရဟန်းဖြစ် သကဲ့သို့ ထို့အတူ ငါ ရဟန်းမဖြစ်ဟူ၍လည်းကောင်း၊ ထိုသူ နတ်ဖြစ်သကဲ့သို့ ထို့အတူ ငါ နတ်မဖြစ်ဟူ၍လည်းကောင်း၊ ထိုသူ လူသားဖြစ်သကဲ့သို့ ထို့အတူ ငါ လူသားမဖြစ်ဟူ၍ လည်းကောင်း၊ ထိုသူ ရုပ်ရှိသကဲ့သို့ ထို့အတူ ငါ ရုပ်မရှိဟူ၍လည်းကောင်း၊ ထိုသူ ရုပ်မရှိသကဲ့သို့ ထို့အတူ ငါ ရုပ်မရှိသည် မဟုတ်ဟူ၍လည်းကောင်း၊ ထိုသူ သညာရှိသကဲ့သို့ ထို့အတူ ငါ သညာမရှိဟူ၍လည်းကောင်း၊ ထိုသူ သညာမရှိသကဲ့သို့ ထို့အတူ ငါ သညာမရှိသည် မဟုတ်ဟူ၍လည်းကောင်း၊ ထိုသူ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်သည် မဟုတ် ဟူ၍ လည်းကောင်း ဤသိုလျှင် "ဤသို့ တစ်ပါးသော အခြင်းအရာအားဖြင့် ငါဖြစ်သည်"ဟု ဖြစ်၏။ (၄)

အဘယ်သို့လျှင် "ငါ ဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ငါ ဖြစ်လိမ့်မည်ဟု လိုလားနှစ်သက်တပ်မက်မှု 'တဏှာ'ကို ရ၏။ ငါ ဖြစ်လိမ့်မည်ဟု ထောင်လွှားမှု 'မာန' ကိုရ၏၊ ငါ ဖြစ်လိမ့်မည်ဟု အယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏၊ ထိုသို့တဏှာ, မာန, ဒိဋ္ဌိ သုံးပါးအပေါင်းသည် ဖြစ်လတ်သော် ဤအပြားအားဖြင့် ငါ ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ဤသို့ ငါ ဖြစ်လိမ့်မည်ဟူ၍ လည်းကောင်း၊ တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ'တရားတို့ဖြစ်ကုန်၏။ (၅)

အဘယ်သို့လျှင် "ဤအပြားအားဖြင့် ဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

မင်းမျိုး ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ ပုဏ္ဏားမျိုး ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ ကုန်သည်မျိုး ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ သူဆင်းရဲမျိုး ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ (အိမ်နေသူ) လူဝတ်ကြောင်ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ ရဟန်း ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ နတ်ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ လူသားဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ ရုပ်ရှိသူဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ ရုပ်မရှိသူဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ သညာရှိသူဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ သညာမရှိသူဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ သညာရှိသူလည်း မဟုတ် သညာမရှိသူ လည်း မဟုတ် ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း ဤသို့လျှင် "ဤအပြားအားဖြင့် ဖြစ်လိမ့်မည်" ဟု ဖြစ်၏။ (၆)

အဘယ်သို့လျှင် ဤသို့ ငါဖြစ်လိမ့်မည်ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုး ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း။ပ။

ထိုသူ သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိ သည်လည်း မဟုတ်, သညာ မရှိသည်လည်း မဟုတ်သည် မဟုတ် ဖြစ်လိမ့်မည် ဟူ၍လည်းကောင်း ဤသို့လျှင် "ဤသို့ ငါဖြစ်လိမ့်မည်"ဟု ဖြစ်၏။ (၇)

အဘယ်သို့လျှင် "တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါမင်းမျိုး ဖြစ်လိမ့်မည် မဟုတ် ဟူ၍ လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါပုဏ္ဏားမျိုး ဖြစ်လိမ့်မည် မဟုတ် ဟူ၍ လည်းကောင်း။ပ။ ထိုသူ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်သကဲ့သို့ ထို့အတူ ငါသညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်လိမ့်မည် မဟုတ်ဟူ၍လည်းကောင်း ဤသို့လျှင် "တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်လိမ့်မည်"ဟု ဖြစ်၏။ (၈)

အဘယ်သို့လျှင် "အမြဲ ဖြစ်သည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို (အပျက်အစီးမရှိ) မြဲ၏ (နိစ္စဖြစ်၏)၊ (ထင်ရှားတည်တံ့) ခိုင်ခံ့၏ (ဓုဝဖြစ်၏)၊ တည်တံ့၏ (သဿတဖြစ်၏)၊ ဖောက်ပြန်ခြင်း သဘောမရှိ (အဝိပရိဏာမဓမ္မဖြစ်၏)ဟူ၍ ဤသို့လျှင် "အမြဲ ဖြစ်သည်" ဟု ဖြစ်၏။ (၉)

အဘယ်သို့လျှင် "အမြဲ မဖြစ်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ပြတ်လိမ့်မည်, ပျက်စီးလိမ့်မည်, ဖြစ်လိမ့်မည် မဟုတ်ဟူ၍ ဤသို့လျှင် "အမြဲ မဖြစ်"ဟု ဖြစ်၏။ (၁၀)

အဘယ်သို့လျှင် "ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ငါ ဖြစ်ရာသည်ဟု လိုလားနှစ်သက်တပ်မက်မှု 'တဏှာ'ကို ရ၏။ ငါ ဖြစ်ရာသည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏၊ ငါ ဖြစ်ရာသည်ဟု အယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏၊ ထိုတဏှာ, မာန, ဒိဋ္ဌိ သုံးပါးအပေါင်းသည် ဖြစ်လတ်သော်ဤအပြားအားဖြင့် ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤသို့ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ' တရားတို့ ဖြစ်ကုန်၏။ (၁၁) အဘယ်သို့လျှင် "ဤအပြားအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်သနည်း။ မင်းမျိုး ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ပုဏ္ဏားမျိုး ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ကုန်သည်မျိုးဖြစ်ရာ သည် ဟူ၍ လည်းကောင်း၊ သူဆင်းရဲမျိုး ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ (အိမ်နေသူ) လူဝတ်ကြောင် ဖြစ်ရာသည် ဟူ၍လည်းကောင်း၊ ရဟန်း ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ နတ်ဖြစ်ရာသည်ဟူ၍ လည်းကောင်း၊ လူသား ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ရုပ်ရှိသူ ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ရုပ်မရှိသူ ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ သညာရှိသူ ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ သညာ မရှိသူ ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ် ဖြစ်ရာသည် ဟူ၍ လည်းကောင်း ဤသို့လျှင် "ဤအပြားအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၂)

အဘယ်သို့လျှင် "ဤသို့ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း။ပ။ ထိုသူသညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်းမဟုတ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ် ဖြစ်ရာသည်ဟူ၍လည်းကောင်း ဖြစ်၏။ ဤသို့လျှင် "ဤသို့ ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၃)

အဘယ်သို့လျှင် "တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးမဖြစ်ရာ ဟူ၍ လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးမဖြစ်ရာ ဟူ၍ လည်းကောင်း။ပ။ ထိုသူသညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်းမဟုတ် ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်သည် မဖြစ်ရာ ဟူ၍ လည်းကောင်း ဤသို့လျှင် "တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၄)

အဘယ်သို့လျှင် "စင်စစ် ငါ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို စင်စစ် ငါဖြစ်ရာသည်ဟု လိုလားနှစ်သက်တပ်မက်မှု 'တဏှာ'ကို ရ၏။ စင်စစ် ငါ ဖြစ်ရာသည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏၊ စင်စစ် ငါ ဖြစ်ရာသည်ဟု အယူမှားမှု 'ဒိဋ္ဌိ' ရ၏၊ ထိုတဏှာ, မာန, ဒိဋ္ဌိသုံးပါး အပေါင်းသည် ဖြစ်လတ်သော် စင်စစ် ငါ ဤအပြားအားဖြင့် ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ စင်စစ်ငါ ဤသို့ ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ စင်စစ် ငါ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည် ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ' တရားတို့ ဖြစ်ကုန်၏။ (၁၅)

အဘယ်သို့လျှင် "စင်စစ် ငါ ဤအပြားအားဖြင့်ဖြင့် ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

စင်စစ် ငါ မင်းမျိုး ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ စင်စစ် ငါ ပုဏ္ဏားမျိုး ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ စင်စစ် ငါကုန်သည်မျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ စင်စစ် ငါ သူဆင်းရဲမျိုး ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ စင်စစ် ငါ (အိမ်နေသူ) လူဝတ်ကြောင် ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ စင်စစ် ငါ ရဟန်းဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ စင်စစ် ငါ နတ်ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ စင်စစ် ငါ လူသားဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ စင်စစ် ငါ ရုပ်ရှိသူ ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ စင်စစ် ငါ ရုပ်မရှိသူဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ စင်စစ် ငါ သညာရှိသူ ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ စင်စစ် ငါ သညာမရှိသူ ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ စင်စစ် ငါ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ် ဖြစ်ရာသည် ဟူ၍ လည်းကောင်း ဤသို့လျှင် "စင်စစ် ငါ ဤအပြားအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၆)

အဘယ်သို့လျှင် "စင်စစ် ငါ ဤသို့ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ မင်းမျိုးဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ ပုဏ္ဏားမျိုးဖြစ်ရာသည် ဟူ၍ လည်းကောင်း။ပ။ ထိုသူ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူစင်စစ် ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ် ဖြစ်ရာသည် ဟူ၍ လည်းကောင်း ဤသို့လျှင် "စင်စစ် ဤသို့ ငါ ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၇)

အဘယ်သို့လျှင် "စင်စစ် ငါ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ မင်းမျိုးမဖြစ်ရာ ဟူ၍ လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ ပုဏ္ဏားမျိုး မဖြစ်ရာ ဟူ၍ လည်းကောင်း။ပ။ ထိုသူ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူစင်စစ် ငါ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်သည် မဖြစ်ရာ ဟူ၍ လည်းကောင်း ဤသို့လျှင် "စင်စစ် ငါ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၈)

ဤသည်တို့သည် မိမိသန္တာန်၌ ဖြစ်သော တရားကို စွဲ၍ တဏှာဖြစ်ခြင်း တစ်ဆယ့်ရှစ်ပါး တို့တည်း။

# ခုဒ္ဒကဝတ္ထုပါဠိ

## အပသန္တာန်ကို စွဲ၍ တဏှာဖြစ်ခြင်း ၁၈-ပါး

၉၇၅။ ထိုတွင် အဘယ်တို့သည် အပသန္တာန်ကို စွဲ၍ တဏှာဖြစ်ခြင်း တစ်ဆယ့်ရှစ်ပါးတို့ မည်သနည်း။

ဤရုပ်စသည်ဖြင့် ငါ ဖြစ်သည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါ ဤအပြားအားဖြင့် ဖြစ်သည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်သည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်သည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါဖြစ်လိမ့်မည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါဖြစ်လိမ့်မည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါ ဤသို့ ဖြစ်လိမ့်မည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါ တစ်ပါးသောအခြင်းအရာအားဖြင့် ဖြစ်လိမ့်မည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် အမြဲဖြစ်သည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် အမြဲ မဖြစ်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါ ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါ ဤအပြားအားဖြင့် ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် စင်စစ် ငါ ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် စင်စစ် ငါ ဤအပြားအားဖြင့် ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် စင်စစ် ဤသို့ ငါ ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် စင်စစ် ငါ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်ဟု ဖြစ်၏။

၉၇၆။ အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ငါ ဖြစ်သည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ဤရုပ်စသည်ဖြင့် ငါ ဖြစ်သည်ဟု လိုလားနှစ်သက် တပ်မက်မှု 'တဏှာ'ကို ရ၏။ ဤရုပ်စသည်ဖြင့် ငါ ဖြစ်သည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏၊ ဤရုပ်စသည်ဖြင့် ငါ ဖြစ်သည်ဟု အယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏၊ ထိုတဏှာ, မာန, ဒိဋ္ဌိ သုံးပါးအပေါင်းသည် ဖြစ်လတ်သော် ဤရုပ်စသည်ဖြင့် ငါ ဤအပြားအားဖြင့် ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်သည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ'တရားတို့ ဖြစ်ကုန်၏။ (၁)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါ ဖြစ်သည်"ဟု ဖြစ်သနည်း။

ဤရုပ်စသည်ဖြင့် ငါ မင်းမျိုးဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ ပုဏ္ဏားမျိုး ဖြစ်သည်ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ ကုန်သည်မျိုးဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သူဆင်းရဲမျိုးဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ (အိမ်နေသူ) လူဝတ်ကြောင် ဖြစ်သည်ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ ရဟန်းဖြစ်သည်ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ နတ်ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ လူသားဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ ရုပ်ရှိသူဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ နာမ်ရှိသူ ဖြစ်သည်ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သညာရှိသူ ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သညာမရှိသူ ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ် ဖြစ်သည်ဟူ၍ လည်းကောင်း ဤသို့လျှင် "ဤရုပ် စသည်ဖြင့် ဤအပြားအားဖြင့် ငါ ဖြစ်သည်"ဟု ဖြစ်၏။ (၂)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်သည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးဖြစ်သည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ

ပုဏ္ဏားမျိုးဖြစ်သည် ဟူ၍ လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသူလည်း မဟုတ် သညာမရှိသူလည်း မဟုတ် ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ် ဖြစ်သည် ဟူ၍ လည်းကောင်း၊ ဤသို့လျှင် "ဤရုပ် စသည်ဖြင့် ဤသို့ ငါဖြစ်သည်"ဟု ဖြစ်၏။ (၃)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်သည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးမဖြစ် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုး မဖြစ် ဟူ၍ လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ် ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်သည် မဖြစ်ဟူ၍ လည်းကောင်း ဤသို့လျှင် "ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါဖြစ်သည်" ဟု ဖြစ်၏။ (၄)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ငါ ဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို ဤရုပ်စသည်ဖြင့် ငါ ဖြစ်လိမ့်မည်ဟု လိုလားနှစ်သက်မက်မှု 'တဏှာ'ကို ရ၏။ ဤရုပ်စသည်ဖြင့် ငါ ဖြစ်လိမ့်မည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏၊ ဤရုပ်စသည်ဖြင့် ငါ ဖြစ်လိမ့်မည်ဟု အယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏၊ ထိုတဏှာ, မာန, ဒိဋ္ဌိ သုံးပါးအပေါင်းသည် ဖြစ်လတ်သော် ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ'တရားတို့ ဖြစ်ကုန်၏။ (၅)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

ဤရုပ်စသည်ဖြင့် ငါ မင်းမျိုးဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ငါ နာမ်ရှိသူ ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သညာရှိသူ ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သညာမရှိသူ ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ်သည် ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း ဤသို့လျှင် "ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါ ဖြစ်လိမ့်မည်"ဟု ဖြစ်၏။ (၆)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤသို့ ငါဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုး ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုး ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ်ဖြစ်လိမ့်မည် ဟူ၍ လည်းကောင်း ဤသို့လျှင် "ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်လိမ့်မည်"ဟု ဖြစ်၏။ (၇)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာ အားဖြင့် ငါ ဖြစ်လိမ့်မည်" ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုး ဖြစ်လိမ့်မည် မဟုတ် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါပုဏ္ဏားမျိုးဖြစ်လိမ့်မည် မဟုတ်ဟူ၍လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်း မဟုတ်, သညာ

မရှိသည်လည်း မဟုတ်သည် ဖြစ်လိမ့်မည် မဟုတ်ဟူ၍လည်းကောင်း ဤသို့လျှင် "ဤရုပ် စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်လိမ့်မည်" ဟု ဖြစ်၏။ (၈)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် အမြဲ ဖြစ်သည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ဤရုပ်စသည်ဖြင့် (အပျက်အစီးမရှိ) မြဲ၏ (နိစ္စဖြစ်၏)၊ ခိုင်ခန့်၏ (ဓုဝဖြစ်၏)၊ တည်တန့်၏ (သဿတ ဖြစ်၏)၊ ဖောက်ပြန်ခြင်းသဘောမရှိ (အဝိပရိဏာမဓမ္မ) ဖြစ်၏ဟု ဤသို့လျှင် ဤရုပ်စသည်ဖြင့် အမြဲဖြစ်သည် ဟု ဖြစ်၏။ (၉)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် အမြဲမဖြစ်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ဤရုပ်စသည်ဖြင့် ပြတ်လိမ့်မည်, ပျက်စီးလိမ့်မည်, ဖြစ်လိမ့်မည် မဟုတ်ဟု ဤသို့လျှင် ဤရုပ်စသည်ဖြင့် အမြဲမဖြစ်ဟု ဖြစ်၏။ (၁၀)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ငါ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ဤရုပ်စသည်ဖြင့် ငါ ဖြစ်ရာသည်ဟု လိုလားနှစ်သက်တပ်မက်မှု 'တဏှာ'ကို ရ၏။ ဤရုပ်စသည်ဖြင့် ငါ ဖြစ်ရာသည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏၊ ဤရုပ်စသည်ဖြင့် ငါ ဖြစ်ရာသည်ဟု အယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏၊ ထိုတဏှာ, မာန, ဒိဋ္ဌိသုံးပါးအပေါင်းသည် ဖြစ်လတ်သော် ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ' တရားတို့ ဖြစ်ကုန်၏။ (၁၁)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

ဤရုပ်စသည်ဖြင့် မင်းမျိုးဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ပုဏ္ဏားမျိုးဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ကုန်သည်မျိုးဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် သူဆင်းရဲမျိုးဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် (အိမ်နေသူ) လူဝတ်ကြောင်ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ရဟန်းဖြစ်ရာသည် ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် နတ်ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် လူသားဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ရုပ်ရှိသူ ဖြစ်ရာသည်ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် နာမ်ရှိသူဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ် စသည်ဖြင့် သညာရှိသူဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် သညာမရှိသူ ဖြစ်ရာသည်ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် သညာရှိသူလည်း မဟုတ်, သညာမရှိ သူလည်း မဟုတ် ဖြစ်ရာသည် ဟူ၍ လည်းကောင်း ဤသို့ "ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ဖြစ်ရာသည်" ဟု ဖြစ်၏။ (၁၂)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးဖြစ်ရာသည် ဟူ၍ လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ် ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိ သည်လည်း မဟုတ် ဖြစ်ရာသည် ဟူ၍ လည်းကောင်း ဤသို့လျှင် "ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၃)

အဘယ်သို့လျှင် “ဤရုပ်စသည်ဖြင့် တစ်ပါးသောအခြင်းအရာအားဖြင့် ငါ ဖြစ်ရာသည်”ဟု ဖြစ်သနည်း။ အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူမင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုး မဖြစ်ရာ ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုး မဖြစ်ရာ ဟူ၍ လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသည်လည်း မဟုတ်, သညာမရှိသည် လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်သည် မဖြစ်ရာ ဟူ၍ လည်းကောင်း ဤသို့လျှင် “ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်ရာသည်” ဟု ဖြစ်၏။ (၁၄)

အဘယ်သို့လျှင် “ဤရုပ်စသည်ဖြင့် စင်စစ် ငါ ဖြစ်ရာသည်”ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ဤရုပ်စသည်ဖြင့် စင်စစ် ငါ ဖြစ်ရာသည်ဟု လိုလားနှစ်သက်တပ်မက်မှု ‘တဏှာ’ကို ရ၏။ ဤရုပ် စသည်ဖြင့် စင်စစ် ငါ ဖြစ်ရာသည်ဟု ထောင်လွှားမှု ‘မာန’ကို ရ၏၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ ဖြစ်ရာသည် ဟု အယူမှားမှု ‘ဒိဋ္ဌိ’ကို ရ၏၊ ထိုထိုတဏှာ, မာန, ဒိဋ္ဌိသုံးပါးအပေါင်းသည် ဖြစ်လတ်သော် ဤရုပ် စသည်ဖြင့် ဤအပြားအားဖြင့် စင်စစ် ငါ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ဤသို့ ငါ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် စင်စစ် ငါ ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤခွဲ့ထွင်မှု “ပပဉ္စ”တရားတို့ ဖြစ်ကုန်၏။ (၁၅)

အဘယ်သို့လျှင် “ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် စင်စစ် ငါဖြစ်ရာသည်”ဟု ဖြစ်သနည်း။

ဤရုပ်စသည်ဖြင့် စင်စစ် ငါ မင်းမျိုးဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါပုဏ္ဏားမျိုး ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ ကုန်သည်မျိုး ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ သူဆင်းရဲမျိုးဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ (အိမ်နေသူ) လူဝတ်ကြောင်ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ် စသည်ဖြင့် စင်စစ် ငါ ရဟန်းဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ် စသည်ဖြင့် စင်စစ် ငါ နတ်ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ လူသား ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ ရုပ်ရှိသူဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ နာမ်ရှိသူဖြစ်ရာ၏ဟူ၍လည်းကောင်း၊ ဤရုပ် စသည်ဖြင့် စင်စစ် ငါသညာရှိသူ ဖြစ်ရာသည် ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ သညာမရှိသူဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ် စသည်ဖြင့် စင်စစ် ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်ရာသည်ဟူ၍ လည်းကောင်း ဤသို့လျှင် “ဤရုပ် စသည်ဖြင့် ဤအပြားအားဖြင့် စင်စစ် ငါ ဖြစ်ရာသည်”ဟု ဖြစ်၏။ (၁၆)

အဘယ်သို့လျှင် “ဤရုပ်စသည်ဖြင့် စင်စစ် ဤသို့ ငါ ဖြစ်ရာသည်”ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ မင်းမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါပုဏ္ဏားမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ သညာရှိသည်လည်း မဟုတ်, သညာ မရှိသည်လည်း မဟုတ် ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤသို့လျှင် “ဤရုပ်စသည်ဖြင့် စင်စစ် ဤသို့ ငါဖြစ်ရာသည်”ဟု ဖြစ်၏။ (၁၇)

အဘယ်သို့လျှင် “ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် စင်စစ် ငါ ဖြစ်ရာသည်” ဟုဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူမင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ မင်းမျိုး မဖြစ်ရာ ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ့ပုဏ္ဏားမျိုး မဖြစ်ရာဟူ၍လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်းမဟုတ် ဖြစ်ရာသကဲ့သို့ ထို့အတူ စင်စစ် ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ် မဖြစ်ရာဟူ၍လည်းကောင်း၊ ဤသို့လျှင် “ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် စင်စစ် ငါ ဖြစ်ရာသည်” ဟု ဖြစ်၏။ (၁၈)

ဤသည်တို့ကား သူတစ်ပါးသန္တာန်၌ ဖြစ်သော တရားကိုစွဲ၍ တဏှာဖြစ်ခြင်း တစ်ဆယ့်ရှစ်ပါး တို့တည်း။ ဤသို့လျှင် ဤသည်တို့သည် မိမိသန္တာန်၌ ဖြစ်သော တရားကို စွဲ၍ တဏှာဖြစ်ခြင်း တစ်ဆယ့်ရှစ်ပါး၊ ဤသည်တို့သည် သူတစ်ပါးသန္တာန်၌ ဖြစ်သော တရားကို စွဲ၍ တဏှာဖြစ်ခြင်း တစ်ဆယ့်ရှစ်ပါးတို့တည်း။ ထိုတရားတို့ကို တစ်ပေါင်းတည်း ရုံးစုချုပ်ချုံး၍ တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါး ဖြစ်ကုန်၏။ ဤသို့လျှင် ဤသို့သဘောရှိသော အတိတ်တဏှာဖြစ်ခြင်း သုံးဆယ့် ခြောက်ပါး၊ အနာဂတ်တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါး၊ ပစ္စုပ္ပန်တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါး ဖြစ်ကုန်၏။ ထိုတရားတို့ကိုတစ်ပေါင်းတည်း ရုံးစုချုပ်ချုံး၍ တဏှာဖြစ်ခြင်း တစ်ရာ့ရှစ်ပါး ဖြစ်သတည်း။

၉၇၇။ ထိုတွင် အဘယ်တို့သည် စကားပြေ ‘ဝေယျာကရဏ’ ဖြစ်သော ဗြဟ္မဇာလသုတ်၌ မြတ်စွာဘုရား ဟောကြားအပ်သော ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးတို့ ဖြစ်ကုန်သနည်း။

တည်မြဲ၏ဟု ယူခြင်း ဒိဋ္ဌိ (သဿတဝါဒ) လေးပါး၊ အချို့တည်မြဲ၏ဟု ယူခြင်း ဒိဋ္ဌိ (ဧကစ္စသဿတဝါဒ) လေးပါး၊ အဆုံးရှိ အဆုံးမရှိယူခြင်း ဒိဋ္ဌိ (အန္တာနန္တဝါဒ) လေးပါး၊ အမရာငါးကဲ့သို့ မတည်တံ့သောယူခြင်း ဒိဋ္ဌိ (အမရာဝိက္ခေပဝါဒ) လေးပါး၊ အကြောင်းကို မစွဲမူ၍ဖြစ်၏ဟု ယူခြင်း ဒိဋ္ဌိ (အဓိစ္စသမုပ္ပန္နဝါဒ) နှစ်ပါး၊ သညာ ရှိ၏ဟု ယူခြင်း ဒိဋ္ဌိ (သညီဝါဒ) တစ်ဆယ့်ခြောက်ပါး၊ သညာမရှိဟု ယူခြင်း ဒိဋ္ဌိ (အသညီဝါဒ) ရှစ်ပါး၊ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်းမဟုတ်ဟု ယူခြင်း ဒိဋ္ဌိ (နေဝသညာနာသညီဝါဒ) ရှစ်ပါး၊ ပြတ်စဲ၏ဟု ယူခြင်း ဒိဋ္ဌိ (ဥစ္ဆေဒဝါဒ) ခုနစ်ပါး၊ မျက်မှောက် (လောက) နိဗ္ဗာန်ရှိ၏ဟု ယူခြင်း ဒိဋ္ဌိ (ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ) ငါးပါး၊ ဤသည်တို့သည် စကားပြေ ‘ဝေယျာကရဏ’ ဖြစ်သော ဗြဟ္မဇာလသုတ်၌ မြတ်စွာဘုရား ဟောကြားအပ်သော ဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး တို့တည်း။

## ခုဒ္ဒကဝတ္ထုဝိဘင်း

## (ယုတ်ညံ့သော တရားများကို ဝေဖန်၍ ပြသော ဝိဘင်း)

## ပြီးပြီ။

------